# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၁၉)


**ဂုဏ်သတင်း ပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေးရာ၊ ဥပဒေရေးရာနှင့် လုံခြုံရေးရာ ညှိနှိုင်းရေးဝန်ကြီးနှင့် ဂျပန်သံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံရေးရာ၊ ဥပဒေရေးရာနှင့် လုံခြုံရေးရာညှိနှိုင်းရေးဝန်ကြီး ဒေါက်တာ အိတ်ချ်ဝီရန်တိုအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အကူအညီပေးရေးဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အင်ဒိုနီးရှားနိုင်ငံမှ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၆* ◆

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရော မာရုယာမ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

## ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တို့၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပေးပို့တင်ပြထားပြီးဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ် ၊၂/ ၂၀၁၈**

**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**

**(၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်)**

၁။ နိုင်ငံတော်သမ္မတသည် မိမိဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစု ပိုင်ဆိုင်မှုပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၂။ အလားတူ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ယခင်ခန့်အပ်ခဲ့သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ထပ်မံခန့်အပ်ခဲ့သည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တို့သည် လည်းကောင်း ၎င်းတို့၏စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများကို တန်ဖိုးနှင့်တကွစာရင်းပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပေးပို့တင်ပြထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

စာ » ၃

## နယ်စပ်၌ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပြဿနာနှင့် စပ်လျဉ်း၍ ဆွေးနွေး

စာ » ၄

## ဂျေရုဆလင်၌ အမေရိကန်သံရုံးဖွင့်လှစ်ရန် အတွက် အစ္စရေးသို့စေလွှတ်မည့် ကိုယ်စားလှယ်အဖွဲ့ကို ထရန့်ကြေညာ

စာ » ၁၄

## ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ




မြန်မာ့အလင်း

# စိုက်ပျိုးရေးထွက်ကုန် အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေး

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်ရာ၌ ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သောကြောင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ခြင်းသည် အလျင်အမြန် လက်တွေ့အကောင်အထည်ဖော်နိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ရာ၌လည်း သမားရိုးကျစိုက်ပျိုးရေးထွက်ကုန်များအပြင် အမယ်သစ်များကိုလည်း တိုးချဲ့တင်ပို့နိုင်ရန် လိုအပ်ပါသည်။

အဆိုပါ အမျိုးသားရေးလိုအပ်ချက်နှင့်အညီ ရှမ်းပြည်နယ်တောင်ပိုင်းဒေသများမှထွက်သော ချင်း(ဂျင်း)တို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်သော ချင်း(ဂျင်း)တို့သည် ကျစ်လျစ်၍ အသားမာပြီး ပိုမိုအနံ့ပြင်းသောကြောင့် ပြည်ပနိုင်ငံတို့မှ ကြိုက်နှစ်သက်ကြသည်ဟုလည်း သိရှိရပါသည်။ မြန်မာနိုင်ငံ၌ ချင်း(ဂျင်း) စိုက်ဧက ၂၀၀၀၀ ကျော်ရှိပါသည်။ အဆိုပါ စိုက်ဧက နှစ်သောင်းကျော်မှ ထွက်ရှိသော ချင်း(ဂျင်း)တို့အနက် ပြည်တွင်း စားသုံးမှုထက် ပိုလျှံသော ချင်း(ဂျင်း)တန်ချိန် နှစ်သောင်းခန့်ကို ပြည်ပသို့ တင်ပို့လျက်ရှိပါသည်။ ပြည်ပသို့ ချင်း(ဂျင်း)တင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရရှိလျက် ရှိပါသည်။

တခြားသော ပြည်ပပို့ကုန်ဖြစ်လာနိုင်သည့် စိုက်ပျိုးရေးထွက်ကုန်အမယ်သစ်တစ်မျိုးမှာ ဘရာဇီးငှက်ပျောဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၌ ဘရာဇီးငှက်ပျောကို ဧက နှစ်ထောင်ခန့် စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရှိရပါသည်။ ထွက်ရှိလာသော ဘရာဇီးငှက်ပျောတို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ပါသည်။ ပြည်တွင်း၌ ဖီးကြမ်းငှက်ပျောမျိုးအပါအဝင် ဒေသပင်ရင်းငှက်ပျောတို့ကို မန္တလေးတိုင်းဒေသကြီးကဲ့သို့သော ဒေသများတွင် နှစ်ပေါင်းများစွာ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသော်လည်း ပြည်ပဈေးကွက်မရှိခြင်းကြောင့် လုပ်ငန်းတိုးချဲ့နိုင်စွမ်းမရှိ ဖြစ်နေပါသည်။ ဘရာဇီးငှက်ပျော၏ အားသာချက်မှာ နိုင်ငံတကာအဆင့်မီ စိုက်ပျိုးထုတ်လုပ်နိုင်ပါက တင်ပို့နိုင်သောဈေးကွက် အဆင်သင့်ရှိနေခြင်း ဖြစ်ပါသည်။

ချင်း(ဂျင်း)ကို ဖြစ်စေ၊ ဘရာဇီးငှက်ပျောကိုဖြစ်စေ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူတို့အား သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီရန်လိုအပ်ပါသည်။ ဘရာဇီးငှက်ပျောမျိုးဆိုပါက မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်၍ မျိုးကောင်းမျိုးသန့်ရရှိရေးအပါအဝင် စိုက်ပျိုးရေးနည်းစနစ် တိကျမှန်ကန်စေရန် သက်ဆိုင်ရာ စိုက်ပျိုးရေးအဖွဲ့အစည်းတို့က ဝိုင်းဝန်းပံ့ပိုးပေးမည်ဆိုပါက ပိုမိုထိရောက်အောင်မြင်မည် ဖြစ်ပါသည်။ ဘရာဇီးငှက်ပျောစိုက်ပျိုးမည့် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီဖြစ်ပါကလည်း နည်းပညာလွှဲပြောင်းပေးခြင်း ဖြစ်ပေါ်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းတို့က ညှိနှိုင်းဆောင်ရွက်ပေးရန် အကြံပြုတင်ပြလိုပါသည်။ ပြည်ပပို့ကုန် စိုက်ပျိုးရေးထွက်ကုန်အမယ်သစ်များ တိုးချဲ့၍ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် ဘဏ္ဍာရေးပံ့ပိုးမှုအပါအဝင် တခြားသော ပံ့ပိုးမှုများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးက လက်တွဲညီညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးကို အမျိုးသားရေးဟု ခံယူလျက် တက်တက်ကြွကြွ ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်ကြပါရန် လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# မုံရွာမြို့တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား ကျင်းပ



**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် "လူတိုင်းအတွက် အမြဲကူညီ နေရာတိုင်းမှာ ကြက်ခြေနီ" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက် အမှာစကားပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌက ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီး ကြက်ခြေနီအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်က ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တရားသူကြီးချုပ်တို့က စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ် ၁၂ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ) **ဝင်းဦး(ဇေယျာတိုင်း)**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ဆောင်ရွက်နေမှုတင်ပြခြင်းနှင့် အခြေခံပညာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများလုပ်ဆောင်ခြင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပ

**ကော့သောင်း မေ ၈**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(NESP) ဆောင်ရွက်နေမှုတင်ပြခြင်းနှင့် အခြေခံပညာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ လုပ်ဆောင်ခြင်း ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(NESP) လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန) ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့နယ်ပညာရေးမှူး ဦးမျိုးလွင်၊ မြိတ်တက္ကသိုလ်မှ ဒုတိယပါမောက္ခ ချုပ်နှင့် ပါမောက္ခများ၊ ထားဝယ်ပညာရေးကောလိပ်မှ ကထိကကြီးများ၊ မြိတ်ခရိုင်စု ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်များမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ နိုင်ငံရေးပါတီများ၊ ပညာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြင်ပအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးက အမှာစကားပြောကြားပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့(သုတေသန) ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ယင်းနောက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) လုပ်ငန်းအဖွဲ့ဝင် ဒေါက်တာဒေါ်လီလီမြင့်နှင့် ဒေါက်တာဒေါ်ဌေးရီတို့က အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) လုပ်ငန်းဆောင်ရွက်နေမှုနှင့် အခြေခံပညာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ လုပ်ဆောင်မည့် အစီအစဉ်များအား အသီးသီးရှင်းလင်းပြောကြားပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ကော့သောင်းမြို့နယ်ပညာရေးမှူး ဦးမျိုးလွင်နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန) ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းတို့က အမှာစကားပြောကြားသည်။ ယင်းနောက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ဒေါက်တာဒေါ်လီလီမြင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ပညာရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြင်ပအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ အစုအဖွဲ့ ၁၀ ဖွဲ့ခွဲကာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များဖြစ်သည့် သင်ကြားသင်ယူမှုတိုးတက်လာရေး၊ ကျောင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်လာရေး၊ ကလေးများ၏ ပညာရေးတွင် မိဘများ ပိုမိုတက်ကြွစွာ ပါဝင်လာရေး၊ မည်သည့်ကျောင်းနေအရွယ် ကလေးတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးဆိုင်ရာ ဆန်းစစ်မေးခွန်းလွှာများအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၈-၅-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |

**စက်သုံးဆီဈေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၅/၈၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၉ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ ·၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ၁၈၁၉ ·၀ |
| ဂျပန် | ၁၀၀ ယန်း | ၁၂၃၀ ·၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ၁၀၀၇ ·၈ |
| တရုတ် | တစ်ယွမ် | ၂၁၀ ·၄၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ·၉၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ၁၂၄ ·၃၃ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၁၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၆၃ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေးရာ၊ ဥပဒေရေးရာနှင့် လုံခြုံရေးရာညှိနှိုင်းရေးဝန်ကြီး ဒေါက်တာ အိတ်ချ် ဝီရန်တိုအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်ခံတွေ့ဆုံ**

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Ichiro MARUYAMA (မစ္စတာ အိချိရော မာရုယာမ) အားနံနက် ၁၁ နာရီတွင် လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် မေ ၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H . E. Mr. Ichiro MARUYAMA အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင်ဂျပန်- မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမို ခိုင်မာစေရေး၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H . E. Mr. Ichiro MARUYAMA အား လက်ခံတွေ့ဆုံစဉ်။**

**သတင်းစဉ်**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များမှ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့နယ်များမှ ကိုယ်ဝန်ဆောင်ချိန်မှစတင်ပြီး ကလေးမွေးဖွားပြီး အသက်နှစ်နှစ်အထိ လစဉ်ထောက်ပံ့ကြေးအဖြစ်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက်ကို ၂၀၀၉ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂ အမှုဆောင်ချုပ်များ ဘုတ်အဖွဲ့က တစ်ကမ္ဘာလုံးဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက်များရှိစေရေး၊ ကမ္ဘာတစ်ဝန်းဆောင်ရွက်မည့် လုပ်ငန်းတစ်ရပ်ကို အတည်ပြုခဲ့သည်။

လူမှုကာကွယ် စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက် လုပ်ငန်းသည် အခြေခံဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်မှု၊ ဆင်းရဲနွမ်းပါးသူများနှင့် ဘဝရပ်တည်ရန် ခက်ခဲသူများထံ လူမှုပံ့ပိုးမှုများကို အားပေးမြှင့်တင်ရန်၊ အနိမ့်ဆုံးရရှိသည့် ဝင်ငွေနှင့် စားဝတ်နေရေး လုံခြုံမှုဖြည့်ဆည်းပေးရေးနှင့် မရှိမဖြစ်လိုအပ်သောပစ္စည်းများ ဝန်ဆောင်မှုများကို တောင်းခံနိုင်မှုနှင့် ရယူအသုံးပြုနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သောပစ္စည်းများနှင့် ဝန်ဆောင်မှုအခြေခံအဆင့်ဖြည့်ဆည်းပေးနိုင်မှု တိုးတက်မြင့်မားစေရေး၊ လွယ်ကူချောမွေ့စေမည့် အခြေခံလူ့အခွင့်အရေးများနှင့် ပံ့ပိုးမှုများ ပါဝင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့နယ်များရှိ ကိုယ်ဝန်ဆောင်မှ အမျိုးသမီးများနှင့် အသက်နှစ်နှစ်အရွယ်အထိ ကလေးငယ်များကို လစဉ်ထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင် မိခင်နှင့်ကလေး ၆၇၄၅ ဦးအား ငွေကျပ်၁၀၁၇၅၀၀၀ အားလည်းကောင်း စုစုပေါင်းငွေကျပ် ၂၂၆၅၄၅၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# နယ်စပ်ဒေသ၌ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပြဿနာနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မေ ၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti ဦးဆောင်သည့် ပူးတွဲငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့ (Joint Peace Fund - JPF) အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့ ( JPF ) စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် အခြေအနေ၊ တပ်မတော်မှ ငြိမ်းချမ်းရေးမူဝါဒ ခြောက်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့ (JPF) က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ရာ၌ ဖြစ်စဉ် ဖြစ်ရပ်အမှန်အတိုင်း လေ့လာသိရှိဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**လက်ခံတွေ့ဆုံ**

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးရာ ညှိနှိုင်းရေးဝန်ကြီး ဒေါက်တာ အိတ်ချ် ဝီရန်တို ဦးဆောင်သည့်အဖွဲ့အား မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အတိုင်း ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ မြန်မာ-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၌ရှိနေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းပြဿနာ၊ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုပြဿနာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းကြီးများ လုံခြုံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး




**နေပြည်တော် မေ ၈**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်အစည်းအဝေးကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ယနေ့ ညနေပိုင်းတွင် ကျင်းပခဲ့သည်။

အဆိုပါဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦး၊ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Zhao Kezhi ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု၊ မဲခေါင်ဒေသတွင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ လောင်းကစားမှုများအား တားဆီးနှိမ်နင်းရေး၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းကြီးများ လုံခြုံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အစည်းအဝေးမှတ်တမ်းကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြပြီး **(ဝဲပုံ)** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက မြန်မာနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနသို့ ကူညီထောက်ပံ့ပေးသည့် ယွမ် ၁၄ ဒသမ ၄ သန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထောက်အကူပြုပစ္စည်းများ၊ ယွမ် ငါးသန်းတန်ဖိုးရှိ ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများနှင့် မှုခင်းစုံစမ်းစစ်ဆေးရေး အထောက်အကူပြုပစ္စည်းများ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်က ၁၈ ဒသမ ၉ သန်းတန်ဖိုးရှိ တရားဥပဒေစိုးမိုးရေးတွင် အသုံးပြုရန် မော်တော်ယာဉ်များ လှူဒါန်းခြင်းတို့အတွက် အထောက်အထား စာရွက်စာတမ်းများ ပေးအပ်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Zhao Kezhi ဦးဆောင်၍ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၏ ဖိတ်ကြားချက်အရ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ယနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# National ID သည် အမျိုးသားလုံခြုံရေးအတွက် အဓိကကျသဖြင့် စနစ်တကျဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်

နေပြည်တော် မေ ၈

**မြန်မာနိုင်ငံတွင် National Electronic Identity (Ne-ID) စနစ် ဆောင်ရွက်နိုင်ရန် လေ့လာတွေ့ရှိချက်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ e-Government ဦးဆောင်ကော်မတီဝင်များဖြစ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဝန်ကြီးဌာနအသီးအသီးမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူတစ်ဦးချင်းစီ၏ Biometric အချက်အလက်များရယူ၍ Unique Identity (UID) နံပါတ်ထုတ်ပေးပြီး Ne-ID စနစ် ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ Unique Identity (UID) အချက်အလက်များကို အခြေခံ၍ ပြည်သူကိုဝန်ဆောင်မှုပေးသောလုပ်ငန်းများနှင့် ချိတ်ဆက်မှုဝေသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ သားစိစစ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်၍ Smart Card ကို ပြောင်းလဲထုတ်ပေးနိုင်သည့်စနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်းကို သုံးသပ်တွေ့ရှိပါကြောင်း၊ Ne-ID စနစ်သည် e-Government စနစ် အကောင်အထည်ဖော်ရာတွင် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းအတွက် အခြေခံကျသည့် အထောက်အကူပြုလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ National ID data basic ကို တည်ဆောက်ပြီး e-Government ကို အထောက်အကူပြု ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ National ID သည် အမျိုးသားလုံခြုံရေးအတွက် အဓိကကျသဖြင့် အဘက်ဘက်မှသုံးသပ်၍ စနစ်တကျဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက Ne-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လေ့လာတွေ့ရှိချက်များ၊ နိုင်ငံတကာ၌ Smart Card အသုံးပြု ဆောင်ရွက်နေမှုများနှင့် အားနည်းချက်၊ အားသာချက်များ၊ Ne-ID စနစ်အတွက် Unique Identity (UID) စနစ်စတင်ဆောင်ရွက်၍ ပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်မည့် အခြေအနေ များ၊ Ne-ID စနစ်ဖြင့် Smart Card ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုမှုကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် e-Government ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်က နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာရရှိပြီး မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် လိုအပ်သည့်အဖွဲ့



အစည်းများဖွဲ့စည်း၍ အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ ပြုစုထုတ်ပြန်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို လည်းကောင်း၊ တက်ရောက်လာကြသူများက လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ ဆောင်ရွက်သင့်သည့် အကြံပြုချက်များ၊ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို လည်းကောင်း အသေးစိတ်သုံးသပ်ဆွေးနွေး အကြံပြုရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော်  မေ  ၈**

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီ တွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ကော်မတီဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




● *ကျောဖုံးမှ*

အကောင်းဆုံးအလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု မိမိထင်မြင်ပါကြောင်း။

မြန်မာနိုင်ငံသည် အလွန်ရှည်လျားလှသည့် လမ်းခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ပြီ ဖြစ်ပါကြောင်း၊ လျှောက်လှမ်းရသည့် ခရီးရှည် ထပ်မံရှိနေသေးသည့်အတွက် စိတ်ပိုင်းဖြတ်ပြီး လွန်စွာမြင့်မားလှသည့် ရည်မှန်းချက်ပန်းတိုင်များကိုလည်း ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ခရီးလမ်းသည် ရှည်လျားပြီး အဖုအထစ်များ များလှသည့် လမ်းဖြစ်မည်ဆိုပါကလည်း မိမိတို့အနေဖြင့် အဆိုပါလမ်းကို အဆွေတော်တို့နှင့်အတူ ဂုဏ်ယူစွာဖြင့် လျှောက်လှမ်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ (**အပေါ်ပုံ**) ညစာစားပွဲကို အတူတကွ သုံးဆောင်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အင်ဒိုနီးရှားနိုင်ငံ ညှိနှိုင်းရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘော နေ့လယ်စာ စားပွဲဖြင့် တည့်ခင်းဧည့်ခံ

**နေပြည်တော်  မေ  ၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရ၏အဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး ဒေါက်တာ အိတ်ချ်ဝီရန်တို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၇ ရက် ညပိုင်းက နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အင်ဒိုနီးရှားနိုင်ငံ ညှိနှိုင်းရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ M-Gallery Hotel ၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (ဝဲပုံ)

ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ညှိနှိုင်းရေးဝန်ကြီးနှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး သားငါးကဏ္ဍဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကွင်းဆင်းစစ်ဆေး

**နေပြည်တော်  မေ  ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာအနီးရှိ တွံတေးငါးလုပ်ငန်းစခန်းအား မေ ၅ ရက်က သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစခန်းရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဒေသအတွင်း သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေး၊ သားငါးကဏ္ဍဆိုင်ရာ တိုးချဲ့ပညာပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိမိဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝစေရေးအတွက် ခေတ်မီနည်းပညာအသစ်များ မျက်ခြည်မပြတ်လေ့လာဆည်းပူးကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ငါးလုပ်ငန်းစခန်း၏ လက်ရှိဆောင်ရွက်နေမှုများ၊ ငါးသားပေါက်ထုတ်လုပ်မှု လျာထားချက်၊ ထုတ်လုပ်ဆောင်ရွက်နိုင်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အခြေအနေများအား ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ် သိက္ခာပိုင်း ဖြောင့်မတ်မှန်ကန်စွာ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘဏ္ဍာငွေကြေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဒေသတာဝန်ရှိသူများ၏ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များတွင် မိမိတို့ကျရာအခန်းကဏ္ဍမှ အထောက်အပံ့ကောင်းများအဖြစ် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရှင်းလင်းဆောင်အတွင်း ပြသထားသည့် စမ်းသပ်ဖောက်လုပ်မည့် တိုင်းရင်းငါးများ၊ လက်ရှိသားဖောက်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ရေချိုငါးများကို လည်းကောင်း၊ ဒေသတွင်း ငါး၊ ပုစွန် ကျန်းမာမှုအတွက် အထောက်အကူပြုစေမည့် ငါးလုပ်ငန်းစခန်းအတွင်းရှိ ငါး၊ ပုစွန်ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေးဓာတ်ခွဲခန်းကို လည်းကောင်း၊ တွံတေးစခန်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များမှ မွေးမြူထားသည့် ငါးမွေးမြူရေးကန်များအား လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**



# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော်  မေ  ၈**

ထူးခြားသည့် နေ့အပူချိန်များမှာ အောင်လံမြို့ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီ ဂရိတ်စီနှင့် တောင်ငူမြို့နှင့် ဖြူးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၁ ဒသမ ၅၄ လက်မ ၊ တီးတိန်မြို့နှင့် ပေါင်မြို့တို့တွင် ၁ ဒသမ ၃၈ လက်မစီ၊ ဆောမြို့တွင် ဝ ဒသမ ၉၅ လက်မ၊ မတူပီမြို့တွင် ဝ ဒသမ ၈၃ လက်မ၊ မုဒုံမြို့တွင် ဝ ဒသမ ၇၉ လက်မနှင့် မော်လမြိုင်မြို့တွင် ဝ ဒသမ ၅၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းလွှာပုံစံတင်ပြခြင်း

ဒေါက်တာမိုမိုသန့်၊ ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၉ ခုနှစ်မှာ ပြောင်းလဲအသုံးပြုမယ့် သမိုင်းဘာသာရပ် မေးခွန်းပုံစံသစ်ဟာ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူတို့အတွက် ဖတ်စာအုပ်ကို အလွတ်ကျက်မှတ်ဖြေဆိုရမှု လျော့နည်းစေပြီး ပိုင်းခြားဝေဖန် စဉ်းစားတွေးခေါ်နိုင်မှု (Critical thinking) ကို ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်တယ်။ မေးခွန်းပုံစံသစ်အရ သင်ခန်းစာတွေကို စ၊ လယ်၊ ဆုံး ကောင်းစွာနားလည်သဘောပေါက်ပြီးမှ ချိန်ဆ စဉ်းစားပိုင်းခြားဝေဖန်ပြီး ဖြေဆိုရမယ့်မေးခွန်းမျိုး ဖြစ်တယ်။ ပဓာနကျတဲ့ သမိုင်းဆိုင်ရာ အသိသညာ (Prime Historical Concepts) တွေကို သိမြင်နားလည်စေဖို့ ဦးတည်တဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။

### အနည်းငယ်သာ ပြင်ဆင်ပြောင်းလဲထား

သင်ရိုးညွှန်းတမ်းအနေနဲ့ ပြောင်းလဲမှုရှိမှာမဟုတ်ဘဲ မူလအတိုင်း မြန်မာ့သမိုင်းနဲ့ ကမ္ဘာ့သမိုင်းဆိုပြီး ဖတ်စာအုပ် ၂အုပ် ပြဋ္ဌာန်းမှာဖြစ်တယ်။ ပြောင်းလဲတဲ့ မေးခွန်းပုံစံဟာ အလုံးစုံပြောင်းလဲခြင်းမဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ သင်ကြား၊ သင်ယူမှုအခြေအနေ၊ စာစစ်အတွေ့အကြုံ၊ ဘာသာရပ်ရဲ့သဘောသဘာဝနဲ့ ဘာသာရပ်လိုအပ်ချက်တို့အပေါ် အစစအရာရာချိန်ထိုးပြီးမှ အနည်းငယ်သာ ပြင်ဆင်ပြောင်းလဲထားခြင်း ဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူတို့နဲ့ ဘာသာရပ်တို့အတွက် ပိုမိုအကျိုးဖြစ်ထွန်းစေဖို့ရည်ရွယ်ပြီး အပိုင်းကဏ္ဍအချို့ကိုသာ မွမ်းမံပြင်ဆင်ထားတာ ဖြစ်တယ်။

၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း(က)၊ အပိုင်း(ခ)၊ အပိုင်း(ဂ)၊ အပိုင်း(ဃ)ဆိုပြီး အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်း အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီ၊ ပုဒ်ခွဲတစ်ခုစီမှာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံမိအောင် မေးထားတဲ့ မေးခွန်းဖြစ်တယ်။

မေးခွန်းအပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ဆိုပြီး ပါရှိမှာဖြစ်တယ်။

### ဖြတ်ထိုးဉာဏ်ကို ဆန်းစစ်တဲ့မေးခွန်းဖြစ်

နံပါတ် ၁။ (က) မေးခွန်းက **"အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင် ရေးပါ"** ဟူ၍ ဖြစ်တယ်။ (၁)မှ (၁၀) အထိ ၁၀ ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်ပါရှိမှာ ဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ်ဖြစ်တယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းများဟာ ကျောင်းသူ၊ ကျောင်းသားများရဲ့ ဘာသာရပ်တွင် ကျေညက်မှု၊ စဉ်းစားတွေးခေါ်မှုကိုအားပေးပြီး ဖြတ်ထိုးဉာဏ်ကို ဆန်းစစ်တဲ့မေးခွန်း ဖြစ်ပါတယ်။

မေးခွန်းအပိုင်း ၁။(ခ)မှာ (၁) မှ (၁၀) ထိပါဝင်ပြီး **အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ)တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါ** ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀)ပုဒ်ပါရှိမှာ ဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ်ဖြစ်တယ်။ သင်ခန်းစာများကို လေ့လာရာမှာ အရေးကြီးတဲ့ အချက်ဟာ ဘာလဲဆိုတာ ကျောင်းသား၊ ကျောင်းသူများရဲ့ ဆင်ခြင်တွေးခေါ်မှုနဲ့ စဉ်းစားဉာဏ်ကို ဖော်ထုတ်လေ့လာ ဆန်းစစ်တာပဲဖြစ်တယ်။ ဒီအပိုင်းမှာတော့ ယခင်နှစ်က မေးခွန်းမှာပါခဲ့တဲ့ **"မှား" သို့မဟုတ် "မှန်" ရွေးခိုင်းတဲ့** မေးခွန်း (အပုဒ်ငယ် (၅) ပုဒ်) ကို ဖြုတ်လိုက်ပြီး(က) (ခ)(ဂ)ထဲမှ အဖြေမှန်တစ်ခုရွေးခိုင်းတဲ့ မေးခွန်းကို (အပုဒ်ငယ် (၅) ပုဒ်မှ (၁၀) ပုဒ်သို့) ပုဒ်ရေတိုးပြီး မေးထားတာဖြစ်တယ်။

### နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေး

မေးခွန်းအပိုင်း(ခ) မှ ပုဒ်ခွဲ(၂)ဟာ **အောက်ပါတို့အနက်မှ လေးပုဒ်ကို မှတ်စုတိုရေးပါ** ဖြစ်တယ်။ (က) မှ (ဇ)အထိ ပါပြီး မြန်မာ့သမိုင်း(၄)ပုဒ်နှင့် ကမ္ဘာ့သမိုင်း(၄)ပုဒ်တို့ ပါဝင်တယ်။ နှစ်သက်ရာ(၄)ပုဒ်ကို ဖြေဆိုရန် ဖြစ်ပါတယ်။ တစ်ပုဒ်ရမှတ်မှာ (၅)မှတ်ဖြစ်ပြီး (၂၀)မှတ်ဖိုး ဖြေဆိုရမှာ ဖြစ်တယ်။ သင်ရိုးပါ သင်ခန်းစာများမှ အဓိကမှတ်သားသင့်တဲ့ အချက်များကို နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။ အလွတ်ကျက်ထားတဲ့စာကို ပြန်လည်ဖြေဆိုခြင်းမျိုး မဟုတ်ဘဲ အဓိကအချက်ကို စဉ်းစားတွေးခေါ်နိုင်ရန် ဖြစ်ပါတယ်။ အပိုင်း (ခ)အပိုင်းမှာ ပြင်ဆင်မှုမရှိဘဲ ၂၀၁၈ မေးခွန်းပုံစံအတိုင်း ဖြစ်တယ်။

### ဆက်စပ်ပြီး ဖြေဆိုရမှာဖြစ်

အပိုင်း(ဂ)နှင့် (ဃ)ဟာ စာစီစာကုံးပုံစံဖြစ်ပြီး သမိုင်းအကြောင်းအရာနှင့် ပတ်သက်ပြီး ဆက်စပ်တွေးခေါ်တတ်ရန်၊ ကျောင်းသား၊ ကျောင်းသူ၏ ကိုယ်ပိုင်အမြင်ကို တင်ပြဖော်ထုတ်တတ်ရန် မေးထားတာဖြစ်တယ်။ မှတ်စုရှည်ရေးရမှာဖြစ်ပြီး သမိုင်းအကြောင်းအရာ၊ အချက်အလက်များကို ဆက်စပ်ပြီး ဖြေဆိုရမှာ ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ဂ) ပုဒ်ခွဲ (၃)မှာ **အောက်ပါတို့အနက်မှ နှစ်ပုဒ်ကိုဖြေဆိုပါ** ဖြစ်တယ်။ စာစီစာကုံး ပုံစံဖြစ်တယ်။ မြန်မာ့သမိုင်းမေးခွန်းများဖြစ်ပြီး ယခင်က စုစုပေါင်း (၅) ပုဒ်ပါရှိခဲ့ပြီး ယခုမေးခွန်း မှာတော့ စုစုပေါင်း (၄) ပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း(၄)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ(၁၅)မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀)မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (ဃ) ပုဒ်ခွဲ (၄)မှာ**အောက်ပါတို့အနက်မှ နှစ်ပုဒ်ကိုဖြေဆိုပါ** ဖြစ်တယ်။ စာစီစာကုံးပုံစံဖြစ်တယ်။ ကမ္ဘာ့သမိုင်းမေးခွန်းများဖြစ်ပြီး ယခင်က စုစုပေါင်း (၅) ပုဒ်ပါရှိခဲ့ပြီး ယခု မေးခွန်းမှာတော့ စုစုပေါင်း (၄) ပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း(၄)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာ ဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅)မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

၂၀၁၈ မေးခွန်းဟောင်းရဲ့ စုစုပေါင်းပေးမှတ်ကတော့ (၂၁၀) ဖြစ်ပြီး ယခု ၂၀၁၉ မေးခွန်းရဲ့ စုစုပေါင်းပေးမှတ်မှာ (၁၈၀)မှတ် ဖြစ်တယ်။ မေးခွန်း၏ အမှတ်ပြည့်မှာအမှတ် (၁၀၀) ဖြစ်ပြီး အောင်မှတ်မှာ (၄၀) ဖြစ်ပါတယ်။

### တွေးခေါ်ဆင်ခြင်မှုကို အားပေး

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲသမိုင်းဘာသာရပ် မေးခွန်းလွှာပုံစံဟာ သမားရိုးကျ အလွတ်ကျက်မှတ် ဖြေဆိုတာကိုချည်းအားမပေးဘဲ ကျောင်းသား၊ ကျောင်းသူများရဲ့ တွေးခေါ် ဆင်ခြင်မှုကိုလည်း အားပေးတဲ့ ဓမ္မဓိဋ္ဌာန်ပုံစံ၊ သင်ရိုးပါ သင်ခန်းစာများမှ အဓိကမှတ်သားသင့်တဲ့ အချက်များကို နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေးတဲ့ မှတ်စုတိုပုံစံ၊ သမိုင်းအကြောင်းအရာကို ဆက်စပ်ပြနိုင်ပြီး အကြောင်းအရာများကို ဝေဖန်သုံးသပ်ချက်များနှင့် စာစီစာကုံးပုံစံရေးရမယ့် မေးခွန်းရှည်ဆိုပြီး မတူကွဲပြားတဲ့ ချဉ်းကပ်မှုတွေနဲ့ ချဉ်းကပ်ဖြေဆိုတတ်အောင် ပြင်ဆင်ထားတဲ့ မေးခွန်းပုံစံ ဖြစ်ပါတယ်။ မေးခွန်းတစ်ခုလုံးဟာ ပြဋ္ဌာန်းစာအုပ်တွေကို လွှမ်းခြုံပြီး ဖြေနိုင်ဖို့ ဦးတည်ထားတဲ့ မေးခွန်းပဲဖြစ်တယ်။ ဒါကြောင့် ကျောင်းသူ၊ ကျောင်းသားများကို သမိုင်းရဲ့သဘော အကဲဖြတ်တတ်ခြင်း၊ ကောက်ချက်ချတတ်ခြင်း၊ ဆန်းစစ်ဝေဖန်တတ်ခြင်း၊ သင်ခန်းစာယူတတ်ခြင်း စတဲ့ သမိုင်းအမြင် ရင့်သန်လာစေဖို့ အထောက်အကူပြုတဲ့ မေးခွန်းပုံစံ ဖြစ်ပါတယ်။

### ကျေညက်အောင် လေ့လာရမှာဖြစ်

ဒါ့အပြင် ကျောင်းသူ၊ ကျောင်းသားများကို အကြံပြုချင်တာကတော့ သမိုင်းဘာသာရပ်ကို လေ့လာရာမှာ ပြဋ္ဌာန်းစာအုပ်ရဲ့တစ်စိတ်တစ်ပိုင်းကိုသာ ရွေးချယ်လေ့လာကျက်မှတ်တာမျိုးမလုပ်ဘဲ၊ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို ကျေညက်အောင် လေ့လာရမှာ ဖြစ်တယ်။ ၂၀၁၉ မေးခွန်းဟာ ၂၀၁၈ မေးခွန်းနှင့် သိပ်ကွာခြားတဲ့ ပြောင်းလဲမှု မရှိပါဘူး။ ကျောင်းသားများရဲ့ဆင်ခြင်တွေးခေါ်မှုနဲ့ စဉ်းစားဆင်ခြင်ဉာဏ်ကို ရင့်သန်စေဖို့ ဦးတည်ပြီး အနည်းငယ်သာ ပြောင်းလဲထားတာ ဖြစ်တယ်။ ဒါ့ကြောင့် ကျောင်းသူ၊ ကျောင်းသားများအတွက် အခက်အခဲမရှိဘဲ ဖြေဆိုနိုင်မယ့် မေးခွန်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

(နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် (၁၀-၅-၂၀၁၈) ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။)

### ၂၀၁၉ ခုနှစ် မတ်လတွင် စတင်အသုံးပြုမည့် တက္ကသိုလ်ဝင်တန်း မေးခွန်းပုံစံသစ်နှင့် ၂၀၁၈ ခုနှစ်အထိ ကျင့်သုံးလျက်ရှိသည့် မေးခွန်းပုံစံတို့ နှိုင်းယှဉ်ဇယား

| လက်ရှိမေးခွန်းပုံစံ | | | မေးခွန်းပုံစံသစ် | | |
|---|---|---|---|---|---|
| မေးခွန်းနံပါတ် | သင်ခန်းစာ | ပေးမှတ် | မေးခွန်းနံပါတ် | သင်ခန်းစာ | ပေးမှတ် |
| အပိုင်း (က) ၁။(က) | အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။<br>(၁၀) ပုဒ်မေး (၁၀) ပုဒ်ဖြေ၊<br>(၁) မှ (၅) မြန်မာ့သမိုင်း<br>(၆) မှ (၁၀) ကမ္ဘာ့သမိုင်း | (၁၀)မှတ် | အပိုင်း (က) ၁။(က) | အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။<br>(၁၀) ခုမေး (၁၀) ခုဖြေ၊<br>(၁) မှ (၅) မြန်မာ့သမိုင်း<br>(၆) မှ (၁၀) ကမ္ဘာ့သမိုင်း | (၁၀)မှတ် |
| ၁။ (ခ) | အောက်ဖော်ပြချက်များကို "မှား" (သို့မဟုတ်) "မှန်" ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။<br>(၅) ပုဒ်မေး (၅) ပုဒ် ဖြေ၊<br>(၁) မှ (၃) မြန်မာ့သမိုင်း<br>(၄) မှ (၅) ကမ္ဘာ့သမိုင်း | (၅) မှတ် | | | |
| ၁။ (ဂ) | အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီ အတွက် ပေးထားသောအဖြေ (က) (ခ) (ဂ)တို့အနက်မှ အဖြေမှန်တစ်ခု ကို အဖြေစာအုပ်တွင် ရေးပါ။<br>(၅) ပုဒ်မေး (၅) ပုဒ် ဖြေ၊<br>(၁) မှ (၂) မြန်မာ့သမိုင်း<br>(၃) မှ (၅) ကမ္ဘာ့သမိုင်း | (၅) မှတ် | ၁။ (ခ) | အောက်ဖော်ပြပါ မေးခွန်း တစ်ခုစီ အတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ အဖြေမှန်တစ်ခု ကို အဖြေစာအုပ်တွင် ရေးပါ။<br>(၁၀) ခုမေး (၁၀) ခုဖြေ၊<br>(၁) မှ (၅) မြန်မာ့သမိုင်း<br>(၆) မှ (၁၀) ကမ္ဘာ့သမိုင်း | (၁၀)မှတ် |
| အပိုင်း (ခ) ၂။ | အောက်ပါတို့အနက်မှ လေးပုဒ်ကို မှတ်စုတိုရေးပါ။<br>(၈) ပုဒ်မေး (၄) ပုဒ် ဖြေ၊<br>(က) မှ (ဃ) အထိ မြန်မာ့သမိုင်း<br>(င) မှ (ဇ) အထိ ကမ္ဘာ့သမိုင်း | (၂၀) မှတ် | အပိုင်း (ခ) ၂။ | အောက်ပါတို့အနက်မှ လေးပုဒ်ကို မှတ်စုတိုရေးပါ။<br>(၈) ပုဒ်မေး (၄) ပုဒ် ဖြေ၊<br>(က) မှ (ဃ) အထိ မြန်မာ့သမိုင်း<br>(င) မှ (ဇ) အထိ ကမ္ဘာ့သမိုင်း | (၂၀) မှတ် |
| အပိုင်း (ဂ) ၃။ | အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါ။<br>(၅)ပုဒ်မေး (၂)ပုဒ်ဖြေ၊<br>မြန်မာ့သမိုင်း | (၃၀) မှတ် | အပိုင်း (ဂ) ၃။ | အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါ။<br>(၄) ပုဒ်မေး (၂) ပုဒ်ဖြေ၊<br>မြန်မာ့သမိုင်း | (၃၀) မှတ် |
| အပိုင်း (ဃ) ၄။ | အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။<br>(၅) ပုဒ်မေး (၂) ပုဒ် ဖြေ၊<br>ကမ္ဘာ့သမိုင်း | (၃၀) မှတ် | အပိုင်း (ဃ) ၄။ | အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။<br>(၄) ပုဒ်မေး (၂) ပုဒ် ဖြေ၊<br>ကမ္ဘာ့သမိုင်း | (၃၀) မှတ် |
| **စုစုပေါင်း မေးအမှတ်ပေါင်း** | | **၂၁၀** | **စုစုပေါင်း မေးအမှတ်ပေါင်း** | | **၁၈၀** |

### လက်ရှိအသုံးပြုလျက်ရှိသော ရန်ကုန်တက္ကသိုလ် (၂၀၁၈) သမိုင်းဘာသာရပ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံနှင့်(၂၀၁၉)တွင် ပြောင်းလဲမည့် မေးခွန်းပုံစံနှိုင်းယှဉ်ချက်

| စဉ် | အထူးပြု | မေးခွန်းနံပါတ် | (၂၀၁၈) ယခင်ပေးမှတ် | (၂၀၁၉) ယခုပေးမှတ် | မှတ်ချက် |
|---|---|---|---|---|---|
| | သမိုင်း | အပိုင်း (က) | | | ၁ (က၊ ခ၊ ဂ) မှ ၁(က၊ ခ)သို့ ပြောင်း |
| | | ဓမ္မဓိဋ္ဌာန် | ၂၀ | ၂၀ | |
| | | အပိုင်း (ခ) | | | မပြောင်းလဲပါ |
| | | မှတ်စုတို | ၄၀ | ၄၀ | |
| | | အပိုင်း (ဂ) | | | ယခင် (၅) ပုဒ်၊ ယခု (၄)ပုဒ် |
| | | မေးခွန်းရှည် (မြန်မာ့သမိုင်း) | ၇၅ | ၆၀ | |
| | | အပိုင်း (ဃ) | | | ယခင် (၅) ပုဒ်၊ ယခု (၄) ပုဒ် |
| | | မေးခွန်းရှည် (ကမ္ဘာ့သမိုင်း) | ၇၅ | ၆၀ | |
| **စုစုပေါင်း** | | | **၂၁၀** | **၁၈၀** | |

*စာမျက်နှာ (၇) သို့*

# လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၀ / ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်)**

**လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က) တို့အရ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်-

| လစ်လပ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက် |
| (၂) လဲချားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဲချား |
| (၃) တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာမွေ |
| (၄) မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းခြံ |

| လစ်လပ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | မြစ်ကြီးနား |

| လစ်လပ်တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) မတူပီမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | မတူပီ |
| (၂) တမူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | တမူး |
| (၃) အုတ်တွင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | အုတ်တွင်း |
| (၄) သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | သပိတ်ကျင်း |
| (၅) ရသေ့တောင်မြို့နယ် ပြည်နယ် လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ရသေ့တောင် |
| (၆) မင်းဘူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | မင်းဘူး |
| (၇) ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ဆိပ်ကမ်း |
| (၈) မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် | မန္တလေး တိုင်းဒေသကြီး တစ်ခုလုံး (ပြည်ထောင်စု နယ်မြေမှအပ) |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ဝယ်ယူခဲ့သည့် တစ်နာရီ စောင်ရေ ၃၅၀၀၀ ရိုက်နှိပ်နိုင်သည့် ပုံနှိပ်စက်သစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သည့် Goss Community 4- High Tower FourUnit Web Offset ပုံနှိပ်စက်သစ်ဖွင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် Goss Graphics Systems (China) Co.Ltd Global Sales Director Mr. Peter Kirwan တို့က ပုံနှိပ်စက်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ပုံနှိပ်စက်သစ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းနှင့် ပုံနှိပ်စက်သစ်ကြီးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်လည်ပတ်မှုနှင့် သတင်းစာများ ပုံနှိပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ Goss Community 4- High Tower FourUnit Web Offset ပုံနှိပ်စက်သည် ပုံနှိပ်အရည်အသွေး ကောင်းမွန်ကာ တစ်နာရီလျှင် သတင်းစာ စောင်ရေ ၃၅၀၀၀ ပုံနှိပ်ရိုက်နှိပ်နိုင်မည်ဖြစ်သည်။

4 – High Tower တစ်ခုလျှင် ရောင်စုံ (Tabloid Size) သတင်းစာရှစ်မျက်နှာ ပုံနှိပ်နိုင်ပြီး 4 – High Tower လေးခု ပါဝင်သဖြင့် ရောင်စုံ ၃၂ မျက်နှာ သတင်းစာကို တစ်ပြိုင်တည်း ပုံနှိပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ပုံနှိပ်စက်သစ်မှ ထွက်ရှိလာသည့် သတင်းစာအရည်အသွေးကို ကြည့်ရှုစဉ်။ သတင်းစဉ်

စာမျက်နှာ (၆)မှ

## (၂၀၁၉) တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းလွှာနှင့် ပတ်သက်သည့် ရှင်းလင်းချက်

၁။ တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းလွှာတွင် အပိုင်း(က)၊ အပိုင်း(ခ)၊ အပိုင်း(ဂ) နှင့် အပိုင်း(ဃ)ဟူ၍ အပိုင်း (၄) ပိုင်း ပါရှိပါသည်။ အပိုင်း(၄)ပိုင်းစလုံးကို ဖြေဆိုရမည်ဖြစ်သည်။

| မေးခွန်း | ပုဒ်ခွဲ | မေးခွန်းအမျိုးအစား | မြန်မာသမိုင်း ပုဒ်ရေ | ကမ္ဘာ့သမိုင်း ပုဒ်ရေ | ပေးမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| **အပိုင်း (က)** | | | | | | |
| ၁ | က | ကွက်လပ်ဖြည့် | ၅ | ၅ | ၁၀ | *No Choice* |
| | ခ | အဖြေမှန်တစ်ခုရွေး | ၅ | ၅ | ၁၀ | |
| **အပိုင်း (ခ)** | | | | | | |
| ၂ | (က) မှ (ဇ) | မှတ်စုတို | ၄ | ၄ | ၂၀ | *4 out of 8* |
| **အပိုင်း (ဂ)** | | | | | | |
| ၃ | (၁) မှ (၄) | မေးခွန်းရှည် | ၄ | - | ၃၀ | *2 out of 4* |
| **အပိုင်း (ဃ)** | | | | | | |
| ၄ | (၁) မှ (၄) | မေးခွန်းရှည် | - | ၄ | ၃၀ | *2 out of 4* |

✲ *ကျောဖုံးမှ*

လာရောက်အားပေးပါက ယင်းခြေစမ်းပွဲမှာ ပိုမိုအသက်ဝင်လာဖွယ်ရှိနေသည်။

AYA Bank Tour 2018 အစီအစဉ်ဖြင့် လာရောက်သည့် လိဒ်စ်ယူနိုက်တက်အသင်းသည် မြန်မာနိုင်ငံ၌ ငါးရက်ကြာနေထိုင်မည်ဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့၌ ခြေစမ်းပွဲတစ်ပွဲစီ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လိဒ်စ်ယူနိုက်တက်အသင်းတွင် အမာခံကစားသမားအချို့ ကျန်ရစ်ခဲ့သော်လည်း ပုံမှန်ကစားနေသည့် ကစားသမားအများစု ပါဝင်လာသောကြောင့် အင်အားတောင့်တင်းဖွယ်ရှိနေပြီး မြန်မာအသင်းများနှင့် ခြေစမ်းပွဲများမှာ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။ လိဒ်စ်ယူနိုက်တက်အသင်းတွင် အုပ်ချုပ်၊ နည်းပြ အဖွဲ့ဝင် ၁၂ ဦး၊ ကစားသမား ၂၂ ဦး လိုက်ပါလာပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ခေတ္တတည်းခိုမည့် နိုဗိုတယ် ဟိုတယ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့သည်။ ယခုခြေစမ်းခရီးစဉ်အတွက် ပြည်ပနိုင်ငံများနှင့် သတင်းဌာနများ၏ ဝေဖန်မှုများရှိခဲ့သော်လည်း လိဒ်စ်ယူနိုက်တက်အသင်းသည် မြန်မာနိုင်ငံ ခရီးစဉ်အား အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှလည်း ဧည့်ဝတ်ကျေပွန်စွာ လိုလေသေးမရှိ ဆောင်ရွက်ထားသလို လုံခြုံရေးအပါအဝင် အောင်မြင်စွာ ကျင်းပနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ခြေစမ်းပွဲများအဖြစ် မေ ၉ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ MNL All Star အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ညနေ ၆ နာရီတွင် စတင်မည်ဖြစ်သည်။ ဝင်ကြေးအဖြစ် ရန်ကုန်ပွဲအတွက် ငွေကျပ် ၄၀၀၀၊ ၃၀၀၀၊ ၂၀၀၀ သတ်မှတ်ထားပြီး မန္တလေးမြို့၌ ကစားမည့်ပွဲအတွက် ငွေကျပ် ၃၀၀၀၊ ၂၀၀၀ သတ်မှတ်ထားသည်။ လိဒ်စ်ယူနိုက်တက်အသင်းနှင့် ယနေ့ ခြေစမ်းမည့် MNL All Star အသင်းကို လက်ရှိ MNL ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး နိုင်ငံခြားသားကစားသမား ခုနစ်ဦး၊ ပြည်တွင်း ကစားသမား ၁၄ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ MNL All Star အသင်းတွင် **အုပ်ချုပ်သူ** - ဆီဗာဂျီ (ဟံသာဝတီ)၊ **နည်းပြချုပ်**- ဦးငွေထွန်း(ဟံသာဝတီ)၊ **လက်ထောက်နည်းပြ** - ဦးအောင်ဇော်မျိုး(မကွေး)၊ **ဂိုးနည်းပြ**-ဦးအောင်သက်(ရှမ်း)၊ **ဂိုး**- ပြည့်ဖြိုးအောင် (Southern)၊ နိုင်ဇေယျာထွန်း (ဇွဲကပင်)၊ **နောက်တန်း**- နန္ဒကျော်၊ ကျော်ဇင်လွင် (မကွေး)၊ ဝီလျံ၊ ဝ(ရှမ်း)၊ နေမျိုးအောင်၊ သက်နိုင်(ရတနာပုံ)၊ သက်လွင်ဦး (ဇွဲကပင်)၊ **အလယ်တန်း** - မောင်မောင်ဝင်း၊ ဖြိုးမောင်မောင်ဆွေ၊ ကင်မ်၊ သန်းထက်အောင် (ဇွဲကပင်)၊ ရဲကိုဦး၊ စည်သူအောင်(ရတနာပုံ)၊ အာကာပို၊ လှအေးထွေး (ရခိုင်)၊ လီဟန်ကွတ် (ရှမ်း)၊ **ရှေ့တန်း** - အောင်မြင့်ထွန်း (မကွေး)၊ ခရစ္စတိုဖာ (ရှမ်း)၊ ဂျိုးဇက် (ဟံသာဝတီ)တို့ ပါဝင်နေသည်။

**ညီမြတ်သော်တာ**

# ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများအား အပေါင်ပစ္စည်းမဲ့ ချေးငွေထုတ်ချေးပေး

**နေပြည်တော်  မေ ၈**

စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်အရ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ)အတွင်းရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော တောင်သူများအား အပေါင်ပစ္စည်းမဲ့ ချေးငွေထုတ်ချေးပေးသည့် အခမ်းအနားကို မေ ၈ ရက် မွန်းလွဲ ၂နာရီခွဲက နေပြည်တော်ရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (အများပိုင်) SMIDB တွင် ကျင်းပသည်။

အခမ်းအနားတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အဖွင့်အမှာစကားပြောကြားပြီး အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(အများပိုင်) SMIDBဘဏ်၏ အမှုဆောင် အရာရှိချုပ် ဒေါက်တာဇေယျာညွန့်မှ ချေးငွေလုပ်ငန်း၏ အဓိကရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြသည်။

ယခုအစီအစဉ်တွင် တောင်သူများ အပေါင်ပစ္စည်းမဲ့ ချေးငွေရရှိနိုင်ရန်နှင့် လုပ်ငန်းပိုမိုတိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်အတွက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်(အများပိုင်) SMIDBက အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေးပေးခြင်း ဖြစ်သည်။

ချေးငွေထုတ်ချေးပေးရခြင်းနှင့် စပ်လျဉ်းပြီး အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (အများပိုင်) SMIDB ၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာ ဇေယျာညွန့်က "ချေးငွေပေးတာက နေပြည်တော်ကောင်စီမှာ ပထမဆုံးပါ၊ SME လုပ်ငန်းကော်မတီကို ပံ့ပိုးပေးတဲ့အနေနဲ့ တောင်သူလယ်သမားတွေကို ပထမဆုံး ချေးငွေထုတ်ချေးပေးတာ ဖြစ်ပါတယ်၊ ဗဟိုဘဏ်ကသတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းအတိုင်း တစ်နှစ်ကို ၁၃ ရာခိုင်နှုန်း အတိုးယူပြီး ထုတ်ချေးပေးထားတယ်၊ တောင်သူတွေ သက်သက်သာသာနဲ့ အရင်းရတဲ့အတွက် အကျိုးအမြတ် အများကြီးရမယ်၊ နိုင်ငံတော်က ဖော်ထုတ်နေတဲ့ စီမံကိန်းတွေကို ဘဏ်အနေနဲ့ ပူးပေါင်းပါဝင်တာ ဖြစ်ပါတယ်"ဟု ပြောသည်။

ချေးငွေရရှိသည့် နေပြည်တော်ကောင်စီနယ်မြေ ကင်ပွန်းတန်းကျေးရွာမှ တောင်သူဦးနေဝင်းက "နံနံ၊ ကိုက်လံ၊ မုန်ညင်း စိုက်ပါတယ်၊ အရင်တုန်းက ဒီလိုငွေချေးတာ မရှိတဲ့အတွက် အိမ်မှာ မွေးထားတဲ့ ဝက်၊ ဆိတ် တွေရောင်းပြီး စိုက်ပျိုးရေးအတွက် အရင်းအနှီးလုပ်ရတယ်၊ တချို့လည်း အတိုးများများနဲ့ ငွေတိုးချေးလုပ်ကြရတယ်၊ အသီးအနှံပြန်ရောင်းတဲ့အချိန် ငွေပြန်ဆပ်တော့ ဒုံရင်းအတိုင်းပဲ ပြန်ရတယ်၊ အခု အတိုးနှုန်းကလည်း သက်သာတယ်၊ အသီးအနှံစိုက်ပြီးမှ ပြန်ဆပ်လို့ရတယ်၊ အရစ်ကျလည်း ဆပ်လို့ရသလို ခြောက်လပြည့်မှလည်း အတိုးရော အရင်းရောဆပ်လို့ရတယ်၊ တောင်သူတွေအတွက် အဆင်ပြေသွားတယ်"ဟု ပြောသည်။



အဆိုပါ ချေးငွေထုတ်ချေးပေးရာတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီမှ ပဏာမစိစစ်ပေးချက်များအရ ကင်ပွန်းတန်းကျေးရွာရှိ တောင်သူ ၁၅ ဦးပိုင် စိုက်ပျိုးမြေဧက ၁၂ ဒသမ ၃၀ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် စုစုပေါင်း ၆၁၅၀၀၀၀ ကို စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်ပေးမှုဖြင့် မတည်ကာ ချေးငွေထုတ်ချေးပေးခဲ့ခြင်း ဖြစ်သည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (အများပိုင်)SMIDBအနေဖြင့် တောင်သူများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေးရန် ငွေကျပ် ၆၀ ဘီလီယံ လျာထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ SMIDB ဘဏ်ဖွင့်လှစ်ထားသည့် နေရာများတွင်လည်း တောင်သူများအား ချေးငွေထုတ်ချေးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ကျော်ရဲဆွေ**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကျင်းပ

ရန်ကုန်  မေ ၈

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Lotte ဟိုတယ်တွင် ကျင်းပသည်။** (အောက်ပုံ)



### ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်း

မျက်နှာစုံညီအစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က JMC သည် NCA ပါ တပ်ပိုင်းဆိုင်ရာ ကိစ္စများကို ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သလို မိုင်းရှင်းလင်းရေးလုပ်ငန်းများအပြင် အခြားဆောင်ရွက်စရာရှိသည့်လုပ်ငန်းများ လုပ်ဆောင်ရန် ကျန်ရှိနေကြောင်းနှင့် ညှိနှိုင်းဆွေးနွေး ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း ပြောကြားသည်။

အဆိုပါ မျက်နှာစုံညီအစည်းအဝေးကို မေ ၉ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်(JMC-U)၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်(JMC-S)၊ဒေသဆိုင်ရာအဆင့်(JMC-L)တို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ JMC အဆင့်ဆင့်၏ နည်းပညာအထောက်အကူပြု ရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### အထိုက်အလျောက် အောင်မြင်မှုရရှိ

JMC-Uဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က "JMC အဆင့်ဆင့်အနေနဲ့ နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများကြားမှာ ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းအောင် ကြိုးစားဆောင်ရွက်ခဲ့တဲ့အတွက် အထိုက်အလျောက် အောင်မြင်မှုရရှိတာကို တွေ့ရပါတယ်၊ သို့သော်လည်း တချို့နေရာတွေမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေကြားမှာ အချို့နေရာတွေမှာ ပစ်ခတ်တိုက်ခိုက်မှု ရှိလာ တာကို တွေ့ရပါတယ်၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ JMC-S တွေအတွင်းမှာ နှစ်ဖက်တပ်မှူးတွေ တွေ့ဆုံဖို့ဆိုပြီးတော့မှ ၁၂ ကြိမ်မြောက် JMC-U အစည်းအဝေးမှာ ညွှန်ကြားထားပြီး ဖြစ်ပါတယ်၊ ဒီအပိုင်းနဲ့ ပတ်သက်ပြီး JMC-S မှာ ဆောင်ရွက်ချက်အားနည်းတာ တွေ့ရတဲ့အတွက် အစည်းအဝေးပြီးတိုင်း နှစ်ဖက်တပ်မှူးတွေ တွေ့ဆုံပြီးတော့ ယုံကြည်မှုတည်ဆောက်ထားဖို့၊ ပစ်ခတ်တိုက်တိုက်ခိုက်မှုမရှိအောင် ဆောင်ရွက်သွားဖို့ ဒီနေရာကနေ တိုက်တွန်းပြောကြားလိုပါတယ်။

"JMC လုပ်ငန်းတွေ ပိုမိုတိုးတက်အောင်မြင်ဖို့အတွက် ဖွဲ့စည်းထားပြီးသား JMC တွေအနေနဲ့ လုပ်ငန်းတွေ ပိုမိုဆောင်ရွက်နိုင်ဖို့ ပဋိပက္ခအများဆုံး ဖြစ်ပေါ်နေတဲ့ ဒေသတွေမှာ JMC-L တွေကို တိုးချဲ့ဖွင့်လှစ်နိုင်ဖို့နဲ့ ဒေသခံအရပ်သား စောင့်ကြည့်သူတွေကို ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့အတွက် ဆက်လက်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်၊ ဒါကတော့ JMC-S ကနေပြီးတော့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အလေးထားဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

### အလွန်အရေးကြီး

"လက်ရှိမိမိတို့ရဲ့ JMC ဆောင်ရွက်ပုံဟာ အခြားနိုင်ငံတွေ ဆောင်ရွက်ပုံနဲ့မတူဘဲ သီးခြားပုံစံအဖြစ် ဖွဲ့စည်းဆောင်ရွက်နေတာ ဖြစ်ပါတယ်၊ တတိယအဖွဲ့အစည်းဖြစ်တဲ့ ကြားနေစောင့်ကြည့်ရေးအဖွဲ့များ အခြားနိုင်ငံက နိုင်ငံခြားသားတွေကို ပါဝင်ခွင့်မပြုထားဘဲ ပဋိပက္ခဒဏ်ခံနေရတဲ့ ပြည်သူတွေရဲ့ကိုယ်စားလှယ်တွေကို ထည့်သွင်း ဖွဲ့စည်းထားတာ ဖြစ်ပါတယ်၊ ဒါကြောင့် အရပ်သားကိုယ်စားလှယ်တွေ ပါဝင်မှုဟာ အလွန်အရေးကြီးတယ်ဆိုတာကို ပြောကြားလိုပါတယ်။

"JMC ဟာ စောင့်ကြည့်ခြင်း၊ စိစစ်အတည်ပြုခြင်း၊ ပဋိပက္ခဖြေရှင်းခြင်းကို ဆောင်ရွက်နေတယ်ဆိုတာကို အားလုံးအသိပဲ ဖြစ်ပါတယ်၊ စောင့်ကြည့်ခြင်းနဲ့ ပတ်သက်ပြီးတော့ သတ်မှတ်ထားတဲ့ စာချုပ်ရဲ့ ကတိကဝတ်တွေကို သက်ဆိုင်ရာ JMC တွေအလိုက် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်၊ လိုအပ်ရင် စိစစ်အတည်ပြုရေးအဖွဲ့တွေ ဖွဲ့ပြီးတော့မှ စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်စေလျက်ရှိပါတယ်၊ အဲ့ဒီလို ဆောင်ရွက်နိုင်ရေးအတွက် အများပြည်သူကလေးစားတဲ့ အရပ်သားကိုယ်စားလှယ်တွေကို လိုက်ပါဆောင်ရွက်စေတာ ဖြစ်ပါတယ်၊ နှစ်ဖက်လက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်တွေလည်း ပါဝင်ပြီးတော့ စိစစ်အတည်ပြုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ဆောင်ရွက်ရတဲ့အတွက် အဖွဲ့ဝင်အားလုံးက လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို သိရှိလိုက်နာဖို့ လိုအပ်ပါတယ်၊ JMC အဆင့်က ကော်မတီဝင်တွေအနေနဲ့ JMC ဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ တွေ့ကြုံရတဲ့အခက်အခဲနဲ့ ပြုပြင်ပြောင်းလဲရန် လိုအပ်တဲ့ လိုအပ်ချက်တွေကို ပြန်လည်ဆန်းစစ်ပြီး ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုပါတယ်"ဟု နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အနေဖြင့် ရှမ်း၊ ကရင်၊ ပဲခူး၊ မွန်နှင့် တနင်္သာရီတို့တွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များ၊ ရှမ်းပြည်နယ် လင်းခေးနှင့် ကရင်ပြည်နယ် ဖာပွန်တို့တွင် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L)များကို ဖွဲ့စည်းထားပြီး ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်သည်။

### ယုံကြည်မှုတည်ဆောက်ခြင်းဟာ အဓိကဖြစ်

အစည်းအဝေးတွင် JMC-U ဒုတိယဥက္ကဋ္ဌ စောအိုင်းဇက်ဖိုးက "ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ဟာ သီးခြားပုံစံဖြစ်ပြီး အစုအဖွဲ့သုံးစုဖြစ်တဲ့ အစိုးရတပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အစုအဖွဲ့၊ အရပ်သားအစုအဖွဲ့ ဆိုပြီး ဖွဲ့ထားတာ အများကသိပြီး ဖြစ်ပါတယ်၊ အရပ်သားအစုအဖွဲ့ကိုတော့ ကြားနေအစုအဖွဲ့အနေနဲ့ အသိအမှတ်ပြုခဲ့ကြတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ JMC လုပ်ငန်းလမ်းညွှန်နိဒါန်းမှာ JMC အဆင့်ဆင့်၏ အကောင်အထည်ဖော်ဆောင်မှုဖြင့် လက်နက်ကိုင်ပဋိပက္ခများကို လျော့ကျရပ်စဲစေရန် ဦးတည်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကို အထောက်အကူပြုရန်လို့ ပါရှိပါတယ်၊ ဘယ်လက်နက်ပဋိပက္ခဖြစ်စဉ်မှာမဆို ပဋိပက္ခ ချုပ်ငြိမ်းခြင်းအတွက် ယုံကြည်မှုတည်ဆောက်ခြင်းဟာ အဓိက ဖြစ်ပါတယ်။

"JMC လုပ်ငန်း အောင်မြင်အောင် အကောင်အထည်ဖော်ဖို့အတွက် အစုအဖွဲ့သုံးဖွဲ့လုံးမှာ တာဝန်ရှိပါတယ်၊ JMC လုပ်ငန်းအောင်မြင်မှု၊ ဆုတ်ယုတ်မှုသည် အစုအဖွဲ့သုံးဖွဲ့လုံးနှင့် သက်ဆိုင်ပါတယ်၊ JMC ဆုတ်ယုတ်မှု ရလဒ်အနေနဲ့ နှစ်ဖက် တပ်ဗိုလ်၊ တပ်မှူးများ ထိခိုက်ကျဆုံးစေမည်ဖြစ်သလို အထူးသဖြင့် နယ်မြေခံလူထုမှာလည်း စစ်ရှောင်ဒုက္ခသည်အနေဖြင့် အတိဒုက္ခရောက်ရတယ်ဆိုတာ လက်တွေ့ဖြစ်စဉ်တွေကနေ ဖော်ပြနေပါတယ်၊ ဒါကိုလည်း အထူးသတိမူရမှာ ဖြစ်ပါတယ်၊ စစ်ပွဲတွေ ရပ်ဆိုင်းပြီးနောက် အားလုံးသော လက်နက်ကိုင်အဖွဲ့များ NCA မှ တစ်ဆင့် JMC အတွင်း ပါဝင်နိုင်ဖို့နဲ့ JMC အကောင်အထည်ဖော်မှုတွေမှာ အားလုံးယုံကြည်စိတ်ချစွာ ပါဝင်လာအောင် ဆက်လက်ကြိုးစားရမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်တွင် ယခုအချိန်ထိ တိုင်ကြားစာ ၄၁၁ စောင်ရှိခဲ့ကာ ဖြေရှင်းဆောင်ရွက်မှုပေါင်း ၃၃၄ စောင်ရှိကြောင်း အဆိုပါစုံညီအစည်းအဝေးမှ သိရသည်။

### ပေါ့ပေါ့တန်တန် သဘောထားလို့မရ

JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံက "JMC ဖွဲ့စည်းပြီးနောက် ရည်မှန်းချက်ဖြစ်တဲ့ လုပ်ငန်းတွေ အကောင်အထည်ဖော်တာ ဒေသအလိုက် အချို့နေရာတွေမှာ ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းပြီး အချို့နေရာတွေမှာ လုံးဝပျောက်ကွယ်သွားပါတယ်၊ အချို့နေရာတွေမှာတော့ အောက်ခြေမှာ ထိတွေ့မှုလေးတွေရှိတာ တွေ့နေရပါတယ်၊ အောက်ခြေမှာ ထိတွေ့မှုလေးတွေကို အလွန်စိုးရိမ်စရာမလိုသလို ပေါ့ပေါ့တန်တန် သဘောထားလို့ မရပါဘူး၊ JMC အဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်နေတဲ့ အရပ်သားကိုယ်စားလှယ်တွေ စည်းလုံးညီညွတ်ဖို့ လိုပါတယ်၊ နှစ်ဖက်အဖွဲ့အစည်းကြားမှာ ဘက်မလိုက်ဘဲ သမာသမတ်ရှိရှိ နေထိုင်သွားဖို့လိုပါတယ်၊ ယုံကြည်မှုရအောင် တစ်ဦးနဲ့တစ်ဦး ရင်းနှီးအောင် ဖန်တီးပေးတာမျိုး၊ အဆက်အသွယ်မပျက်အောင် စီမံပေးတာမျိုး ဆောင်ရွက်ပေးပါ၊ ဒါဟာ ချစ်ခင်ရင်းနှီးတာကနေ ယုံကြည်မှုတည်ဆောက်နိုင်အောင် စီစဉ်ခြင်းပဲဖြစ်ပါတယ်"ဟု ပြောသည်။

အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် အရပ်သားကိုယ်စားလှယ်များ အဖွင့်နှုတ်ခွန်းဆက်စကားများ ပြောကြားပြီးနောက် JMC-S ရှမ်း၊ JMC-L လင်းခေး၊ JMC-S ကရင်၊ JMC-L ဖာပွန်၊ JMC-S ပဲခူး၊ JMC-S မွန်၊ JMC-S တနင်္သာရီ တို့က အစဉ်လိုက် နှုတ်ခွန်းဆက်သည်။

ယနေ့ကျင်းပသည့် JMC မျက်နှာစုံညီအစည်းအဝေးတွင် JMC အဆင့်ဆင့်၏ နှစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားစေနိုင်မည့် နည်းလမ်းများအား အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# စုပေါင်းအင်အားကို ဤသို့ အကောင်အထည်ဖော်ကြပါစို့

**ဇော်မြင့်ဖေ**

**ပြည်သူအများ ရွေးကောက်တင်မြှောက်ထားသည့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ပြည်သူ့အစိုးရအနေဖြင့် တိုင်းပြည်၏တာဝန်များကို ထမ်းဆောင်လျက်ရှိသည်မှာ နှစ်နှစ်ကျော်၊ သုံးနှစ် အတွင်း ရောက်ရှိနေပြီ ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကရော၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကပါ နိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံးကိုလည်း မိမိတို့ အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို အသီးသီးရှင်းလင်းအသိပေးတင်ပြပြီးဖြစ်ကြပါသည်။ မင်္ဂလာနှစ်သစ်ကူးအကြို၌ မင်္ဂလာရှိသောစကားများကို ချိန်ကိုက်ပြောကြားသွားခဲ့ကြသည့်အတွက် မင်္ဂလာရှိလှပါသည်။ အားလည်းအားရ၊ ဝမ်းသာရပါသည်။ မိမိကိုယ်ကျိုးအတွက်မဟုတ် အများအတွက်၊ နိုင်ငံတော်ကြီးအတွက် မျှော်မှန်းချက်ကြီးစွာ ဝမ်းသာရခြင်းမျိုး ဖြစ်ပါသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က **“ ယခုလာမည့် မြန်မာ့သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရ အနေဖြင့် စုပေါင်း အင်အားကို အလေးထားပြီး နိုင်ငံတော်၏ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်”** ဟု လည်းကောင်း၊ **“ ကျွန်မ တို့လွတ်လပ်ရေးဖခင်ကြီးများရဲ့အိပ်မက်၊ ကျွန်မတို့ပြည်သူတို့ရဲ့လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေ”** ဟုလည်းကောင်း ၁-၄-၂၀၁၈ ရက်နေ့၌ မိန့်ကြားသွားခဲ့ပါသည်။

**လက်တွေ့ကျကျ တည်ဆောက်ရမည်**

ယနေ့ နိုင်ငံတော်သည် အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့ရစမြဲဖြစ်သော နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ် အစုံမှ စိန်ခေါ်မှုများအပြင် ပယောဂမျိုးစုံနှင့် ယှဉ်တွဲပေါ်ပေါက်လျက်ရှိသော ရခိုင်ပြည်နယ်ကိစ္စကဲ့သို့ ထူးခြားသော အကျပ်အတည်းများကိုလည်း ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်မှာ အမှန်ဖြစ်ပါသည်။ ယင်းအခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် ပြည်သူတို့၏ ညီညွတ်မှုစွမ်းအားနှင့် စုပေါင်းအင်အားတို့ကို တည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။ လူတစ်စု၊ တပ်ဖွဲ့၊ အဖွဲ့အစည်းတစ်ရပ်ရပ်၏ အင်အားထက် ပိုမိုကျယ်ပြန့်သည့် တစ်နိုင်ငံလုံးကို လွှမ်းခြုံသော အမျိုးသားရေးစွမ်းအားဖြင့်သာ ဖြေရှင်းကျော်လွှားနိုင်မည်ဟု ခံယူပြီး အမျိုးသားညီညွတ်မှု၊ အမျိုးသားသင့်မြတ်မှု၊ အမျိုးသားစွမ်းအားတို့ကို ရရှိရန်လက်တွေ့ကျကျ တည်ဆောက်ရမည် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကလည်း ကျွန်တော်တို့နိုင်ငံ ရင်ဆိုင်နေရသော အခက်အခဲများနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားရာ၌

**“ ကျွန်တော်တို့နိုင်ငံသည် အဘက်ဘက်မှလိုအပ်ချက်များနှင့် ဆင်းရဲနွမ်းပါးဆဲဖြစ်နေသည့်အတွက် ကဏ္ဍအသီးသီးမှ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းရဦးမှာ ဖြစ်ပါတယ်”** ဟု

ရှင်းလင်းမိန့်ကြားထားပြီးဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက်များအဖြစ် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ဖော်ထုတ်သွားခဲ့ပြီဖြစ်ပါသည်။ ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်မည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး စသည့် ကဏ္ဍအလိုက် လုပ်ငန်းစဉ်များသည် အပြန်အလှန်ဆက်စပ်လျက်ရှိသည့်အပြင် ကဏ္ဍအလိုက် အားထည့်လုပ်ကိုင်ပုံ နည်းစနစ်များကလည်း အချိန်အခါနှင့်အညီ မှန်ကန်ရန်လိုအပ်ပါသည်။

**အားရှိရှိလုပ်ကိုင်ကြရန်**

ထပ်မံရှင်းလင်းတင်ပြရပါလျှင် လက်တွေ့လုပ်ငန်းဆိုင်ရာမှုအပိုင်းနှင့် လုပ်နည်းလုပ်ဟန်အပိုင်း မှန်ကန်ရန်လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ၏ လုပ်ရည်ကိုင်ရည် အရည်အသွေးတို့ကလည်း အရေးကြီးပါသည်။ ကဏ္ဍအလိုက် ဦးစီးတာဝန်ခံများက လုပ်ငန်းသဘောနားလည်ရန်နှင့် လက်အောက်ရှိ အဆင့်ဆင့်အင်အားစုများကလည်း ကျွမ်းကျင်မှု၊ စည်းကမ်းရှိမှုတို့ဖြင့် တာဝန်သိသိ အလုပ်လုပ်ကြရန် လိုအပ်ပါသည်။ **ခြုံလိုက်လျှင် နိုင်ငံတော်သစ်ကို တည်ဆောက်မည့်အဖွဲ့အစည်း အင်စတီကျူးရှင်းများနှင့် တာဝန်ရှိလူပုဂ္ဂိုလ်အားလုံးသည်တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ပူးပေါင်းအလုပ်လုပ်ကြရန် အရေးကြီးပါသည်။** တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ လူစွမ်းကောင်းဝါဒမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းကို ရှောင်ရှား၍ မှန်ကန်သော လုပ်ငန်းဆိုင်ရာမူဝါဒများနှင့်အညီ အားလုံးညှိနှိုင်းပူးပေါင်းပြီး အုံနှင့်ကျင်းဖြင့် အားရှိရှိ လုပ်ကိုင်ကြရန် ဖြစ်ပါသည်။

ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ကြရာ၌ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို အခြေခံပြီး ပြည်သူများ၏ ဝိုင်းရံထောက်ခံမှုကို ရယူရမှာ ဖြစ်ပါသည်။

**“ ပြည်သူနဲ့အတူဆိုရာမှာ ပြည်သူ့ရဲ့အသံကို နားထောင်ရုံသာမက ပြည်သူတွေရဲ့ဆန္ဒသဘောထားတွေကို အလေးအနက်ထားပြီး စုပေါင်းအင်အားကို တည်ဆောက်ရမှာဖြစ်ပါတယ်”** ဟု နိုင်ငံတော်သမ္မတ၏ မိန့်ခွန်း၌ပါရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း **“ ဘယ်လို စီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ၊ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။အစုအဖွဲ့၊ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး နိုင်ငံနဲ့ပြည်သူ့အကျိုးကို သယ်ပိုးရာမှာ မည်သူကိုမျှ လက်ညှိုးမထိုး - ဘယ်လိုကြီးမား ခက်ခဲတဲ့စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်”** ဟု ဖော်ထုတ်ထောက်ပြထားပြီး ဖြစ်ပါသည်။

**လွတ်လပ်ရေးကြိုးပမ်းမှုကာလ**

ဤနေရာတွင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လူမှုရေးလုပ်ငန်းကိစ္စတို့နှင့်စပ်လျဉ်း၍ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းနှင့် ကြိုးပမ်းမှုများကို ပြန်လည်သတိရစွာ တင်ပြလိုပါသည်။ နောင်၌ ဖဆပလဖြစ်လာမည့် ဖတပလအဖွဲ့ချုပ်ကို ၁၉၄၄ ခုနှစ် ဩဂုတ်လအတွင်း စတင်တည်ထောင်မှုနှင့် စပ်လျဉ်း၍

**“ အဲဒီလို အဖွဲ့ချုပ်ကြီး မဖွဲ့ခင်ကတော့၊ ဟိုတစ်စုဒီတစ်စု ကျုပ်တို့ချည်း၊ ကွန်မြူနစ်တွေက ကွန်မြူနစ်တွေချည်း၊ ပြည်သူ့တော်လှန်ရေးအဖွဲ့က ပြည်သူ့တော်လှန်ရေးအဖွဲ့ချည်း သက်သက်ဆောင်ရွက်နေကြလို့၊ ကျုပ်ကစတင်ပြီး အကြံပေးတဲ့အတိုင်း အားလုံးစည်းရုံးပြီး တိုက်ကြရအောင်လို့ နှိုးဆော်လို့ ဒီအဖွဲ့ကြီးဖြစ်ပေါ်လာခဲ့တယ်”**ဟု တိုင်းပြည်၌ တကွဲတပြားစီဖြစ်နေသော ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုနှင့် တော်လှန်ရေး အင်အားစုတို့ကို စည်းလုံးဖြစ်ပေါ်ရသည့် အခြေအနေကိုလည်းကောင်း၊ ၁၉၄၅ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံရေးအဖွဲ့အသီးသီးမှ နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက

**“ဗမာပြည်ရဲ့ အရေးဟာ၊ ဗမာပြည်သူပြည်သားတွေ၊ ညီညွတ်စွာနဲ့ လုပ်တတ်မယ်။ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်ချင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ အခု ကျွန်တော် ပြောနေတာဟာ၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌအနေနဲ့လည်း ဖြစ်တယ်။ တပ်မတော်သေနာပတိအနေနဲ့လည်း ဖြစ်တယ်။ ဒီအဖွဲ့ကြီး ကြီးပွားတည်တံ့နိုင်အောင် ယခုကြွလာတဲ့ လူကြီးများက အစပြုပြီးတိုင်းပြည်ရဲ့လက်ထဲကို အပ်လိုက်ပါတယ်”** ဟု ပြောကြားရှင်းလင်းလျက် နိုင်ငံရေးအဖွဲ့အစည်းများ၊ ဝါရင့်နိုင်ငံရေးသမားများ စသည်တို့ကိုဖတပလအဖွဲ့အတွင်း ဝင်ရောက်လုပ်ကိုင်ရန် တိုင်းပြည်လွတ်လပ်ရေးအတွက် ဖိတ်ခေါ်ခဲ့သည်ကို လည်းကောင်း၊

**“ဖတပလအဖွဲ့ချုပ်သည် မည်သည့်ပါတီ၏ မူပိုင်အဖွဲ့မဟုတ်ကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးကို အဓိကထား၍ ဖွဲ့စည်းခဲ့ကြောင်း၊ ဖတပလအဖွဲ့ချုပ်အတွင်းသို့ ဝင်ရောက်လုပ်ကိုင်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် မြန်မာပြည်သူလူထုကောင်းစားရေးကို ဆောင်ရွက်ကြရန်ဖြစ်ကြောင်း”**

၂၉-၈-၁၉၄၅ ရက်နေ့ နေသူရိန်ညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည်ကို လည်းကောင်း၊ သမိုင်းဝင်မှတ်တမ်းများအဖြစ် မှတ်တမ်းပြုခဲ့ပြီး ဖြစ်ပါသည်။

**အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့**

ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဖတပလ အဖွဲ့ချုပ်ကို အမျိုးသားလွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြသော ပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်စသည်တို့ ပါဝင်သော အမျိုးသားတပ်ပေါင်းစုကြီးအဖြစ် အောင်မြင်စွာတည်ဆောက်ခဲ့ပါသည်။ ပါတီပေါင်းစုံစုဝေးရာ ညီညွတ်ရေးတပ်ဦးကြီး ဖြစ်လာခဲ့ပါသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပခဲ့သော ဖဆပလ ညီလာခံ၌ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)ဟု တရားဝင်အမည်ခံခဲ့ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် နိုင်ငံရေးတပ်ဦးအဖွဲ့အစည်းကြီးအဖြစ် ရပ်တည်လာခဲ့ပြီး လွတ်လပ်ရေးဆိုသည့် သမိုင်းပေးတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ အခြေအနေသည် ထိုလွတ်လပ်ရေးကြိုးပမ်းမှုကာလ နိုင်ငံရေးအခြေအနေများနှင့်မတူ ကွဲပြားခြားနားနေပြီ ဖြစ်ပါသည်။ ယခင်က ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးနှင့် တိုင်းပြည် ပြန်လည်ထူထောင်ရေးတို့အတွက် ထိုစဉ် ထိုကာလရှိ ခေါင်းဆောင်များက အမြော်အမြင်ရှိရှိ စုပေါင်းအားထုတ်လုပ်ကိုင်ခဲ့ကြပါသည်။ ယခုအချိန်ကာလများ၌ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် သိမ်မွေ့ရှုပ်ထွေးသောလုပ်ငန်းစဉ်များကို ပြည်သူတို့၏ စုပေါင်းအင်အားဖြင့် တည်ဆောက်ရန် လက်ရှိတာဝန်ရှိကြသော နိုင်ငံ့ခေါင်းဆောင်များက ယခု တပ်လှန့်နှိုးဆော်လာပြီဖြစ်ပါသည်။

**“ယနေ့ မြန်မာနိုင်ငံ၏ အခြေအနေသည် ထိုလွတ်လပ်ရေးကြိုးပမ်းမှုကာလ နိုင်ငံရေးအခြေအနေများနှင့် မတူ ကွဲပြားခြားနားနေပြီ ဖြစ်ပါသည်။ ယခင်က ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးနှင့် တိုင်းပြည် ပြန်လည် ထူထောင်ရေးတို့အတွက် ထိုစဉ် ထိုကာလရှိ ခေါင်းဆောင်များက အမြော်အမြင်ရှိရှိ စုပေါင်းအားထုတ်လုပ်ကိုင် ခဲ့ကြပါသည်။ ယခုအချိန်ကာလများ၌ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက် ရေးဆိုသည့် သိမ်မွေ့ရှုပ်ထွေးသောလုပ်ငန်းစဉ်များကို ပြည်သူတို့၏ စုပေါင်းအင်အားဖြင့် တည်ဆောက်ရန် လက်ရှိတာဝန်ရှိကြသော နိုင်ငံ့ခေါင်းဆောင်များက ယခု တပ်လှန့်နှိုးဆော်လာပြီဖြစ်”**

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၌ ဒီမိုကရေစီရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဈေးကွက်စီးပွားရေးတို့အတွက် နိုင်ငံရေးပါတီပေါင်း ၉၅ ပါတီခန့် ဖွဲ့စည်းလှုပ်ရှားလျက်ရှိကြပါသည်။ နောက်ထပ်တိုးမည့် ပါတီများလည်းရှိနေသည်ဟု သိရှိရသဖြင့် နိုင်ငံရေးပါတီ ပေါင်းရာဂဏန်းဖြစ်သွားနိုင်ပါသည်။ **ထိုသို့ ပါတီများကိုကြည့်မည်ဆိုပါက ဒီမိုကရေစီရေး ၊ တိုင်းရင်းသားရေး၊ ဈေးကွက်စီးပွားရေးတို့အတွက် ရည်ရွယ်ချက်ကောင်းများ အသီးသီးရှိကြသည့် ပါတီများချည်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်ဖြစ်ရာ တူညီသော ရည်ရွယ်ချက်များအတွက် တကွဲတပြားစီ ဆောင်ရွက်မနေဘဲ တူတူညီညီစုပေါင်းဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများက ဦးစီးဦးဆောင်နည်းလမ်းရှာ၍ ကြိုးပမ်းသင့်သည်ဟု သုံးသပ်မိပါသည်။**

**အကောင်အထည်ဖော်ဆောင်နိုင်မည်**

ပါတီဟုဆိုသည့်နေရာ၌ ပါတီကြီးနှင့် ပါတီငယ်၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံသောပါတီနှင့် ဒေသအလိုက်ပါတီများ၊ တိုင်းရင်းသားလူမျိုးပါတီများဟူ၍ ရှိကြသည်ဖြစ်ရာ၊ **တစ်မျိုးသားလုံး၏ အရေးအရာများကို ဆောင်ရွက်သည့်အခါ ပါတီတစ်ခုတည်း အင်အားဖြင့်သာ ပြီးမြောက်အောင် ဆောင်ရွက်မည်ဆိုသည့် ခံယူချက်မျိုးထက် အမျိုးသားတပ်ဦးပုံသဏ္ဌာန်မျိုး ဖော်ဆောင်လျက် ပါတီကြီး၊ ပါတီငယ်အပြင် ဝါရင့်နိုင်ငံရေးသမားများ ပေါင်းစုံစုစည်းပြီး စုပေါင်းအင်အားဖြင့်သာ ဆောင်ရွက်မှုသာ ပြည်သူ၏အင်အားကို ကျယ်ပြန့်စွာ စည်းရုံးရယူနိုင်မည်ဟု စဉ်းစားမိပါသည်။** အမျိုးသားပြန်လည်သင့်မြတ်ရေး သို့မဟုတ် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်ကြီးကိုလည်း ထိရောက်ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဟုလည်း စဉ်းစားမိပါသည်။

ဤသည်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဖော်ညွှန်းသည့် **“စုပေါင်းအင်အား”** ကို **လက်တွေ့ကျကျအကောင်အထည်ဖော်သင့်သော နိုင်ငံရေးဖွဲ့စည်းမှုပုံသဏ္ဌာန်တစ်ခုကို ဝိုင်းဝန်းစဉ်းစားပုံဖော်နိုင်ရန် ရိုးသားစွာ လေ့လာသုံးသပ်တင်ပြခြင်း ဖြစ်ပါသည်။** ။

# သတင်းမီဒီယာသမားများ တောင်ပြိုလက်ဝဲ၊ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် ငန်းချောင်းကျေးရွာတို့တွင် လွတ်လပ်စွာသတင်းရယူ

**စစ်တွေ မေ ၈**

မောင်တောမြို့တွင် ရောက်ရှိနေသည့် ပြည်တွင်းသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသရှိ တောင်ပြိုလက်ဝဲနှင့် ငါးခူရပြန်လည်လက်ခံရေးစခန်း၊ နှစ်နိုင်ငံချစ်ကြည်ရေးတံတား၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး မိုင်တိုင်အမှတ် ၃၄ နှင့် ၃၅ အကြားနှင့် ငန်းချောင်းကျေးရွာတို့သို့ သွားရောက် သတင်းရယူကြသည်။

သတင်းမီဒီယာသမားများသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြရာ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေကြသူများ ပြန်လည်ဝင်ရောက်လာပါက စိစစ်ရေးလုပ်ငန်းများ၊ NVC ကတ်ထုတ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားမှုများနှင့် စပ်လျဉ်း၍ တာဝန် ရှိသူများက ရှင်းလင်းပြသကြပြီး သတင်း မီဒီယာသမားများက သိလိုသည်များကို မေးမြန်း သတင်းရယူကြသည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ သွားရောက်လေ့လာ သတင်းရယူကြသည်။

ဆက်လက်၍ မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး မိုင်တိုင်အမှတ် ၃၄ နှင့် ၃၅ အကြားနေရာသို့ ရောက်ရှိ သတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့ ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိပြီး ဟိန္ဒူဘာသာဝင်များ၊ မြိုနှင့် မရမာကြီးတိုင်းရင်းသားများအားတွေ့ဆုံပြီး နေထိုင်စားသောက်မှု၊ လိုအပ်ချက်၊



သတင်းမီဒီယာသမားများ နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ သွားရောက်လေ့လာသတင်းယူစဉ်။



သတင်းမီဒီယာသမားများ တောင်ပြိုလက်ဝဲမြို့ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး သတင်းရယူကြစဉ်။

လူမှုဘဝအခြေအနေ၊ အလုပ်အကိုင်ရရှိမှု၊ ကျေးရွာရှိလူဦးရေနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များနှင့် ပြန်လည်ဝင်ရောက်လာသူများရှိပါ NVC ကတ်ထုတ်ပေးသွားမည့် လုပ်ငန်းအစီအစဉ် များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာအဖွဲ့များ၏ သိလိုသည်များကို လိုက်လံရှင်းလင်း ပြသဖြေကြားကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် ငန်းချောင်းကျေးရွာသို့ ရောက်ရှိပြီး အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံကာ စားဝတ်နေရေး၊ အလုပ်အကိုင်၊ လိုအပ်ချက်၊ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့မှုတို့အပါအဝင် သိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က UEHRD ၏ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာသမားများမေးမြန်းသည့် UEHRD က ကျေးရွာများတည်ဆောက်နေမှု အခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၊ ဒေသဖွံ့ဖြိုးရေးအတွက် စက်မှုဇုန်များ တည်ဆောက်မည့် အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှု၊ NVC ကတ် ကိုင်ဆောင်သူ၏ အခွင့်အရေးနှင့် ကျေးရွာများသို့ လက်ရှိထောက်ပံ့ပေးနေမှုတို့အပြင် ၎င်းတို့သိလိုသည့်မေးမြန်းချက်များအပေါ် ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည် ရှင်းလင်းဖြေကြားသည်။

**သတင်း- မျိုးမြင့်၊ ဓာတ်ပုံ-သက်လွင်စိုး ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့ ကညင်ချောင်း စီးပွားရေးဇုန်တည်ဆောက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**စစ်တွေ မေ ၈**

မောင်တောမြို့ ကညင်ချောင်းစီးပွားရေးဇုန်တည်ဆောက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် သံတွဲမြို့ ငပလီလေဆိပ်အနီး ပြည်နယ်အစိုးရည့်ဂေဟာနှင့် ဆက်စပ် အဆောက်အဦများ ဆောက်လုပ်ရေးလုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လုပ်ငန်းရှင်များအနေဖြင့် ယခုထက်ပိုပြီး ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများရှိလျှင်လည်း ဆက်လက်ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ကာ ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်းနှင့်သာမက ပြည်ပနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ စာချုပ်ချုပ်ဆိုခြင်းနှင့်ပတ်သက်ပြီး စာချုပ်ပါအတိုင်း ဦးစားပေး အလေးထားကာ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက စာချုပ်ချုပ်ဆိုခြင်းနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြီး ကညင်ချောင်း စီးပွားရေးဇုန်တည်ဆောက်ရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ရှေ့တွင် ပြည်နယ်အစိုးရ အဖွဲ့အတွင်းရေးမှူးနှင့် ကညင်ချောင်းစီးပွားရေးဇုန်တည် ဆောက်ရေးလုပ်ငန်းနှင့် ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတို့က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း၊ သဘောတူစာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဧပြီ ၂၇ ရက်မှ မေ ၄ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဖဒိုမန်းရှာ ကျဆုံးခြင်း (၁၀) နှစ်ပြည့်အောက်မေ့တသခြင်းစာစုများ | ကလောင်စုံ | ၂၅၀၀ | နှင်းဆီနီ |
| ၂ | The Silent Voices and Other Stories | SoeHlaing Tint | ၂၅၀၀ | လင်းလွန်းခင် |
| ၃ | ဂျောချ်ဝီယာ (သို့မဟုတ်) ကမ္ဘာကျော်ဘောလုံးသမားဘဝမှသမ္မတဖြစ်လာသူ | ရဲကျော်မြင့် | ၁၂၀၀ | စိတ်ကူးသစ် |
| ၄ | နာမဝိသေသနဖြင့် အထူးပြုအပ်သောပုဂ္ဂိုလ်များ ဖြစ်ရပ်များ | မောင်ခင်မင် (ဓနုဖြူ) | ၃၅၀၀ | စိတ်ကူးချိုချို |
| ၅ | ငါးရာ့ငါးဆယ်ဇာတ် ပင်လယ် (တတိယတွဲ) | မင်းသုဝဏ် | ၃၅၀၀ | မုံရွေး |
| ၆ | ခေတ်ပြိုင်ဒဿနဂန္ထဝင် | မောင်ကြည်သစ် | ၂၀၀၀ | လွင်ဦး |
| ၇ | သီရိလင်္ကာကေ (ရဟန်းလောကစာသင်သားဘဝဖြစ်ရပ်မှန်ဟာသများ) | ဓမ္မဝီရဒေါက်တာ တေဇနိယ | ၂၀၀၀ | မျိုးဆက်သစ် |
| ၈ | မေတ္တာရောင်ပြန် | မောင်ငြိမ်းအေး | ၂၅၀၀ | ရွှေပေ |
| ၉ | ချမ်းသာစေမည့် စိတ်ကူးကောင်းများ | ဝင်းဇော် (သုံးဆယ်) | ၁၀၀၀ | စိတ်ကူးချိုချို |
| ၁၀ | ဘဝကိုမမြင်၍ ဘဝင်မြင့်ကြသူများ | မောင်မြင့်ကြည် | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၁ | အံ့ဖွယ်လောကီပညာ | ရဲဘော်ဖေသန်း | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၂ | The East Vol. (1), No.(2),April, 2018 | ကလောင်စုံ | ၆၀၀၀ | - |
| ၁၃ | ပညာရေးရာ မြန်မာစာရေးရာ | စောလူ | ၂၅၀၀ | မုံရွေး |
| ၁၄ | စတီဖင်ဟော့ကင်း ကျွန်တော့်သမိုင်းအကျဉ်းချုပ် | ဒေါက်တာ ခင်မောင်ဝင်း | ၂၀၀၀ | ဒေါင်းစာပေ |
| ၁၅ | အနှစ် (၁၀၀) ရွှေအမြုတေ မဂ္ဂဇင်းများစုစည်းမှု | ကလောင်စုံ | ၁၆၀၀၀ | ငါတို့စာပေ |
| ၁၆ | ခုန်ဆွခုန်ဆွ မလုပ်တော့တဲ့ကျား | လင်းလက်ကြယ်စင် | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၇ | အားတင်းထား | ချစ်နိုင် (စိတ်ပညာ) | ၁၂၀၀ | နိုင်စာပေ |
| ၁၈ | ခေါင်းဆောင်မှုအတွေး၏ အရေးပါမှု | ချစ်နိုင် (စိတ်ပညာ) | ၂၀၀၀ | နိုင်စာပေ |

ဆက်လက်ဖော်ပြပါမည်

# ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်မှု စိတ်ချရသည့် အခြေအနေသို့ရောက်ရှိ၊ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ ပြီးဆုံး

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို မေ ၂ ရက်တွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူငွေ့များကြောင့် စောင့်ကြည့်ငြိမ်းသတ်မှုများပြုလုပ်ခဲ့ရာ ယနေ့တွင် မီးငြိမ်းသတ်မှု လုပ်ငန်းစဉ်များပြီးဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက "မီးကြွင်းမီးကျန်နဲ့ အပူရှိန်ကြောင့်ဖြစ်တဲ့ မီးခိုးငွေ့ထွက်ရှိမှုတွေကို မနေ့ကတည်းက အဆုံးသတ်ငြိမ်းသတ်ခဲ့ပါတယ်၊ ဒါပေမယ့် ထပ်ပြီးကျန်နိုင်တဲ့နေရာတွေကို စည်ပင်သာယာဝန်ထမ်းတွေနဲ့ ဒီကနေ့ထပ်ရှာပြီးငြိမ်းပါတယ်၊ မွန်းလွဲပိုင်းမှာ အားလုံးပြီးဆုံးသွားပါတယ်၊ ကျွန်တော်တို့အနေနဲ့ ငါးရက်ကြာ စောင့်ကြည့်ငြိမ်းသတ်မှုတွေ လုပ်ခဲ့ပြီး ဒီနေ့မှာတော့ စိတ်ချရတဲ့အနေအထားဖြစ်တာကြောင့် မီးငြိမ်းသတ်နေမှု အစီအစဉ်အားလုံးကို ရုပ်သိမ်းလိုက်ပြီး စည်ပင်သာယာမီးသတ်တပ်ဖွဲ့ကို လွှဲပြောင်းပေးလိုက်ပါပြီ၊ သူတို့က လိုအပ်တဲ့အပိုင်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

စောင့်ကြည့်ငြိမ်းသတ်မှုကာလတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကို အသုံးပြု၍ စောင့်ကြည့် ငြိမ်းသတ်မှုများ ပြုလုပ်ခဲ့ပြီး ယခုအခါတွင် စိတ်ချရသည့် အခြေအနေဖြစ်သော်လည်း အမှိုက်ပုံ ဧရိယာကျယ်ပြန့်သည့်အတွက် စည်ပင်ယာသာ မီးသတ်တပ်ဖွဲ့နှင့်အတူ ဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်လေးစီးဖြင့် တာဝန်ယူစောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာမီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ စောစိုးစိုးမြင့်က "ကျွန်တော်တို့အနေနဲ့ ဒီညနေပိုင်းက စတင်ပြီး တာဝန်ယူလိုက်ပါပြီ၊ မီးလောင်မှုဖြစ်ပွားစဉ်က အပိုင်းအလိုက် သတ်မှတ်ငြိမ်းသတ်ခဲ့တဲ့အတိုင်း ဇုန်လေးဇုန်ကို အဖွဲ့တွေခွဲပြီး မီးသတ်ယာဉ်တွေနဲ့ အဆင်သင့်စောင့်ကြည့်မှုတွေ ထပ်လုပ်သွားမှာပါ၊ ကျွန်တော်တို့နဲ့အတူ စည်ပင်ဝန်ထမ်းတွေလည်း ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်၊ အခုအခြေအနေကလည်း မီးအားလုံးငြိမ်းသွားပါပြီ၊ ဒါပေမယ့် ဧရိယာကျယ်ပြန့်တဲ့ အမှိုက်ပုံဆိုတော့ အတွင်းမှာအောင်းနေနိုင်တဲ့ အပူတွေရှိနိုင်တဲ့အတွက် အခုလို စောင့်ကြည့်ရတာပါ" ဟုပြောသည်။

မီးလောင်မှုဖြစ်ပွားနေစဉ်အတွင်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D) ဇုန်များပိုင်းခြား သတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် မေ ၂ ရက်တွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှ အပူရှိန်ကြောင့် ထွက်ရှိသည့် အပူငွေ့များကို ငါးရက်ကြာ ထပ်မံစောင့်ကြည့်ငြိမ်းသတ်မှုများပြုလုပ်ခဲ့ရာ ယနေ့တွင် စိတ်ချရသည့် အခြေအနေသို့ ရောက်ရှိသွားပြီဖြစ်၍ မီးငြိမ်းသတ်မှု လုပ်ငန်းစဉ်များအားလုံး ပြီးဆုံးသွားပြီ ဖြစ်ကြောင်းသိရသည်။



အဆိုပါ ထိန်ပင်အမှိုက်ပုံကို ၂၀၀၁ ခုနှစ်ခန့်က စတင်ထားရှိခဲ့ကာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀၀ အနက်မှ တန်တစ်ထောင်ကို ယင်းအမှိုက်ပုံတွင် နေ့စဉ်လာရောက်စွန့်ပစ်လျက်ရှိသည်။

အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဧက တစ်ရာခန့်လောင်ကျွမ်းခြင်းဖြစ်ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းအဖွဲ့များက ရေကိုအဓိကထားငြိမ်းသတ်ခဲ့သည့်အပြင် လိုအပ်သည့်နေရာများတွင် Bio Foam (အမြှုပ်ဆေးရည်) ကိုလည်း အသုံးပြုငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇေဇော်**

# ထိန်ပင်အမှိုက်ပုံ မီးလုံးဝငြိမ်းအေးသွား၍ မီးစောင့်ကြည့်ငြိမ်းသတ်ရေး တပ်ဖွဲ့ဝင်များရုပ်သိမ်း

**ရန်ကုန် မေ ၈**

ဧပြီ ၂၁ ရက် ည ၁၂ နာရီခန့်တွင် စတင်လောင်ကျွမ်းသည့် လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းကားလမ်းမဘေး ထိန်ပင်သုသာန်အနောက်ဘက် အကျယ်အဝန်း ဧက ၃၀၀၊ အမြင့် ၁၀ ပေခန့်ရှိ အမှိုက်ပုံမီးကြွင်းမီးကျန်များကို မေ ၈ ရက်တွင် လှိုင်သာယာ၊ တိုက်ကြီး၊ ထန်းတပင်၊ လှည်းကူး၊ ထောက်ကြန့်၊ ဒဂုံဆိပ်ကမ်း၊ လှိုင်၊ အင်းစိန်၊ မှော်ဘီမြို့နယ်များနှင့် စည်ပင်တို့ မီးငြိမ်းသတ်ယာဉ် ၁၁ စီး ၊ ရေသယ်ယာဉ် ၆ စီး ၊ Foam မီးသတ်ယာဉ် ၁ စီးနှင့် Foam ခေါင်း ၁၈ ခေါင်း၊ အပေါ့စား ရေစုပ်စက် ၁၅ လုံး၊ HNE ၈ လုံး၊ ကွပ်ကဲမှုယာဉ် ၁ စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၈၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး၊ စည်ပင်ဝန်ထမ်း ၅၈ ဦးတို့ဖြင့် မီးလောင်ကျွမ်းခဲ့သည့် အမှိုက်ပုံ ဧက ၁၀၀ ခန့်ကို ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ဦး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်စောင့်ကြည့်လျက်ရှိရာ မေ ၈ ရက် ညနေ ၄ နာရီ ၃၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းအေးသွားပြီဖြစ်၍ အဆိုပါအမှိုက်ပုံတွင် စောင့်ကြည့်ငြိမ်းသတ်လျက်ရှိသည့်မီးသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ရုပ်သိမ်းလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ သိရသည် ။

**အောင်သူရ**

# လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပျက်စီး

**နတ်တလင်း မေ ၈** -ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု တံခွန်တိုင်တောင်စုကျေးရွာတွင် မေ ၇ ရက် ညနေ ၆နာရီတွင် လေပြင်းတိုက်ခတ်မှုကြောင့် ဦးကျော်လှိုင်နှင့် ဦးမြင့်သိန်းတို့ နေအိမ်များ အမိုးလန်ပျက်စီးသွားပြီး အိမ်ထောင်စုနှစ်စု လူဦးရေ အမျိုးသားငါးဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၂ ဦး လေဘေးသင့်ခံရ၍ နေအိမ်များပြန်လည်ပြုပြင်ရန်အတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ဆွေမျိုးများက ဝိုင်းဝန်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေပြင်းတိုက်ခိုက်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# စေတုတ္တရာမြို့နယ်တွင် လေပြင်းတိုက်၊ နေအိမ်များပျက်စီး

**စေတုတ္တရာ မေ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ သံဆည်ကျေးရွာအုပ်စု သံဆည်ကျေးရွာနှင့် ငမကျေးရွာတို့၌ မေ ၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် နေအိမ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် သံဆည်ကျေးရွာအုပ်စု၊ သံဆည်ကျေးရွာ၌ မောင်လွှမ်းမိုးတွင် ဦးခေါင်းဒဏ်ရာတစ်ချက် ရရှိခဲ့ပြီး ငမကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် မသေးသာတွင် ဝဲခြေထောက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် သံဆည်ကျေးရွာအုပ်စုတွင် နေအိမ် အမိုးအကာပျက်စီးပြီး လူနေအိမ်လေးလုံး ပျက်စီးကာ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၊ အမိုးတစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ် ၁၈ လုံးနှင့် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၅၄၀၀၀၀၊ တစ်စိတ်တစ်ပိုင်းအနည်းငယ်ပျက်စီး လူနေအိမ် ၅၅ လုံးနှင့် ပျက်စီးဆုံးရှုံးမှုခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၀၀၀၀၀ ရှိခဲ့ကြောင်း၊ အဆိုပါ လေဘေးသင့် ပြည်သူများမှာ နီးစပ်ရာဆွေမျိုးတော်စပ်သူများ၏ နေအိမ်များတွင် နေထိုင်လျက်ရှိ ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# အမိုးနီစက်ရုံအလုပ်သမားများ နစ်နာကြေးကိစ္စ ထိုင်းနိုင်ငံဆိုင်ရာသံရုံးနှင့် MPC တို့ ညှိနှိုင်းအောင်မြင်

**စူရတ်ဌာနီ မေ ၈**

ထိုင်းတောင်ပိုင်း စူရတ်ဌာနီရှိ ဒေဝါလီခံ ဂျေကိုမစ် အမိုးနီ စက်ရုံမှ အလုပ်သမား ၁၇၀ ကျော်တို့၏ အလုပ်အကိုင်ပြန်လည်ရရှိ ရေး၊ နစ်နာကြေး ၁ လ မှ ၈လစာအထိ လုပ်သက်အလိုက် ခံစားခွင့်ရရှိရေးနှင့် အခြားသောအခက်အခဲပြဿနာများကို စက်ရုံအုပ်ချုပ်သူများနှင့် မေ ၇ ရက်က အောင်မြင်စွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာအလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးနှင့် မြန်မာသံရုံး ဥပဒေအကြံပေး (Legal Adviser) ရှေ့နေ ဦးအောင်မျိုးသန့်၊ ထိုင်းတောင်ပိုင်း တာဝန်ခံသံအရာရှိ ဦးဇော်မင်းအောင်တို့သည် ထိုင်းနိုင်ငံတောင်ပိုင်း မြန်မာအလုပ်သမား စောင့်ရှောက်ရေးကော်မတီ (MPC) အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အေဂျင်စီများနှင့်အတူ စူရတ်ဌာနီခရိုင် အာရှလမ်းမကြီးပေါ်ရှိ ဂျေကိုမစ်ခေါ် အမိုးနီ စက်ရုံသို့ မေ ၈ ရက်တွင် ရောက်ရှိကြပြီး စက်ရုံ အုပ်ချုပ်သူများ၊ စူရတ်ဌာနီ DOE အလုပ်သမားရုံးမှ တာဝန်ရှိသူများနှင့် ၄ နာရီကြာတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးရာတွင် အလုပ်သမားများ၏ နစ်နာကြေးခံစားခွင့်များကို စက်ရုံမှ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ပေးဆောင်သွားမည်ဖြစ်ပြီး ပြောင်းရွှေ့မည့် အလုပ်သမားများအတွက်လည်း အဆင်ပြေမှုရှိစေရန် အလုပ်သမားရုံးမှ ဝေါ့ပါမစ်များကို ကုန်ကျစရိတ်မရှိ ပြန်လည်ပြုလုပ်ပေးမည် ဖြစ်ကြောင်း သိရသည်။ မိမိတို့စိတ်တိုင်းကျ ပြောင်းရွှေ့သူအလုပ်သမား ၁၀၀ ခန့်နှင့် အနီးနားရှိ အေဆီးယားစက်ရုံသို့ ပြောင်းရွှေ့သူ ၃၇ ဦးရှိပြီး MoU အလုပ်သမား ၃၅ ဦးကို သက်ဆိုင်ရာ စတားရတနာ အေဂျင်စီမှ တာဝန်ယူပြောင်းရွှေ့ပေးသွားရန် ညှိနှိုင်းအောင်မြင်ခဲ့ကြောင်း သိရသည်။



ထိုင်းတောင်ပိုင်းရောက် မြန်မာအလုပ်သမားများ အခက်အခဲကြုံလာပါက ဦးစန်းမောင်ဦး (ထိုင်းနိုင်ငံဆိုင်ရာ မြန်မာအလုပ်သမားသံအရာရှိ)၊ ဦးဦးခင်မောင် (ဗန်ကောက်နှင့် မဟာချိုင်းနယ်မြေတာဝန်ခံ သံအရာရှိ)၊ ဦးမျိုးထက်သူ (ထိုင်းတောင်ပိုင်း တာဝန်ခံသံအရာရှိ)၊ မြန်မာသံရုံး ဥပဒေအကြံပေးအရာရှိ ရှေ့နေဦးအောင်မျိုးသန့် ဖုန်း- ၀၈၉၆၅၂၅၆၉၆၊ မြန်မာအလုပ်သမားများ စောင့်ရှောက်ရေးကော်မတီ (ထိုင်းတောင်ပိုင်) Migrant Protection Committee (MPC) ဖုန်း-၀၆၂-၇၄၅၇၄၃၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နန္ဒကျော်စွာ ၊လေးလေးဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၉ -၅- ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၉း၁၀ | - | ရှန်းကန်လှုပ်ရှားဘဝများ **လမ်းကြမ်းထက်က ခြေလှမ်းများ** |
| ၉း၃၀ | - | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ မင်းမော်ကွန်း) |
| ၁၁း၃၀ | - | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ရှယ်ချွေးမ** |
| ၁၁း၃၅ | - | ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ် |
| ၁၃း၁၀ | - | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I) (ကလေးမြို့) (ပထမပိုင်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၄၀ | - | အနုပညာခန်းရိပ်သာ **ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံခြင်း** |
| ၁၆း၅၅ | - | MRTV Travelogue |
| ၁၇း၄၅ | - | **နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲ ၂၀၁၈ ဘောလုံး ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်** (Myanmar National League All Star အသင်းနှင့် Leeds United Foot ball Club) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၂၀း၃၅ | - | သူတို့ဒေသ၊ သူတို့ဘဝ **ကယောဒေသ၊ ကယောဘဝ** |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ခေးဘုရင်** (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၆) |
| | - | သုခမရင်ခွင်အငြိမ့်သဘင် **ပန်တျာရင်သွေး** (မင်းသမီး- အိအိခိုင်၊ လူရွှင်တော်- စူးရှ၊ အားတီး၊ ဥဥ၊ ဖိုးခေါင်) (ဒါရိုက်တာ- ဖုန်းမြင့်အောင်) |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၈) |

# အာရှနဂါးလှေလှော်ပြိုင်ပွဲ နောက်ဆုံးနေ့ မြန်မာအသင်း ရွှေတစ်ခု၊ ငွေနှစ်ခု ထပ်မံဆွတ်ခူး




မြန်မာလှေလှော် အားကစားအဖွဲ့ဆုယူအပြီး တွေ့ရစဉ်။

**ရန်ကုန်  မေ ၈**

တရုတ်(တိုင်ပေ)တွင် ကျင်းပလျက်ရှိသည့် Asian Dragon Boat Championships International Open 2018 ပြိုင်ပွဲသို့ မြန်မာနိုင်ငံ လှေလှော်လက်ရွေးစင်အားကစားသမားများသည် မေ ၈ ရက် (နောက်ဆုံးနေ့) ပွဲစဉ်များအပြီးတွင် ရွှေတစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးရရှိပြီး စုစုပေါင်း ရွှေငါးခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ဆုတံဆိပ်ရှစ်ခုရရှိကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး Mixed မီတာ ၂၀၀ (၁၀ တက်) နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာအသင်းက ပထမ ရွှေတံဆိပ်ဆုကို လည်းကောင်း၊ တရုတ်(တိုင်ပေ)အသင်းက ဒုတိယနှင့် ထိုင်းအသင်းက တတိယဆုကို လည်းကောင်း၊ အမျိုးသမီး မီတာ ၂၀၀ (၁၀ တက်)ပြိုင်ပွဲ၌ အင်ဒိုနီးရှားအသင်းက စံချိန် ၀း၅၈း၃၁၉ စက္ကန့်ဖြင့် ပထမ၊ မြန်မာအသင်းက စံချိန် ၀း ၅၃း ၇၄၁ စက္ကန့်ဖြင့် ဒုတိယ၊ ထိုင်းအသင်းက စံချိန် ၀း၅၃း ၇၃၇ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ အမျိုးသားမီတာ ၂၀၀ (၁၀ တက်)ပြိုင်ပွဲ၌ ထိုင်းအသင်းက စံချိန် ၀း၄၆း၅၉၁ စက္ကန့်ဖြင့် ပထမ၊ မြန်မာအသင်းက စံချိန် ၀း၄၆း၇၆၅ စက္ကန့်ဖြင့် ဒုတိယ၊ အင်ဒိုနီးရှားအသင်းက စံချိန် ၀း၄၆း၈၆၇ စက္ကန့်ဖြင့် တတိယ အသီးသီးရရှိခဲ့ကြသည်။

မြန်မာနိုင်ငံ လှေလှော်အားကစားသမားများသည် မေ ၉ ရက် နံနက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများ၊ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြမည်ဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

# AFC Cup အာဆီယံဇုန် ဆီမီးဖိုင်နယ်ပွဲအဖြစ် ဆီရက်စ်နှင့် ရန်ကုန် ယနေ့ကစားမည်

**ရန်ကုန်  မေ ၈**

၂၀၁၈ ခုနှစ် AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်ပွဲဖြစ်သည့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် မြန်မာကလပ် ရန်ကုန်အသင်းသည် မေ ၉ ရက်(**ယနေ့**) မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာကလပ် ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲ ပုံစံသစ်ပြောင်းလဲပြီးနောက်ပိုင်း ဆီမီးဖိုင်နယ်သို့ ပထမဆုံးတက်ရောက်ခွင့်ရခြင်းဖြစ်ပြီး ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် တွေ့ဆုံနေခြင်းဖြစ်သည်။ ဆီရက်စ်အသင်းသည် ယခုရာသီတွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲ ပထမအဆင့်၊ AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် တွေ့ဆုံခဲ့ဖူးရာ ရန်ကုန်အသင်းအနေဖြင့် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် အုပ်စုအဆင့်တွင် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်း၊ ဗီယက်နမ်ကလပ် ထန်ဟွာအသင်း၊ အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းတို့ကို ကျော်ဖြတ်ကာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဘာလီယူနိုက်တက်ကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုး၊ အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ထန်ဟွာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ အဝေးကွင်း၌ သုံးဂိုးစီသရေကျခဲ့သည်။ ဂလိုဘယ်အသင်းကို အိမ်ကွင်း၌ သုံးဂိုးပြတ်အနိုင်ရပြီး အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆီရက်စ်အသင်းမှာမူ အကောင်းဆုံး အုပ်စုဒုတိယနေရာမှ ဆီမီးဖိုင်နယ် တက်ရောက်လာခြင်းဖြစ်ပြီး လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ ဆီရက်စ်အသင်းသည် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားကလပ် အန်ကောအသင်းကို အိမ်ကွင်း၌ ကိုးဂိုး-ဂိုးမရှိ၊ အဝေးကွင်း၌ လေးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းကို



ရန်ကုန်အသင်း  ကစားသမားများကို တွေ့ရစဉ်။

အဝေးကွင်း၌ တစ်ဂိုးစီသရေကျကာ အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ရန်ကုန်အသင်းသည် ယင်းပွဲယှဉ်ပြိုင်ရန် မေ ၆ ရက်က ထွက်ခွာသွားပြီး မေ ၇ ရက် ညနေပိုင်းမှစ၍ လေ့ကျင့်လျက်ရှိသည်။ ဆီရက်စ်အသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်မည့် ရန်ကုန်အသင်းတွင် ဒဏ်ရာရနေသည့်ကစားသမားများမှလွဲ၍ နိုင်ငံခြားသား ကစားသမား လေးဦးအပါအဝင် ပြည်တွင်းကစားသမား အစုံပါဝင်သွားသည်။ ဆီမီးဖိုင်နယ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဆီရက်စ်(ဖိလစ်ပိုင်)နှင့် ရန်ကုန်(မြန်မာ)၊ ဟုမ်းယူနိုက်တက်(စင်ကာပူ)နှင့် ပါစီဂျာဂျာကာတာ(အင်ဒိုနီးရှား)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## ဗိုလ်လုပွဲယှဉ်ပြိုင်

အာဆီယံဇုန်တွင် ဗိုလ်စွဲသည့်အသင်းသည် တောင်အာရှဇုန်၊ အရှေ့အာရှဇုန်၊ အရှေ့အလယ်ပိုင်းဇုန်တွင် ဗိုလ်စွဲသည့်အသင်းများနှင့် ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲ ထပ်ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ အနောက်အာရှဇုန် ချန်ပီယံအသင်းနှင့် AFC Cup ပြိုင်ပွဲ နောက်ဆုံးအဆင့် ဗိုလ်လုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက “ ဒီအဆင့်မှာ အနိုင်ရဖို့ ကျွန်တော်တို့ သေချာပြင်ဆင်ထားပါတယ်၊ ဆီရက်စ်အသင်းအကြောင်းကို ကျွန်တော်တို့ သေချာလေ့လာထားပါတယ်၊ အသင်းမှာ ဒဏ်ရာရနေတဲ့ ကစားသမားတချို့ကလွဲရင် လူစုံပါလာမှာဖြစ်တာကြောင့် အသင်းအနေအထားကို အားရပါတယ်၊ အဝေးကွင်းမှာ ရလဒ်ကောင်းဖို့ ကြိုးစားမှာဖြစ်ပြီး ဗိုလ်လုပွဲတက်ဖို့ အပြည့်အဝယုံကြည်ပါတယ်” ဟု ပြောကြားခဲ့သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်**

# ငွေကျပ်သိန်းပေါင်း ၄၈၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော်  မေ ၈

**ငွေသိန်းပေါင်း ၄၈၀၀၀ တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၁၇ သိန်းကျော်ကို သဝန်ချောင်းကင်းစခန်း၌ ယနေ့ နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**



သဝန်ချောင်း ကင်းစခန်းမှ သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀၀ နှင့်အတူ အောင်ကျော်နိုင်နှင့် ရသေ့တောင်မြို့နယ် ဆင်ပိုက်ရွာမှ အောင်သန်းဌေးတို့အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ အောင်သန်းဌေး၏ မိခင်နေထိုင်သည့် ရသေ့တောင်မြို့နယ် ကုန်းတန်းကျေးရွာရှိ နေအိမ်သို့ သွားရောက်စစ်ဆေးခဲ့ရာမှ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ အဝါရောင် ဆာလာအိတ် ရှစ်အိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား ထပ်မံသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါအိတ်များထဲမှ ငွေကျပ်သိန်းပေါင်း ၄၈၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၁၆ သိန်းကို ထပ်မံဖမ်းဆီးရမိခဲ့ရာ စုစုပေါင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကျော်နိုင်၊ အောင်သန်းဌေးနှင့် မိခင်ဖြစ်သူ ဒေါ်ကျင်စိန်တို့အား စေတီပြင် နယ်မြေရဲစခန်းတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့၌ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော်  မေ ၈**

ဘားအံမြို့ ၉ ရပ်ကွက် ကားကြီးဝင်းအတွင်း၌ မေ ၇ ရက် ညနေ ၃ နာရီခွဲခန့်က ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့က မသင်္ကာဖွယ်တွေ့ရှိသူ မင်းလှမြို့ ၅ ရပ်ကွက်နေ မျိုးမင်းကို(ခ)ကိုမျိုး (၃၀ နှစ်)၏ ခရီးဆောင်အိတ်အား ရှာဖွေစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် အရှည် တစ်ပေ ရှစ်လက်မခန့်ရှိ ရီမင်တန် ပြောင်းချော သေနတ် တစ်လက်၊ အရှည် ခုနစ်လက်မခန့်ရှိ ကိုးလုံးကျည် သေနတ်တို နှစ်လက်၊ အရှည် ခြောက်လက်မခန့်ရှိ ဘောစေ့ကျည်ဖြင့် ပစ်ခတ်ရသည့် ဂက်စ်ငွေ့ထည့် ပစ္စတိုတစ်လက်၊ အရှည် သုံးလက်မခွဲခန့်ရှိ သော့ချိတ်ပုံတစ်တောင့်သုံး (ပွိုင့် ၃၂ ကျည်ဖြင့် ပစ်ခတ်ရသည့်) သေနတ်အသေး တစ်လက်၊ အရှည် နှစ်ပေခန့်ရှိ ဒူးလေးသေနတ် တစ်လက်၊ ကိုးလုံးကျည် အတောင့် ၅၀ ၊ စတီးဘောစေ့ ၁၂ လုံး၊ ဂက်စ်ဘူး ၂၃ ဘူး၊ အရှည် ငါးလက်မခွဲခန့်ရှိ မြားရှည် ၂၄ ချောင်း၊ အရှည် သုံးလက်မခွဲခန့်ရှိ မြားတို ၁၁ ချောင်း၊ မျိုးမင်းကို အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခုနှင့် လက်ကိုင်ဖုန်း နှစ်လုံး တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မျိုးမင်းကို (ခ)ကိုမျိုး **(အောက်ပုံ)** အား ဘားအံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ လိုင်စင်မဲ့ဆိုင်ကယ် ဖမ်းမိ

**နေပြည်တော်  မေ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃၈ စီး ၊ သွင်းကုန် ၉၈၇ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၉၂ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၅၃ သန်းခန့် ၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်းခန့် စုစုပေါင်း တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ပျဉ်းကတိုးကုန်းအထွက် ရှောင်ကွင်းလမ်းသို့ လှည့်ကင်းစစ်ဆေးမှုများဆောင်ရွက်စဉ် ရော်ဘာတောအတွင်း သစ်ကိုင်းသစ်ရွက်တို့ဖြင့် ဖုံးအုပ်ထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ SUZUKI skywave Motorcycle တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်သမ္မတနေရာတွင် အလားအလာရှိသူဟု ထင်ကြေးပေးခံခဲ့ရသည့် တရုတ်ခေါင်းဆောင်တစ်ဦးကို လာဘ်စားမှုဖြင့် ထောင်ချ

**ပေကျင်း မေ ၈**

ယခင် တရုတ်ကွန်မြူနစ်ပါတီအဖွဲ့ဝင်ဟောင်း၊ လက်ရှိသမ္မတ ရှီကျင့်ဖျင်ပြီးနောက် အမွေဆက်ခံသူဖြစ်လာမည်ဟု တစ်ချိန်က ထင်ကြေးပေးခံခဲ့ရသော ဆွန်ကျန်ကီကို မေ ၈ ရက်က လာဘ်စားမှုဖြင့် တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ်လိုက်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၎င်းသည် သမ္မတရှီကျင့်ဖျင် လက်ထက် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတွင် လာဘ်စားမှုဖြင့် ထောင်ဒဏ်ချမှတ်ခံရသော တရုတ်ကွန်မြူနစ် ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။

ယခင် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်း ဖြစ်သူ ဆွန်ကျန်ကီသည် ခြုံချင်းမြို့၏ ပါတီအကြီးအကဲလည်း ဖြစ်ကြောင်း သိရသည်။ ၎င်းသည် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇ သန်းကျော် တရုတ်ယွမ် သန်း ၁၇၀ ကျော် လာဘ်စားမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၅၄ နှစ်ရှိ ဆွန်သည် ပေါ်လစ်ဗျူရို ခုနစ်ဦးပါ ထိပ်တန်းအဖွဲ့သို့ ရာထူးတိုးမြှင့်ခံရမည်ဟု နာမည်ထွက်ခဲ့ပြီး အဆိုပါ ထိပ်တန်းအဖွဲ့သည် နိုင်ငံတော်ကို အုပ်ချုပ်နိုင်ပြီး အဆိုပါအဖွဲ့ကို သမ္မတရှီကျင့်ဖျင်က ဦးဆောင်လျက်ရှိကြောင်း သိရသည်။

အသက်ငယ်ရွယ်ပြီး ပေါ်လစ်ဗျူရို အဖွဲ့ဝင်ဖြစ်လာသည့် ဆွန်သည် တရုတ် သမ္မတဖြစ်ရန် အလေးသာသော်လည်း အခုအခါတွင် လာဘ်စားမှုဖြင့် ထောင်ကျ နေပြီဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုတွင် သူ့အလိုလို ပူးပေါင်းပါဝင်ခဲ့သည့်အတွက် တရားခံကို သက်ညှာမှုပေးခဲ့ကြောင်း တရားရုံးက ပြောခဲ့သည်။

၎င်းကို ထောင်ဒဏ်ချမှတ်ခဲ့ရုံတင်မကဘဲ လာဘ်စားခဲ့သည့် ပစ္စည်းများ ကိုလည်း သိမ်းဆည်းခဲ့ကြောင်း တရားရုံးက ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**



# ရုရှားရဟတ်ယာဉ်တစ်စင်း ဆီးရီးယား၌ ပျက်ကျရာ လေယာဉ်မှူးများသေဆုံး



**ဒမတ်စကတ် မေ ၈**

မေ ၇ ရက်နှောင်းပိုင်းက ရုရှား ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးများ သေဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဆီးရီးယန်း အာရပ် ပြည်ထောင်စု အရှေ့ပိုင်းဒေသကို ပုံမှန်အတိုင်းဖြတ်ကျော် ပျံသန်းစဉ် ရုရှား ကေအေ-၅၂ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးများ သေဆုံးခဲ့ကြောင်း ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ တက်စ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

နည်းပညာ ချွတ်ယွင်းမှုကြောင့် ယခုကဲ့သို့ ရဟတ်ယာဉ်ပျက်ကျခြင်း ဖြစ်နိုင်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့က သေဆုံးသူများ၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါ သတင်းအေဂျင်စီက ဆက်လက်ဖော်ပြထားသည်။

ယခုကဲ့သို့ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားခြင်းသည် တစ်ပတ်အတွင်း ဆီးရီး ယားနိုင်ငံအတွင်း၌ ရုရှားတပ်ဖွဲ့၏ ဒုတိယ အကြိမ်မြောက် ပျက်ကျခြင်းဖြစ်ကြောင်း သိရသည်။ မေ ၃ ရက်ကလည်း ဆီးရီးယားအခြေစိုက် လေတပ်စခန်းမှ ပျံသန်းပြီး မကြာမီ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးများ သေဆုံးခဲ့သေးကြောင်း သိရသည်။

မေ ၇ ရက်နှောင်းပိုင်းအထိ ဆီးရီးယားနိုင်ငံတွင် မတော်တဆမှုကြောင့် သေဆုံးခဲ့သော ရုရှားတပ်ဖွဲ့ဝင်ပေါင်း ၈၈ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အာဖဂန်လေကြောင်းတိုက်ခိုက်မှုကြောင့် ၃၆ ဦးထက်မနည်း သေဆုံးခဲ့

**ကဘူးလ် မေ ၈**

ပြီးခဲ့သည့်လအတွင်းက အာဖဂန်တပ်ဖွဲ့စုများ၏လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများကြောင့် ကလေးငယ်အမြောက်အမြားအပြစ်မဲ့ အသက်ဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိခဲ့ရပြီးနောက်တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် စိုးရိမ်ပူပန်မှုကိုအကြီးအကျယ်ဖော်ပြခဲ့သည်။

အာဖဂန်ရှိ ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင်အဖွဲ့သည် ဧပြီ ၂ ရက်တွင် ဖြစ်ပွားခဲ့သည့်လေကြောင်းစီးနင်းတိုက်ခိုက်မှုကြောင့် ကန်ဒတ်ဇ် မြောက်ပိုင်းပြည်နယ် အစ္စလာမ့်ဘာသာရေးကျောင်းရှိ ဘာသာရေးပွဲတော်တစ်ခုကို ထိမှန်ခဲ့သည်။

စုံစမ်းစစ်ဆေးမှုများကို အခြေခံကာ မစ်ရှင်အဖွဲ့က ပြောကြားခဲ့သည်မှာ လူ ၃၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၎င်းတို့အနက် အယောက် ၃၀ မှာ ကလေးငယ်များဖြစ်ကြသည်ဟု ဆိုသည်။ ထိခိုက်ဒဏ်ရာရရှိသူ ၇၁ ဦး ရှိခဲ့သည်။ အာဖဂန်တပ်မတော် ရဟတ်ယာဉ်များသည် ဒုံးကျည်များနှင့် စက်သေနတ်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။အာဖဂန်အစိုးရအဖွဲ့က လေယာဉ်များသည် တာလီဘန်တို့ရှိရာ အဆောက်အအုံများကို ပစ်မှတ်ထားခဲ့ကြောင်း၊ စစ်သွေးကြွအဖွဲ့ခေါင်းဆောင်များသည် အဆိုပါနေရာတွင် စုဝေးနေခဲ့ကြခြင်းဖြစ်ကြောင်း သဲလွန်စရရှိမှုများအပေါ် အခြေခံကာ ပြောကြားခဲ့သည်။

သို့သော် ကုလသမဂ္ဂအာဏာပိုင်များက ဘာသာရေးပွဲတော်သို့ တက်ရောက်ခဲ့သည့် ပြည်သူ ၅၀၀ မှ ၁၅၀၀ အတွင်းရှိခဲ့ပြီး အစိုးရအနေဖြင့် အရပ်သားများ သေကျေပျက်စီးမှုရှိနိုင်သည်ကို ကြိုတင်သိမြင်ပြီးသားဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

အာဖဂန်အာဏာပိုင်များ၏ ပြည့်စုံလုံလောက်မှုမရှိသည့် ကြိုတင်ကာကွယ်ထားမှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂက အကြီးအကျယ် စိုးရိမ်ပူပန်နေသည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**



# ဂျေရုဆလင်၌ အမေရိကန်သံရုံးဖွင့်လှစ်ရန်အတွက် အစ္စရေးသို့စေလွှတ်မည့် ကိုယ်စားလှယ်အဖွဲ့ကို ထရန့်ကြေညာ

**ဝါရှင်တန် မေ ၈**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ဂျေရုဆလင်၌ အမေရိကန်သံရုံးဖွင့်လှစ်ရာတွင် တက်ရောက်ကြရန် ရွေးချယ်သတ်မှတ်လိုက်သည့် သမ္မတ၏ကိုယ်စားလှယ်အဖွဲ့ကို တနင်္လာနေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

အိမ်ဖြူတော်၏ ဖော်ပြချက်အရ သံရုံးဖွင့်လှစ်မှုအခမ်းအနားကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### အခြားကိုယ်စားလှယ်များ တက်ရောက်

ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျွန်ဆူလီဗန်က ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သွားမည်ဖြစ်သည်။ အခြားအဖွဲ့ဝင်များအနေဖြင့် အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒေးဗစ် ဖရိုက်ဒ်မန်၊ ဘဏ္ဍာရေးအတွင်းဝန် စတီဗင်မြူချင်နှင့် အခြားကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

**ဆင်ဟွာ**




# သီရိလင်္ကာသို့ တရုတ်ခရီးသွားဧည့်သည် ဧပြီလအထိ တစ်သိန်းနီးပါး လာရောက်လည်ပတ်ခဲ့

**ကိုလမ်ဘို မေ ၈**

ယခုနှစ်ဧပြီလအထိ သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်ခရီးသွားဧည့်သည်အရေအတွက် တစ်သိန်းနီးပါးရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

### ခရီးသွားလာရောက်မှုအများဆုံးဖြစ်

ခရီးသွားဝန်ကြီးဌာနမှ ကိန်းဂဏန်းအချက်အလက်ဖော်ပြမှုများအရ တရုတ်နိုင်ငံသည် သီရိလင်္ကာကျွန်းနိုင်ငံသို့ ခရီးသွားလာရောက်မှုအများဆုံးဖြစ်သည့် ထိပ်တန်းသုံးနိုင်ငံစာရင်းတွင် ပါဝင်ခဲ့ကြောင်းသိရသည်။

ဧပြီလတွင် သီရိလင်္ကာသို့လာရောက်လည်ပတ်သည့် တရုတ်ခရီးသွားဧည့်သည် ၁၇၄၆၂ ဦးရှိခဲ့ပြီး တရုတ်နိုင်ငံကို တတိယအကြီးဆုံးဈေးကွက်အဖြစ် ရောက်ရှိစေခဲ့သည်။ အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့မှာ ပြီးခဲ့သည့်လက ဒုတိယထိပ်တန်းဈေးကွက်နှစ်ခုဖြစ်ခဲ့သည်။

### ၁၂ ဒသမ ၆ရာခိုင်နှုန်းတိုးပွားလာ

ဧပြီလအတွင်း သီရိလင်္ကာသို့ နိုင်ငံတကာမှခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုသည် ၁၈၀၄၂၉ဦးရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ဧပြီလက လာရောက်သည့် အရေအတွက်ထက် ၁၂ ဒသမ ၆ရာခိုင်နှုန်းတိုးပွားလာခဲ့သည်။

**ဆင်ဟွာ**

### မြောက်ကိုရီးယားခေါင်းဆောင် တရုတ်နိုင်ငံရောက်ရှိနေဟု တောင်ကိုရီးယားမီဒီယာမှ ဖော်ပြ

**ပြုံယမ်း မေ ၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် တရုတ်နိုင်ငံ တာ့လျန်မြို့သို့ ရောက်ရှိနေသည်ဟု ယူဆရကြောင်း တောင်ကိုရီးယားသတင်းမီဒီယာကဖော်ပြခဲ့သည်။ အရှေ့မြောက်ပိုင်းမြို့၏ အရာရှိများဧည့်ရိပ်သာသို့ သွားရာလမ်းများပေါ်တွင် တနင်္လာနေ့ကတည်းက ယာဉ်စည်းကမ်းထိန်းသိမ်းကြပ်မတ်မှုများ ဆောင်ရွက်နေခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။ လမ်းမများတစ်လျှောက် အနက်ရောင်သံတမန်ယာဉ်များ သွားလာနေမှုကို တွေ့မြင်ရပြီး ကားလမ်းဘေးတစ်လျှောက် ရဲတပ်ဖွဲ့ဝင်အင်အားများစွာရှိနေခဲ့သည်။ **အင်န်အိတ်ချ်ကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အကြမ်းဖက်မှုနှင့် ပင်လယ်ဓားပြမှုများကို ရင်ဆိုင်ချေမှုန်းရန် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ လက်နက်များ ပိုမိုဝယ်ယူမည်

**မနီလာ မေ ၈**

ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ (PGC) သည် ပင်လယ်ပြင်၌ အကြမ်းဖက်မှုနှင့် ပင်လယ်ဓားပြမှုများကို ရင်ဆိုင်တိုက်ခိုက်ရာတွင် တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်သွားရန်အတွက် ယခုနှစ်တွင် ပစ္စတိုသေနတ်များ၊ စက်သေနတ်များအပါအဝင် လက်နက်များ ပိုမိုဝယ်ယူသွားရန် အစီအစဉ်ကို တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ပီစီဂျီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ကပ္ပတိန် အာမန် ဘာလီလိုက လက်နက်များနှင့် ရေပိုင်ဆိုင်မှုအတွက် အစိုးရအနေဖြင့် ပီဆိုငွေ တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၂၀) ကုန်ကျမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပီစီဂျီအဖွဲ့သည် မကြာသေးမီက ပီဆိုငွေ ၁၀ သန်းခန့်တန်ဖိုးရှိသည့် ထရာဗိုစက်သေနတ်ပေါင်း ၇၀ ကို ဝယ်ယူခဲ့သည်ဟု ဘာလီလိုက ပြောကြားခဲ့သည်။ လက်နက်များကို ပီစီဂျီအဖွဲ့သို့ တနင်္လာနေ့က ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ယူဂန္ဒာနိုင်ငံ အဲလိဇဘတ် အမျိုးသားဥယျာဉ်၌ ကလေးတစ်ဦး ကျားသစ်စားခံရ

**ကန်ပါလာ မေ ၇**

ယူဂန္ဒာနိုင်ငံရှိ နာမည်ကြီး ဘုရင်မကြီး အဲလိဇဘတ် အမျိုးသားဥယျာဉ်၌ အလုပ်လုပ်နေသော အမျိုးသမီးတောခေါင်းတစ်ဦး၏ အသက်သုံးနှစ်အရွယ်ရှိ ကလေးတစ်ဦးကို ခုန်အုပ်စားသောက်ခဲ့သော ကျားသစ်တစ်ကောင်ကို ယူဂန္ဒာ အာဏာပိုင်များက ရှာဖွေလျက်ရှိကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စည်းရိုးကာရံထားခြင်း မရှိသော ကလေးထိန်းဂေဟာ၌ အဆိုပါ ကလေးအား အပ်ထားခဲ့ချိန်တွင် ယခုကဲ့သို့ ကျားသစ်စားသောက်ခြင်း ခံခဲ့ရကြောင်း သိရသည်။

သားရိုင်းတိရစ္ဆာန်အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သူ ဘတ်ရှာ ဟန်ဂီက အဆိုပါ ကလေးသည် ကလေးထိန်းဂေဟာအပြင်ဘက် တံခါးဘက်သို့ ထွက်သွားခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဝမ်းနည်းဖွယ်ကိစ္စဖြစ်ကြောင်း ပြောခဲ့သည်။

ကလေးထိန်းမှာ ကလေးထိုသို့ ထွက်သွားသည်ကို သတိမထားမိလိုက်ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ၎င်းအနေဖြင့် သိလျှင်သိချင်း ကျားသစ်ကို ဟန့်တား တိုက်ခိုက်ခဲ့သော်လည်း အချည်းအနှီးဖြစ်ခဲ့ရကြောင်းနှင့် ကျားသစ်မှာ ချုံအတွင်းသို့ ဝင်သွားခဲ့ကြောင်း ပြောခဲ့သည်။

နောက်တစ်နေ့မနက် ရှာဖွေမှုများ ပြုလုပ်ရာတွင် ကလေးဦးခေါင်းခွံကိုသာ တွေ့ခဲ့ရကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အပြောင်းအလဲကို တောင့်တလာကြတဲ့ လက်ဘနွန်ပြည်သူများ

**ခြူးစန္ဒီနွေး**



လက်ဘနွန်အစိုးရရဲ့ နှစ်ပေါင်းရှည်ကြာ ပြုပြင်ပြောင်းလဲရေးကိစ္စတွေမှာ လျစ်လျူရှုထားမှု၊ အကျင့်ပျက်ခြစားမှုတွေ ပိုမိုများပြားလာတာကြောင့် လက်ဘနွန်နိုင်ငံရဲ့ ပါလီမန်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်လိုက်တာပါလို့ လက်ဘနွန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသ ဘီကာ တောင်ကြားမှာ နေထိုင်တဲ့ ရာရချာမတ်စ်က ပြောပါတယ်။ အစိုးရရဲ့ လျစ်လျူရှုမှုကြောင့် သူ့ဒေသက ပြည်သူတွေဟာ အခြေခံအဆောက်အအုံတွေလည်း မပြည့်မစုံ ဆင်းရဲမွဲတေစွာနဲ့ ရှင်သန်နေထိုင်နေရတယ်လို့ သူက ဆက်ပြောပါတယ်။ တကယ်တမ်းကျတော့ လူတွေဟာ စိတ်ကုန်နေကြပြီလို့ ပါလီမန်အဖွဲ့ဝင်ဟောင်းလည်းဖြစ်၊ စီးပွားရေးသမားတစ်ဦးလည်းဖြစ်တဲ့ မစ္စတာ ချာမတ်စ်က ပြောပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ မဖြစ်နိုင်ဘူးလို့ ယူဆရတဲ့ အယူအဆတွေ အပြုအမူတွေအားလုံးကို ပြောင်းလဲပစ်ဖို့ ကျွန်တော်တို့ မျှော်လင့်ထားတယ်လို့ သူက ဆက်ပြောပါတယ်။

### အဖြေဆိုတာ ရှာမတွေ့နိုင်

သူ့ရဲ့စကားလုံးတွေဟာ လတ်တလောမှာ လူကြိုက်များနေတဲ့ စကားလုံးတွေဖြစ်နေပေမယ့် သူ့ရဲ့ အဓိကပြိုင်ဘက်ကတော့ လက်ဘနွန်မှာ အင်အားအကြီးဆုံး စစ်သွေးကြွအုပ်စုနဲ့ နိုင်ငံရေးပါတီဖြစ်တဲ့ ဟစ်ဇ်ဘိုလာအဖွဲ့ကပဲ ဖြစ်တယ်။ ကိုးနှစ်တာကာလအတွင်းမှာ ပထမဦးဆုံးအကြိမ် ကျင်းပတဲ့ ပါလီမန်ရွေးကောက်ပွဲအတွက် ပြည်သူတွေက အားခဲထားကြပါတယ်။ လက်ဘနွန်နိုင်ငံရဲ့ စီးပွားရေးကို ချည့်နဲ့စေမယ့် အကြောင်းအရာတွေကလည်း အများကြီးပါပဲ။ တိုင်းပြည်အတွင်းမှာ ဆီးရီးယားဒုက္ခသည်တွေကလည်း တောင်လိုပုံနေတယ်။ စီးပွားရေးကလည်း ဒယိမ်းဒယိုင်၊ အမှိုက်သရိုက်တွေဆိုတာကလည်း စုပုံနေ၊ ဒီလိုမျိုးအခြေအနေတွေကြားထဲမှာ ရှင်သန်နေရပါတယ်။ အဲဒီအခြေအနေတွေကြားထဲမှာမှ အဆိုးဆုံးကတော့ ဟစ်ဇ်ဘိုလာနဲ့ အစ္စရေးကြား စစ်ပွဲဖြစ်လာမှာကိုပါပဲ။ ဒီပြဿနာတွေအားလုံးအတွက် နိုင်ငံရေးအသိုင်းအဝိုင်းကတော့ အဖြေဆိုတာ ရှာမတွေ့နိုင်အောင်ပါပဲ။

လက်ရှိ အခြေအနေဆိုးတွေကို ကျော်လွှားနိုင်ဖို့ အချိန်အတော်ကြာမှ ကျင်းပရတဲ့ ဒီရွေးကောက်ပွဲကို မဝံ့မရဲနဲ့ ပြည်သူတွေ မျှော်လင့်ကြပါတယ်။ ဒါပေမယ့်လည်း အသစ်တက်လာမယ့် အစိုးရဟာ ပြည်သူတွေရဲ့မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါ့မလား။ ဒီလိုနဲ့ တနင်္ဂနွေနေ့မှာတော့ လက်ဘနွန်နိုင်ငံမှာ ဆယ်စုနှစ်တစ်ခုအတွင်း ပထမဦးဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲ ကျင်းပခဲ့ပါပြီ။ လက်ဘနွန်မှာ နောက်ဆုံးအကြိမ် ရွေးကောက်ပွဲကျင်းပခဲ့တာကတော့ ၂၀၀၉ ခုနှစ်ကပါ။ လေးနှစ်သက်တမ်းအတွက် ရွေးကောက်ပွဲ ပြုလုပ်ခဲ့တာပဲ ဖြစ်တယ်။ ဒါပေမယ့်လည်း နိုင်ငံရဲ့ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်မယ်ဆိုတဲ့ အကြောင်းပြချက်ရယ်၊ အိမ်နီးချင်းဆီးရီးယားနိုင်ငံမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကြောင့် အခြေအနေတွေ မတည်ငြိမ်သေးဘူးဆိုတဲ့ အကြောင်းပြချက်တွေရယ်ကြောင့် ပါလီမန်ဟာ သူ့ရဲ့ လေးနှစ်သက်တမ်းကို နောက်တစ်ကြိမ် တိုးချဲ့ခဲ့ပါတယ်။

### မဲပေးမှုစနစ် ပြောင်းလဲ

အခုအချိန်မှာတော့ မဲပေးမှုစနစ်တွေ ပြောင်းလဲသွားပါပြီ။ မဲပေးတဲ့ ခရိုင်အရေအတွက်ကို လျှော့ချထားပြီး နောက်ကျမဲတွေကိုလည်း ပထမဦးဆုံးအကြိမ်အဖြစ် လက်ခံခဲ့ပါတယ်။ ထူးခြားတာတစ်ခုကတော့ အမေရိကန်နဲ့ အခြားသောနိုင်ငံတွေက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတဲ့ ဟစ်ဇ်ဘိုလာအဖွဲ့ဟာ ပါလီမန်မှာ ပိုမိုနေရာရလာအောင် ကြိုးစားလာတာပါပဲ။ ၁၂၈ နေရာအတွက် မဲပေးရတာဖြစ်ပြီး အင်္ဂါနေ့မတိုင်မီအချိန်အထိတော့ မဲရလဒ်တွေကို သိရမှာမဟုတ်ဘူးလို့ ခန့်မှန်းထားကြပါတယ်။ တချို့ကလည်း တနင်္ဂနွေနေ့ညမှာပဲ ရလဒ်အဖြေကို သိရလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ နောက်ကျမဲတွေကို လက်ခံတယ်လို့ သိရကတည်းက နိုင်ငံရပ်ခြားရောက်နေကြတဲ့ ပြည်သူတွေဟာ ယခုသီတင်းပတ်အစကတည်းက မဲပေးခဲ့ကြပါတယ်။ လက်ဘနွန်နိုင်ငံမှာဆိုရင် အာဏာခွဲဝေတဲ့နေရာမှာ ဘာသာရေးအုပ်စုတွေက လွှမ်းမိုးထားကြပါတယ်။ ခရစ်ယာန်နဲ့ အစ္စလာမ္မစ်အုပ်စုတွေကြား အာဏာခွဲဝေပိုင်ဆိုင်ထားပါတယ်။ သမ္မတ၊ ဝန်ကြီးချုပ်နဲ့ ပါလီမန်ဥက္ကဋ္ဌတို့ဟာလည်း အတူတူပါပဲ။ ဒီအုပ်စုတွေကပဲ လာတာပါ။ လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီကတော့ နိုဝင်ဘာလအတွင်းကမှ ဆော်ဒီကို ထွက်ပြေးသွားခဲ့ပြီး ရာထူးကနေ နုတ်ထွက်ကြောင်း တီဗွီကနေတစ်ဆင့် ကြေညာခဲ့တာပါ။

### နိုင်ငံရေးကို ရိုက်ခတ်လာ

လက်ဘနွန်နိုင်ငံရဲ့ အတိတ်ကို ပြန်ကြည့်မယ်ဆိုရင် ၁၉၉၀ ပြည့်နှစ် ပြည်တွင်းစစ်ပွဲပြီးကတည်းက လက်ဘနွန်နိုင်ငံရဲ့အစိတ်အပိုင်းအချို့ဟာ ဆီးရီးယားနဲ့ အစ္စရေးတို့ရဲ့ တိုက်ခိုက်ခြင်းကို ခံရပါတယ်။ ဒီလိုနဲ့ နိုင်ငံဟာ အင်အားချည့်နဲ့လာခဲ့ပြီး စီးပွားရေးလည်း ထိခိုက်ခဲ့ရပါတယ်။ ဒီဆိုးကျိုးတွေဟာ နိုင်ငံရေးကိုလည်း ရိုက်ခတ်လာခဲ့ပါတယ်။ ပါလီမန်ဟာ အစိုးရကို တာဝန်ယူတတ်ဖို့၊ တာဝန်ခံတတ်ဖို့ မထိန်းကျောင်းနိုင်တော့ပါဘူး။ ဒါကြောင့်လည်း ပြည်သူတွေဟာ အပြောင်းအလဲတစ်ရပ်အနေနဲ့ အစိုးရအသစ်ကို မျှော်လင့်ကြတာပါ။ လက်ရှိမှာတော့ ခရိုင် ၁၅ ခုက အမတ်နေရာ ၁၂၈ နေရာအတွက် လူပေါင်း ၅၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ သတိပြုမိဖွယ်ကောင်းတာကတော့ အမျိုးသမီးအများစုလည်း ပါဝင်ယှဉ်ပြိုင်လာကြတာပါပဲ။ ၂၀၀၉ ခုနှစ်တုန်းကဆိုရင် အမျိုးသမီး ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမယ့် လေးဦးသာ အနိုင်ရရှိခဲ့ပါတယ်။ အခုအချိန်ဟာ ၂၀၀၉ ခုနှစ်တုန်းကနဲ့ မတူပါဘူး။ မဲပေးမှုပုံစံတွေ ပြောင်းလဲသွားရုံသာမက မဲပေးသူတွေလည်း ပြောင်းလဲသွားပါပြီ။

### အပြောင်းအလဲတစ်ခုကိုလိုလား

ဒီလိုပါပဲ ဝင်ရောက်ယှဉ်ပြိုင်သူတွေဟာလည်း အသစ်တွေပါပဲ။ ဘာလို့လဲဆိုရင် လူငယ်ပေါင်း ခုနစ်သိန်းခန့်ဟာ အခုအချိန်မှာ မဲပေးနိုင်တဲ့ အသက်အရွယ်ကို ရောက်လာပြီပဲ ဖြစ်တယ်။ အပြောင်းအလဲတစ်ခုကို အလွန်လိုလားနေကြတဲ့ ဒီလူငယ်တွေဟာ သူတို့မိဘတွေတုန်းကနဲ့မတူတဲ့ ဆုံးဖြတ်ချက်ကို ချနိုင်တော့မှာပါ။ ဝါရှင်တန်အခြေစိုက် အမျိုးသား ဒီမိုကရေစီအင်စတီကျူမှ အရှေ့အလယ်ပိုင်းနဲ့ မြောက်အာဖရိကဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သူ လက်စ်ကမ်ဘဲလ်က ပြောပါတယ်။ မဲပေးမှုစနစ် ပြောင်းသွားပြီဆိုပေမယ့် ပါတီကြီးတွေနဲ့ လူချမ်းသာတွေအတွက်ကတော့ အခွင့်အရေးတွေ ရှိနေဆဲပါပဲ။ ရုပ်သံလွှင့်ရုံတွေကနေ မဲဆွယ်စည်းရုံးနိုင်ဖို့ဆိုတာ တစ်နာရီကို ဒေါ်လာပေါင်းများစွာပေးပြီးတော့မှ ငှားရမ်းလို့ ရတာပါ။ ဒီတော့ အလွန်မျှော်လင့်လို့လည်း မရပါဘူး။ ကျောင်းဆရာတစ်ဦးဖြစ်သူ ဆူဟာဂါဒါကတော့ သူဟာ အပြောင်းအလဲကို တောင့်တတာမှန်ပေမယ့် အလွန်မမျှော်လင့်ရဲပါဘူးလို့ ပြောပါတယ်။ လက်ရှိအစိုးရကတော့ အကျင့်ပျက်ခြစားမှုတွေ၊ ပြည်သူတွေအတွက် အခြေခံလိုအပ်ချက်တွေ ဘာမှဖြည့်ဆည်းမပေးဘဲ အနှစ် ၃၀ ကြာ အုပ်ချုပ်သွားခဲ့ပါတယ်။ လျှပ်စစ်မီးမရှိ၊ လမ်းမကောင်း၊ စီးပွားရေးကမကောင်း။ တာဝန်ခံမှုဆိုတာ ဘယ်မှာလဲလို့ ပါလီမန်အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ မစ္စတာ ချာမတ်စ်က ပြောပါတယ်။ အခုအချိန်မှာတော့ သူဟာလည်း ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်တစ်ဦးပါပဲ။

### ပါတီအစွဲကြီးလွန်း

တိုင်းပြည်မှာ အဓိကကြုံတွေ့နေရတဲ့ ပြဿနာကတော့ အကျင့်ပျက်ခြစားမှုပဲ ဖြစ်တယ်လို့ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်တစ်ဦးဖြစ်သူ အလီမော့ဒတ်က ပြောပါတယ်။ သူဟာလည်း မစ္စတာချာမတ်စ် ဝင်ပြိုင်တဲ့ခရိုင်က အမတ်တစ်ဦးဖြစ်ပါတယ်။ သူဟာ ၂၀၀၅ ခုနှစ်ကတည်းက ပါလီမန်မှာ ဝင်ရောက်လုပ်ကိုင်ခဲ့တာဖြစ်ပေမယ့် အကျင့်ပျက်ခြစားမှုနဲ့ပတ်သက်လို့ ဘာလုပ်ခဲ့သလဲလို့ မေးရင်တော့ ဘာမှမလုပ်ခဲ့ရဘူးလို့ သူက ဖြေပါတယ်။ လက်ဘနွန်နိုင်ငံရဲ့ ပါတီအစွဲကြီးလွန်းတာကြောင့် ပြုပြင်ပြောင်းလဲဖို့ ခက်ခဲရတာပါလို့ သူက အပြစ်ဖို့ခဲ့ပါတယ်။

လက်ရှိမှာတော့ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်ပေါင်း ၆၄၀ ခန့်ဟာ လက်ဘနွန်နဲ့ ဆီးရီးယားမှာ တိုက်ခိုက်ရင်းသေဆုံးခဲ့ရတဲ့အတွက် ဟစ်ဇ်ဘိုလာအဖွဲ့ဟာ သူတို့အတွက် လစဉ်ထောက်ပံ့ကြေးပေးလျက်ရှိပါတယ်။ အဲဒီတော့ ထောက်ပံ့ကြေးယူနေတဲ့ မိသားစုဝင်တွေဟာ အခြားသူတွေကို မဲပေးဖို့ဆိုတာကရော ဖြစ်နိုင်ပါ့မလား။ မဲပေးပွဲအပြီးမှာတော့ အစိုးရသစ် ဖွဲ့စည်းရတော့မှာပဲ ဖြစ်တယ်။ အဲဒီအစိုးရကရော အရင်တုန်းက လူတွေပဲလား၊ ဒါမှမဟုတ် အပြောင်းအလဲကို လိုလားနေတဲ့ ပြည်သူတွေရဲ့ မဲပေးမှုတွေနဲ့ လူသစ်တွေက ဦးဆောင်တော့မှာလား။ အစိုးရသစ်ကရော ပြည်သူတွေလိုလားနေတဲ့ ပြောင်းလဲမှုကောင်းတွေကို ဖော်ဆောင်နိုင်ပါ့မလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရမှာပါပဲ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **“ထူးခြားတာတစ်ခုကတော့ အမေရိကန်နဲ့ အခြားသောနိုင်ငံတွေက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတဲ့ ဟစ်ဇ်ဘိုလာအဖွဲ့ဟာ ပါလီမန်မှာ ပိုမိုနေရာရလာအောင် ကြိုးစားလာတာပါပဲ”**

# အညာမြေက ထန်းပင်တွေ မပျောက်ပျက်စေဖို့

**ဝင်းချစ် (အမျိုးသားစာပေဆု)**

အညာဒေသမှ ထန်းပင်များကို ခုတ်လှဲပြီး ရောင်းချနေကြကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရပါသည်။ ထန်းပိုင်ရှင်များက ထန်းတက်သမားများ ရှားပါးမှုကြောင့် တစ်ကြောင်း၊ ထန်းလျက်ဈေးကျမှုကြောင့် တစ်ကြောင်း စိတ်ပျက်နေကြသည့် အချိန်တွင် အကွက်မြင်သော စီးပွားရေးသမားများက ဈေးကောင်းပေး၍ ဝယ်ကြသဖြင့် ရောင်းချကြခြင်းဖြစ်ကြောင်း သိရပါသည်။



### ခံစားနိုင်မည်မဟုတ်ပါ

မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ အတုံးအရုံးလဲနေသည့် ထန်းပင်များကိုမြင်ရသည်မှာ အလွန်ပင် စိတ်ထိခိုက်ရပါသည်။ အလွန်ရက်စက်သော မုဆိုးများ၏ လက်ချက်ဖြင့် အတုံးအရုံးလဲကျသေဆုံးနေသည့် ဆင်သေကောင်များ၏ ဓာတ်ပုံများကို မြင်လိုက်ရသကဲ့သို့ပင် ထန်းပင်များ မြင်တွေ့ရခြင်းမှာ စာရေးသူ ရင်နင့်ဖွယ် ခံစားခဲ့ရပါသည်။ အညာဒေသတွင် မွေးဖွားခဲ့ပြီး အညာဒေသ၏ အငွေ့အသက်များကြား၌ ကြီးပြင်းခဲ့ရုံသာမက အညာဒေသ၌ပင် အသက် ၇၀ အထိ နေထိုင်ခဲ့သော စာရေးသူအနေဖြင့် အညာဒေသ၏ အဓိကပုံရိပ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ထန်းပင်များ မရှိတော့ပါက (အလွန်နည်းသွားပါက) တွေ့မြင်ရမည့် မြင်ကွင်းကို မည်သို့မျှ ခံစားနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် ထန်းပင်များ ခုတ်လှဲခံရမှု ကင်းဝေးသွားစေနိုင်မည့် နည်းလမ်းတစ်ခုကို ဖော်ပြလိုပါသည်။ ထန်းချစ်သူများနှင့် အညာဒေသချစ်သူများ စုစည်းပြီး အသင်းများဖွဲ့စည်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အရှယ်ရောက်ပြီး ထန်းပင်များကို ထန်းပိုင်ရှင်များထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူကြရန် ဖြစ်ပါသည်။ ဝယ်ယူထားသည့် ထန်းပင်များ အိုမင်းပြီး ပြိုလဲသွားမည့် အန္တရာယ်သို့ ရောက်ရှိသည့် အခြေအနေမှအပ ထန်းပင်ကို လုံး၀ ခုတ်လှဲခွင့်မပြုရန် ဖြစ်ပါသည်။ ဤကဲ့သို့ အကောင်အထည်ဖော်နိုင်မည်ဆိုပါက ထန်းတက်သူများ (ထန်းသမား) များသည် ထန်းပိုင်ရှင်များအား ထန်းစုပေးရန် မလိုတော့ခြင်းကြောင့် ၎င်းတို့၏ဘ၀ကို တစ်စိတ်တစ်ဒေသ မြှင့်တင်ပေးရာလည်း ရောက်မည်ဖြစ်ပါသည်။ (ထန်းတစ်ပင်လျှင် ထန်းစုအဖြစ် ထန်းလျက်တစ်ပိဿာပေးရကြောင်း သိရပါသည်)

### ထန်းတက်သမားများ၏ဘ၀

ထန်းချစ်သူများအဖွဲ့အစည်းများအနေဖြင့် ထန်းပင်ကိုဝယ်ယူမည့် အလှူရှင်များရရှိအောင် စည်းရုံးရာတွင် ယခုလုပ်ရပ်သည် သားသတ်ရုံသို့ပို့မည့် ကျွဲ၊ နွားများကို ဝယ်ယူ၍ ဇီဝိတဒါနဘေးမဲ့လွှတ်သည့် လုပ်ရပ်ကဲ့သို့ မွန်မြတ်ကြောင်း၊ သတ္တဝါများ၏ အသက်ကို ကယ်တင်ပေးသကဲ့သို့ ထန်းပင်များကို ကယ်ဆယ်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထန်းပင်များ ဆက်လက်ရှင်သန်နေသောကြောင့် ထန်းတက်သမားများ၏ ဘ၀ကို ကယ်တင်ပေးရာရောက်သည်သာမက အညာဒေသ၏ အမွေအနှစ်များကိုလည်း နောင်မျိုးဆက်များအတွက် ထိန်းသိမ်းပေးရာရောက်မည်ဖြစ်ကြောင်း ပြောပြရန် ဖြစ်ပါသည်။

ထန်းပင်များကို အလှူခံပေးကြမည့် အသင်းအဖွဲ့အနေဖြင့် အလှူခံ၍ ရရှိထားသည့် ထန်းပင်များတွင် "နံပါတ်စဉ်ရေးထိုးထားပြီး အလှူရှင်၏အမည်ကို ဖော်ပြထားသော Name Plate" များ ကပ်ပေးခြင်းအားဖြင့်ဖြစ်စေ ထန်းပင်များတွင် နံပါတ်စဉ်ကို တွင်းထုထားပြီး အလှူရှင်များ၏ စာရင်းကို ထန်းတော၏မျက်နှာသာတွင် ဆိုင်းဘုတ်ထောင်ပေးခြင်းဖြင့်ဖြစ်စေ အလှူရှင်များကို ဂုဏ်ပြုပေးရာရောက်သည်သာမက နောက်ထပ်အလှူရှင်များလည်း တိုးပွားလာစေမည်ဖြစ်ပါသည်။ ထန်းပင်တစ်ပင်ကို ငွေကျပ်တစ်သောင်း ပေးရသည်ဆိုပါက ငွေတစ်သိန်းလှူဒါန်းသူတစ်ဦးအနေဖြင့် ထန်းပင်ဆယ်ပင်ကို ကယ်ဆယ်ပေးရာရောက်ပြီး သိန်းပေါင်း တစ်ထောင်ရအောင် အလှူခံနိုင်သည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် အညာဒေသမှ ပျောက်ကွယ်သွားမည့် ထန်းပင်ပေါင်းတစ်သောင်းကို မူလအတိုင်း ဆက်လက်ရှင်သန်စေပြီး အညာဒေသ၏ သဘာဝအလှကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းပေးရာရောက်မည် ဖြစ်ပါသည်။

### သတင်းကောင်း ကြားသိလိုက်ရ

ယခုဆောင်းပါးကို အပြီးသတ်ရေးသားနေစဉ်မှာပင် ကျောက်ပန်းတောင်းမှ တပည့်တစ်ဦးက **"တော်ဝင်ထန်းအဖွဲ့"** က ထန်းပင်များခုတ်လှဲခြင်းခံရသည့်ဘေးမှ ကင်းဝေးစေရေးအတွက် ထန်းပင်များကို လိုက်လံဝယ်ယူနေကြောင်း သတင်းကောင်း ကြားသိလိုက်ရပါသည်။ စာရေးသူအနေဖြင့် ဤသတင်းကိုကြား၍ အလွန်ပင်ကြည်နူးပြီး စာရေးသူ၏ စိတ်ကူးထက် ဦးစွာလက်တွေ့ဆောင်ရွက်နိုင်သည့် **"တော်ဝင်ထန်းအဖွဲ့"** ကဲ့သို့သော နိုင်ငံတော်၏ အမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းပေးနိုင်သော အဖွဲ့အစည်းများ ယခုထက်ပို၍ပို၍ ပေါ်ပေါက်လာစေရန် ဆန္ဒပြုအပ်ပါသည်။ ။

# မင်းလှရေလှောင်တမံ ကြံ့ခိုင်မှု ဘူမိရုပ်သွင်ပုံရိပ်ဖော်စက်များနှင့် ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်

**မင်းလှ မေ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများသည် အုတ်ဖိုမြို့အရှေ့ဘက်ရှိ မင်းလှရေလှောင်တမံ၏ ကြံ့ခိုင်မှုအခြေအနေများကို ဘူမိရုပ်သွင်ပုံရိပ်ဖော်စက်များနှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ ဘူမိဗေဒဆိုင်ရာ အသေးစိတ်တိုင်းတာမှုများကို ဧပြီ ၂၀ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ငလျင်လှုပ်ခတ်မှုများကြောင့် မင်းလှရေလှောင်တမံ၏ ကြံ့ခိုင်မှုအခြေအနေများကို သိရှိရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရုံးချုပ် နေပြည်တော်၏ ညွှန်ကြားချက်များအရ ဘူမိဗေဒဌာနခွဲ ရုံးလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့် ဦးစီးအရာရှိတို့ ဦးဆောင်သော အဖွဲ့သည် မင်းလှရေလှောင်တမံကို တိုင်းတာစစ်ဆေးခဲ့ကြရာ ရေလှောင်တမံသည် ငလျင်လှုပ်ခတ်မှု အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သော်လည်း တိုင်းတာချက်များအရ တမံ၏ ကိုယ်ထည်ပိုင်းနှင့် တမံ၏ အောက်ခံမြေသား အခြေအနေများ ပြောင်းလဲသွားခြင်း မရှိကြောင်း၊ ယခုတမံရေအမှတ်မှာ ၂၉၆ ဒသမ ၁၀ ပေတွင်လည်း အန္တရာယ်တစ်စုံတစ်ရာ မရှိကြောင်း ဦးစီးအရာရှိက ပြောခဲ့သည်။

အဆိုပါ ရေလှောင်တမံသည် ၂၀၀၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး မိုးစပါးအောင်ရေ ၁၁၇၂၅ ဧကခန့်ကို နှစ်စဉ်ရေပေးဝေကာ နွေစပါး ၂၁၇၅ ဧကနှင့် ဆောင်းသီးနှံ ဧက ၁၃၀၀ ခန့် စုစုပေါင်း ၁၄၇၇၅ ဧကခန့်ကိုစိုက်ပျိုးရေပေးဝေလျက်ရှိသော ရေလှောင်တမံဖြစ်ကြောင်း သိရသည်။ **ဇေယျာထွန်း (ကြို့ပင်ကောက်)**



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မူခင်းပညာပေး ပြခန်းယာဉ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကြွယ်နှင့် နယ်ထိန်းအရာရှိ ရဲအုပ် သန်းဇော်ဝင်းတို့က မှော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာ ၁ ရပ်ကွက်၌ မေ ၄ ရက်က ပြည်သူများအား မူခင်းအသိပညာပေး ဟောပြောစဉ်။

ဟန်စိုး (မြန်မာ့အလင်း)

# ရမ်းဗြဲမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ရှင်းလင်းတင်ပြ

**ရမ်းဗြဲ မေ ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု ၅၇ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်မှုများ ချပြရှင်းလင်းပွဲကို မေ ၅ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ ပြုလုပ်သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက ရပ်ကွက်ကျေးရွာအုပ်စုများမှ တင်ပြချက်များအပေါ် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း လုပ်ဆောင်ပေးမှုနှင့် ဆက်စပ်ပြီး ကျေးရွာအုပ်စုမှလိုအပ်သော အထောက်အထားများနှင့် လ.ဝ.က လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်မှုကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မေလအတွင်း စတင်ထုတ်ချေးပေးမည့် အခြေအနေတို့ကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သိရသည်။ ၁၅၇

# သံတွဲ ဦးဥတ္တမပန်းခြံ၌ အပန်းဖြေအနားယူသူများဖြင့် စည်ကား

**သံတွဲ မေ ၈**

သံတွဲမြို့ဗိုလ်ချုပ်လမ်းရှိ ဦးဥတ္တမပန်းခြံကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်က ဆရာတော်ဦးဥတ္တမရုပ်တုကို သွန်းလုပ်ပူဇော်ကာ ဦးဥတ္တမပန်းခြံအဖြစ် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် သံတွဲမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် အမှုဆောင်အရာရှိ ဦးလှဖော်စံတို့က ဦးဆောင်ကာ ကလေးကစားစရာများ၊ ပြည်သူများ အပန်းဖြေအနားယူစရာများ တပ်ဆင်တည်ဆောက်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကိုယ်လက်ကြံ့ခိုင်ရေး ကျန်းမာရေးပြုလုပ်ရန် အထောက်အကူပြု ပစ္စည်းများ တပ်ဆင်ပေးထားမှုတို့ကြောင့် ယခုအခါ ညနေပိုင်းအချိန်များတွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါ ပန်းခြံသည် သံတွဲမြို့ရှိ ပြည်သူများနှင့် ကလေးများ အပန်းဖြေအနားယူစရာ တစ်ခုတည်းသော ပန်းခြံဖြစ်ပြီး ယခင်ကာလများက ဥက္ကာပျံပန်းခြံ၊ ဒွါရာဝတီပန်းခြံ အမည်များဖြင့် တည်ရှိခဲ့သော်လည်း ပြုပြင်တည်ဆောက်ပေးမည့်သူများ မရှိခဲ့သဖြင့် ပန်းခြံများအဖြစ်သာ တည်ရှိခဲ့ရပြီး ယခုသိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒနှင့် အဖွဲ့က ဦးဆောင်၍ (၇၈) နှစ်ပြည့် ဆရာတော် ဦးဥတ္တမနေ့အခမ်းအနားနှင့် ဆရာတော် ဦးဥတ္တမရုပ်တုဖွင့်ပွဲ ကျင်းပပြီးမှသာ ဦးဥတ္တမပန်းခြံအဖြစ် စည်ကားလာခဲ့သဖြင့် ယခုထက်ပိုမိုသန့်ရှင်းသပ်ရပ်ကောင်းမွန်သော ပြည်သူများအနားယူအပန်းဖြေစရာပန်းခြံကို တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးစေလိုကြောင်း ပြည်သူများ၏ ပြောကြားချက်အရ သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ရေဦး မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၃၇ မြို့နယ်တွင် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုငွေဖြင့် လျှပ်စစ်၊ လမ်းတံတား၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေဆဲ လုပ်ငန်းများနှင့် ဆောင်ရွက်ပေးရန်အတွက် လျာထားသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မင်းသိန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွေးတို့က မေ ၅ ရက်က ရေဦးမြို့ မြသီတာခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**မုံတိုင်ပင် - လေးရွာ ကျေးရွာချင်းဆက်လမ်း**

ဆက်လက်၍ ဝန်ကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များက တက်ရောက်လာသူများထံမှ လက်ရှိကြုံတွေ့နေကြရသည့် ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြဆွေးနွေးခဲ့သည့်မေးခွန်းများနှင့်ပတ်သက်၍ ဇေယျဝတီ- ဒေါင့်ဒိုး ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပေးရန် လျာထားချက်ရှိကြောင်း၊ အုတ်ဖိုကျေးရွာ ရွှေကူချောင်းကူးတံတားကို အရှည် ပေ ၉၀ ကွန်ကရစ်တံတား ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ နေပူကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနချထားပေးနိုင်မှု လူဦးရေအပေါ်အခြေခံထားသည့်အတွက် လျာထားဆဲဖြစ်ကြောင်း၊ တင်းတိန်ရုံစံပြကျေးရွာကို မြို့နယ်စည်ပင်မှ လာရောက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အင်တောကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီအား ကွင်းဆင်းစစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ မုံတိုင်ပင် - လေးရွာ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးနိုင်ရန် ဒေသခံပြည်သူများ၏ ပူးပေါင်းမှုအားလိုအပ်နေကြောင်း၊ ညောင်လည်ကျေးရွာ စောမဲချောင်းချောင်းကူးတံတားတည်ဆောက်ပေးရန် လျာထားကြောင်း၊ ယစ်မျိုး လိုင်စင်မဲ့ရောင်းချနေမှုကို ဖမ်းဆီးနေကြောင်း၊ စာသင်ကျောင်းနှင့် ကိုက် ၃၀၀ အတွင်းရှိ ယစ်မျိုးဆိုင်များအား ယစ်မျိုးရောင်းချနေမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်ပြီး အင်းကြီးကျေးရွာ ကျေးလက် ကျန်းမာရေးဆေးခန်းတွင် ကျန်းမာရေးဝန်ထမ်းရှိ နေစေရေး ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝသဲကျေးရွာ စပါးစိုက်တောင်သူများ မြေရာဇဝင်လေ့လာပြီးမှ စိုက်ပျိုးသင့်ကြောင်း၊ လေးရွာစာသင်ကျောင်းဆောင်နှင့် လမ်းမှာ ၂၀၁၈/၂၀၁၉ ဘဏ္ဍာနှစ်တွင်စီမံချက်၌ ပါဝင်ပြီးဖြစ်ကြောင်း၊ ရေမြက်ကျေးရွာလမ်း ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေမှု ပံ့ပိုးပေးနိုင်ရေး လတ်တလော အစီအစဉ်မရှိသေးကြောင်း၊ ပေါက်သာကျေးရွာ NEP လျှပ်စစ်မီးလင်းရေး ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေဦး- ညောင်လှ လမ်းသွားလာမှုချောမွေ့စေရေး ဂျင်းကျောက်ကားစီးရေ ၂၀၀ ကျော်အနက်မှ ကားအစီးရေ ၁၀၀ ကျော် ချထားခင်းပေးနေကြောင်း၊ နောက်ဘတ်ဂျက်မှာ ကတ္တရာလမ်းခင်းရန်လျာထားကြောင်း၊ ရွာဖုကြီး-



လှည်းသွင်း ကလပ်ဇင်ချောင်းကူးတံတားအတွက် အရှည်ပေ ၄၀ ရှိ သံကူကွန်ကရစ်တံတားဖြစ်အောင် နိုင်ငံတကာအကူအညီဖြင့် တည်ဆောက်ပေးမည်ဖြစ်ကြောင်း ပြောသည်။

ထို့အပြင် ရေမြက်ကျေးရွာလမ်း ကျောက်ချောလမ်းခင်းပေးရန် ၁၃နှစ် စီမံကိန်းတွင် ရေးဆွဲပြီးဖြစ်ကြောင်း၊ ရွှေပြည်သာရပ်ကွက်၌ ကတ္တရာလမ်း တစ်ခုမျှ မရှိ၍ ဆောင်ရွက်ပေးရန်မှာ လက်ရှိကျောက်ချောလမ်း ခင်းပေးထားသည့်အတွက် ကတ္တရာလမ်းခင်း၍ မရနိုင်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အရည်အချင်း လျော့နည်းမှု ပြောင်းလဲပေးနိုင်ရန် ဥပဒေနည်းဥပဒေ ရေးဆွဲလျက်ရှိကြောင်း၊ ကြာပန်းညိုကျေးရွာ မြေထိန်းနံရံ တည်ဆောက်ပေးနိုင်ရေး အတွက် လာမည့် ဘဏ္ဍာနှစ်စီမံချက်တွင် မပါရှိသေးသော်လည်း ရန်ပုံငွေပိုလာပါက ထည့်သွင်းစဉ်းစား လုပ်ကိုင်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့ရေစီးရေလာကောင်းမွန်ရေး ရေထွက်ပေါက်များပိတ်ဆို့နေမှု မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဦးစီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**သန်းထိုက် (ရေဦး)**



# နွေပန်းများဖြင့် လှပနေသည့် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်

**ပြင်ဦးလွင် မေ ၈**

ရေပြင်အပါအဝင် ဧရိယာ ဧက ၂၄၀ ကျယ်ဝန်းသည့် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း၌ ယခုအခါ နွေရာသီပန်းမျိုးစုံတို့ လှပဝေဆာစွာ ပွင့်ဖူးလျက်ရှိနေကြောင်း သိရသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းသို့ အပန်းဖြေလာရောက်လေ့လာလည်ပတ်သူတို့အတွက် စိတ်ကြည်နူးချမ်းမြေ့စေရန် ရာသီအလိုက် ပန်းများကို နှစ်စဉ်ပြောင်းလဲစိုက်ပျိုးပေးလျက်ရှိနေရာ ယခုနှစ်ဆောင်းရာသီအပြီး နွေရာသီပန်းများကို အစားထိုးပြောင်းလဲစိုက်ပျိုးခဲ့ကြောင်း သိရသည်။

နွေရာသီပန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်၍ ပျိုးထုပ်အတွင်း ထည့်သွင်းစိုက်ပျိုးခြင်း၊ ဖေဖော်ဝါရီလလယ်တွင် မြေချစိုက်ပျိုးခြင်း စသည်တို့ကို အဆင့်ဆင့်ပြုလုပ်လာလျက်ရှိရာ နွေလများဖြစ်သော မတ်၊ ဧပြီ၊ မေလတိုတွင် နွေရာသီပန်းများသည် လှပစွာဖူးပွင့်လျက်ရှိရာ လာရောက်အပန်းဖြေကြသည့် ပြည်သူများ စိတ်အာရုံကို ပျော့ပါးလန်းဆန်းစေကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် နွေပန်းများအနေဖြင့် နိုင်ငံခြားမျိုး ၂၀ ဝန်းကျင်နှင့် ဒေသမျိုး ၂၂ မျိုးတို့ကို စိုက်ပျိုးခဲ့ပြီး နိုင်ငံခြားမျိုး အပင်ပေါင်း ၃၉၂၀၃ ပင်နှင့် ဒေသပျိုးပင်ပေါင်း ၆၀၀၀ ကျော် စိုက်ပျိုးပေးခဲ့သည်။ နွေရာသီပန်းများဖြစ်သည့် ဒေါင်းမြီးကွက်ကြီး၊ ဒေါင်းမြီးကွက်သေး၊ ဒန်းပန်းအသေး၊ ဒန်းပန်းအထပ်၊ ကျားပါးစပ်၊ သရက်ထည်၊ ဇော်မွှား၊ ပင်စိမ်း၊ နှဲပန်း၊ ရွှေတဆုပ်၊ စကွဲပန်း၊ ကြက်မောက် စသည့်ပန်းမျိုးတို့ကို အရောင်အသွေး စုံလင်စွာဖြင့် မျက်စိပဒေသာပန်းစိုက်ကွက်၊ မျက်လုံးပုံပန်းစိုက်ကွင်း၊ ပန်းစကြာ၊ ပန်းလျှောက်လမ်း၊ ပန်းပဒေသာ စသည့် ပန်းစိုက်ကွက်မျိုးစုံတို့ဖြင့် ခင်းကျင်းစိုက်ပျိုးထားလျက်ရှိကြောင်း သိရသည်။

"နွေပန်းတွေကို ဖေဖော်ဝါရီလမှာ မြေချစိုက်ပျိုးထားတယ်ဆိုပေမယ့် ပန်းစိုက်ခင်းတွေအလိုက် ရာနဲ့ထောင်နဲ့ ချီပြီး ပန်းပျိုးပင်တွေကို ထပ်မံဖြည့်တင်းအစားထိုးစိုက်ပျိုးပေးနေလို့ ဥယျာဉ်အတွင်းမှာ ပန်းတွေ နေ့စဉ်ပြတ်လပ်မသွားဘဲ လှပနေတာ ဖြစ်ပါတယ်၊ အခုလက်ရှိ နွေပန်းတွေအနေနဲ့ မေလကုန်တဲ့အထိ လှလှပပ ဝေဝေဆာဆာနဲ့ တွေ့မြင်နေရဦးမှာပါ၊ နွေပန်းတွေပြီးရင် ရာသီအလိုက် ပန်းဖြစ်တဲ့ မိုးပန်းတွေကို စိုက်ပျိုးပေးသွားမှာပါ" ဟု အမျိုးသား ကန်တော်ကြီးဥယျာဉ်မှ မန်နေဂျာ ဦးကျော်လင်းထူး၏ ပြောပြချက်အရ သိရပြီး ယခုအခါ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်ရှိ နွေပန်းများကို လာရောက်ကြည့်ရှုသူ များပြားလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# မဒေးရေလှောင်တမံမှ နွေစပါးစိုက်ခင်းဆီသို့

**မင်းဘူး မေ ၈**

ယခုနွေစပါးရာသီတွင် မြောင်းဆုံးမြောင်းဖျားအထိ ရေရရှိရေး၊ စိုက်ပျိုးရေပြည့်ဝစွာပေးဝေနိုင်ရေးအတွက် အင်နှင့်အားနှင့် အချိန်မီပြီးစီးအောင် ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် နွေစပါးလျာထား ၂၀၂၅ ဧက ကို ပြည့်ဝစွာစိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းမကြီးအနောက် ဘက် ၃ ဒသမ ၅ မိုင်အကွာ ကြို့ပင်ရွာအနီး မဒေးချောင်းအား ပိတ်၍ မဒေးရေလှောင်တမံကို တောင်သူလယ်သမားများ ဘဝမြင့်မားစေရန် ရည်ရွယ်၍ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရေသောက်စနစ်တစ်ခုလုံး ပြီးစီးအောင်မြင်ခဲ့ပြီး အဆိုပါ ရေလှောင်တမံကို မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူ ထိန်းသိမ်းလျက်ရှိသည်။

မဒေးရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တူးမြောင်းမကြီးအလျား ၁၂ ဒသမ ၁၂မိုင်၊ လက်ဝဲမြောင်းအလျား ၈ ဒသမ ၁၂ မိုင်၊ လက်ယာမြောင်းအလျား ၈ ဒသမ ၁၂ မိုင်၊ မြောင်းခွဲ ၅၂ မြောင်းရှိကာ ဆည်ရေသောက်ဧရိယာမှာ ၂၆၅၄ ဧက ဖြစ်သည်။ ၂၀၀၆-၂၀၀၇ ခုနှစ်မှစ၍ နွေစပါး ၁၅၇ ဧက စိုက်ပျိုးခဲ့ပြီး လုပ်ငန်းအား လုံးဆောင်ရွက်ပြီးချိန်တွင် ပိုမိုတိုးတက် စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိရကြောင်း ယခုအခါ နွေစပါးကို ၂၀၂၅ ဧက အထိ တိုးတက်စိုက်ပျိုးလာနိုင်ကြောင်း သိရသည်။

**သန်းဌေး (မင်းဘူး)**

# အသည်းရောင်အသားဝါ(ဘီ)ရောဂါအကြောင်း အသိပညာပေး

**ရှမ်းရွာသစ် မေ ၈**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာများ သိရှိစေရန်ရည်ရွယ်၍ ရှမ်းရွာသစ်မြို့ကျေးလက်ကျန်းမာရေးဌာနမှ အသည်းရောင်အသားဝါ(ဘီ)ရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မေ ၇ ရက်က သန္တိသုခဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ကျေးလက်ကျန်းမာရေးမှူး ဒေါ်အိအိမွန်က ကာကွယ်ဆေးငါးမျိုးအကြောင်း၊ အနာဂတ်ကလေးငယ်များအတွက် ကာကွယ်ဆေးသည် မရှိမဖြစ်လိုအပ်ကြောင်းနှင့် အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပြည်သူများက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းခဲ့ပြီး အဆိုပါကာကွယ်ဆေးထိုးလုပ်ငန်းကို မေ ၁၅ ရက်တွင် စတင် ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မန္တလေးဒေသ(ပညာရေး)တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး မေ ၈**

ပညာရေးဝန်ကြီးဌာန(အဆင့်မြင့်ပညာဦးစီးဌာန)၂၀၁၇-၂၀၁၈ ပညာသင်နှစ် မန္တလေးဒေသ(ပညာရေး)တက္ကသိုလ်၊ ဒီဂရီ ကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၆ ရက်က မန္တလေးတက္ကသိုလ် ဘောလုံးအားကစားကွင်း၌ ကျင်းပပြီး ဗိုလ်လုပွဲစဉ်တွင် မန္တလေးအဝေးသင်တက္ကသိုလ်အသင်းနှင့် မန္တလာဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြိုင်ပွဲအပြီး မန္တလေးအဝေးသင်တက္ကသိုလ်က တစ်ဂိုး- ဂိုး မရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့ကြောင်း သိရသည်။

ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အသင်းလိုက် ပထမ၊ ဒုတိယတစ်ဦးချင်းဆုများကို ရတနာပုံတက္ကသိုလ်ဒုတိယ ပါမောက္ခချုပ် ဒေါက်တာစီစီခင်နှင့် မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင် (ဥက္ကဋ္ဌ အထက်မြန်မာပြည် တက္ကသိုလ်များ ဘောလုံးဆပ်ကော်မတီ)တို့က လည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(နေပြည်တော်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်အောင်မင်းက လည်းကောင်း၊ မန္တလာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဆွေက ပထမဆုရမန္တလေးအဝေးသင်တက္ကသိုလ် အသင်းအား ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ မန္တလေးဒေသ(ပညာရေး)တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဧပြီ ၂၆ ရက်မှ မေ ၆ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မန္တလေး နိုင်ငံခြား ဘာသာတက္ကသိုလ်၊ မန္တလာ ဒီဂရီကောလိပ်စသည့် တက္ကသိုလ်ကိုယ်စားပြုအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# အနုပညာအင်အား များများ သုံးစွဲထားသည့် "မေတ္တာထားတာ အဟုတ်ကိုပဲ" ဇာတ်ကားကြီး

••••• ကိုလင်း •••••



ပန်းသခင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး နုနုရီ စီစဉ်ကာ ဇာတ်လမ်းဇာတ်ညွှန်း သန်းဖေလေး၊ ဇာတ်လမ်း ပြန်လည်တည်ဆောက်သူ ဖိုးသာအောင်၊ ဇာတ်ညွှန်း လူရွှင်တော်ချစ်စရာ(မန္တလေး)၊ ယွန်းသခင်တို့ ပြန်လည်ရေးသားထားသော "မေတ္တာထားတာ အဟုတ်ကိုပဲ" ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ အကယ်ဒမီ ထွန်းအောင်ဇော်က ဖန်တီးရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် အကယ်ဒမီ လူမင်း၊ အကယ်ဒမီဇေလုဝ၊ အောင်မင်းခန့်၊ ဖြိုးငွေစိုး၊ အကယ်ဒမီချိုပြုံး၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ အကယ်ဒမီ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ ဝင့်ယမုံလှိုင်နှင့် ဟာသသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

"ဇာတ်လမ်းက အချစ်၊ ဟာသ၊ အမျိုးအစားလေးပါ၊ ဒါပေမယ့် တကယ်ကို အတည်လေးနဲ့ ပရိသတ်သဘောတွေ့စေမယ့် ဇာတ်မျိုးဆိုလည်း မမှားပါဘူး၊ ဇာတ်လမ်းလေးက ရိုက်ထားတာတော့ ကြာပါပြီ၊ ၂၀၁၅ ခုနှစ်လောက်ကတည်းက ရိုက်ထားတာပေါ့နော်၊ ဇာတ်လမ်းထဲမှာ မခိုင်လေးက အပျိုကြီး တစ်ယောက်၊ လူမင်းရဲ့ ညီမ၊ ကိုလူမင်းရဲ့ မိန်းမကတော့ မဆင့် (မေသန်းနု)ပေါ့၊ ကိုယ်က အစ်ကိုထက် ယောက်မနဲ့ ပိုပြီးလုံးတယ်၊ ယောက်မနဲ့က ပိုပြီးတော့ စိတ်တူ၊ ကိုယ်တူရှိတာပေါ့၊ ကိုလူမင်းရဲ့သား၊ ကိုယ့်တူလေးဖြစ်တဲ့ အောင်မင်းခန့်နဲ့ ဖြိုးငွေစိုးရဲ့တူမဖြစ်တဲ့ ဝင့်ယမုံလှိုင်တို့ကို ပေးစားဖို့ အလုပ်မှာ တစ်ချိန်က ဇာတ်လမ်းဟောင်းတွေ ပြန်ဆက်မိပြီး ပြဿနာတွေ တက်တာပေါ့၊ ကိုဖြိုးနဲ့ မခိုင်နဲ့က တစ်ချိန်က ဇာတ်လမ်းရှိခဲ့ဖူးတယ်၊ နောက်ပိုင်းမှာတော့ အလွဲလေးတွေ၊ အပျော်လေးတွေနဲ့ ဇာတ်ကို သိမ်းထားတယ်" ဟု သရုပ်ဆောင် အကယ်ဒမီ ခိုင်သင်းကြည်က ပြောသည်။

# Mrs. Tourism Queen International 2018 ပြိုင်ပွဲသို့ မြန်မာ့အိမ်ထောင်ရှင်အလှမယ် ရွေးချယ်စေလွှတ်မည်

═══ ကိုလင်း ═══



မလေးရှားနိုင်ငံ၌ ဇူလိုင်လအတွင်း နိုင်ငံ ၅၀ ကျော်မှ အိမ်ထောင်ရှင်အလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြမည့် Miss Tourism Queen Internatioanl 2018 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် Mrs.ဟန်နီ သွားရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

"အခုလို ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခွင့်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်တွေကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူမှုအကျိုးပြုပရဟိတလုပ်ငန်းတွေကိုလည်း လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျွန်မက Miss Golden Land Myanmar က ချီးမြှင့်ထားတဲ့ Classic Mrs. Myanmar သရဖူကို ရရှိထားတာလည်း ဖြစ်ပါတယ်။ မလေးရှားနိုင်ငံကို မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ ပထမဆုံးစေလွှတ်ခြင်းဖြစ်ပြီး ကျွန်မကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် Mrs. Myanmar Tourism Queen International ရဲ့ အလှမယ်ဘွဲ့ကို ပေးအပ်ချီးမြှင့်တာလည်း ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံက လှပနေတဲ့ ယဉ်ကျေးမှုထွန်းကားရာ နေရာဒေသတွေကို ဗီဒီယို ၃ မိနစ်ကျော် ၅ မိနစ်လောက် ရိုက်ကူးပြီးတော့ ချပြဖို့လည်း စီစဉ်နေပါတယ်။ မြန်မာနိုင်ငံက မိခင်တွေ၏ ကိုယ်စားပြုအနေနဲ့ အကောင်းဆုံး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်" ဟု Mrs. ဟန်နီက ပြောသည်။

Mrs.ဟန်နီ၏ ထိုက်တန်သော အရည်အချင်းများကြောင့် Mrs. Golden Land Myanmar Organization နှင့် ERM (Myanmar) အဖွဲ့အစည်းတို့က Mrs.Myanmar Tourism Queen International 2018 အလှမယ်ဘွဲ့ကို ထပ်မံပေးအပ်ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း သိရသည်။

# မြန်မာ့ပထမဆုံးကင်မရာပြတိုက် ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်

ကိုလင်း



သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကိုင်ဆောင်ခဲ့သည့် ကင်မရာအပါအဝင် အမျိုးအစားပေါင်း ၆၀ ခန့် ပါဝင်သော ကင်မရာအလုံးရေ ၅၀၀ ကျော်ကို ပြတိုက်ပြုလုပ်ပြီး ဖွင့်လှစ်ပြသရန်အတွက် ပြင်ဆင်နေပြီဟု သိရသည်။

"ဟံသာဝတီ ဦးဝင်းတင် ကိုင်ခဲ့တဲ့ ကင်မရာဆိုရင် အရှေ့ဥရောပ ခရီးသွားမှတ်တမ်းအဖြစ်ရေးသားထုတ်ဝေခဲ့တဲ့ "ကမ္ဘာနီတွင် တဒင်္ဂ" စာအုပ်ထဲမှာပါတဲ့ ဓာတ်ပုံတွေကို ရိုက်ခဲ့တဲ့ ကင်မရာတစ်လုံးပေါ့၊ ကျွန်တော်နဲ့ သူနဲ့က အကျဉ်းထောင်ထဲမှာ အတူနေခဲ့တော့ သူ့ကိုကျွန်တော့်ဝါသနာကို ပြောပြဖြစ်တော့ သူကိုင်ခဲ့တဲ့ PENTAX K-1000 အမျိုးအစား ကင်မရာလေး ပေးခဲ့တာပေါ့၊ ကင်မရာတွေ စုဆောင်းဖြစ်တာကတော့ ၁၅ နှစ်လောက်ရှိပါပြီ၊ ကမ္ဘာပေါ်မှာ ဝါသနာအလျောက် စုဆောင်းကြတဲ့ ပစ္စည်းတွေအထဲမှာ ကင်မရာ စုဆောင်းမှုလည်း တစ်ခုအပါအဝင်ပေါ့၊ ဒါပေမယ့် ကင်မရာစုဆောင်းသူတွေကတော့ မြန်မာနိုင်ငံမှာ တွေ့ရခဲပါတယ်၊ ကျွန်တော့်အနေနဲ့ကတော့ စုဆောင်းထားတဲ့ ကင်မရာတွေကို လောလောဆယ်နေထိုင်တဲ့ စံရိပ်ငြိမ် ရတနာမြိုင်လမ်းတိုက် ၂၃ နေအိမ်မှာ ပြသသိမ်းဆည်းထားပါတယ်။

"ဒီပြခန်းလေးမှာ ၁၉ ရာစုနှောင်းပိုင်းကတည်းက စတင်ထုတ်လုပ်ခဲ့တဲ့ သစ်သားကိုယ်ထည်နဲ့ Large Format Studio Camera ကြီး တစ်လုံးလည်းရှိပါတယ်။ နောက်ပြီး ကျွန်တော်တို့ ငယ်စဉ်က ဓာတ်ပုံဆိုင်တွေမှာ တွေ့ရလေ့ရှိတဲ့ ကင်မရာနောက်ကနေ အဝတ်စကြီးခြုံပြီး ရိုက်ရတဲ့ ကင်မရာမျိုးတွေ၊ အဲဒီကင်မရာကြီးမျိုးတွေကတော့ ဒီဘက်ခေတ်လူငယ်တွေအနေနဲ့ မြင်ဖူးဖို့ မလွယ်တော့ဘူးပေါ့၊ ပြတိုက်အဖြစ် ဖွင့်လှစ်နိုင်မယ်ဆိုရင် ကျောင်းသားလူငယ်တွေ လေ့လာစရာနေရာတစ်ခု မလွဲမသွေ ဖြစ်လာမှာပါ။

"ကင်မရာ သမိုင်းတစ်လျှောက်မှာ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်လာတဲ့ Box Camera ,Folding Camera ,Twin Lens Reflex Camera, Range Finder Camera, Singal Lens Reflex Camera တွေကိုလည်း တစ်ဆင့်စီ ခွဲခြားပြသထားပါတယ်"ဟု ဦးကျော်သက်မင်း က ပြောသည်။

အဆိုပါ ကင်မရာများတွင် အခြေခံအားဖြင့် Still Camera နှင့် Movie Camera ဟု ခွဲခြားထားပြီး Still Camera များ ပေါ်စတွင် သစ်သားကင်မရာများနှင့် Box Camera ကစပြီး ယနေ့နောက်ဆုံး Digital Camera ခေတ်မရောက်ခင်အထိ အသုံးပြုခဲ့ကြသော 35 mm SLR Camera တွေအထိ စုဆောင်းထားသည်။ ထို့အပြင် ပြခန်းတွင် Photo Enlarger ဟုခေါ်သည့် ဓာတ်ပုံကူးရာမှာ အသုံးပြုသော ပစ္စည်းများကိုလည်း ပြသထားကြောင်း သိရသည်။

ယင်းပြခန်း ဖွင့်လှစ်ခွင့်ရလျှင် ကင်မရာထဲမှ ဖလင်ကိုဆေးပြီး ဓာတ်ပုံအဖြစ် ကူးယူပုံအဆင့်ဆင့် Dark Room ပုံစံဖြတ်ပိုင်းပုံကို ထည့်သွင်းပြီး ပြကွက်တစ်ခုအဖြစ် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

# "သံမဏိလိပ်ပြာနှင့် နယ်ခြားအလွမ်း" မြန်မာသံစီးရီး ကို ဖန်တီးလိုက်သည့် ရွှေရည်သိန်းတန်နှင့် ဆိုင်းပညာရှင် စုလတ်နိုင်

ကိုလင်း



အဆိုတော်ကြီး တွံတေးသိန်းတန်၏ သမီး ရွှေရည်သိန်းတန်နှင့် မန္တလေးမှ အမျိုးသမီး ဆိုင်းပညာရှင် စုလတ်နိုင်တို့ နှစ်ဦးပေါင်းစပ်ဖန်တီးထားသော မြန်မာသံ ကိုယ်ပိုင်တေးသီချင်းစစ်စစ်များ ပါဝင်သည့် "သံမဏိလိပ်ပြာနှင့် နယ်ခြားအလွမ်း" တေးစီးရီးကို ယခုလ ၁၀ ရက်နေ့တွင် ထင်းရှူးရိပ်တေးထုတ်လုပ်ရေးကနေ စတင်ဖြန့်ချိမည်ဟု သိရသည်။

"ဒီစီးရီးလေးကို စပြီး ရွှေတို့လုပ်ကတည်းက ဘာတစ်ခုမှ မျှော်လင့်မထားပါဘူး၊ အထူးသဖြင့် ငွေကြေးနဲ့ပေါ့၊ ရွှေတို့အမြင်မတူ နေရာမတူတဲ့ ညီမနှစ်ဦးကနေ ရင်ထဲမှာရှိတဲ့ ဖြူစင်တဲ့စိတ်နဲ့ မြန်မာသံပရိသတ်တွေအတွက်ရော ချစ်မြတ်နိုးကြသူတွေအားလုံးကိုပါ ရည်ရွယ်ပြီး ပရိသတ်တွေအနေနဲ့လည်း ဖန်တီးထားတဲ့ အနုပညာလေးကို နှစ်သက်အားရမယ်ဆိုတဲ့ မျှော်လင့်ချက်လေးတစ်ခုတည်းကို ရည်ရွယ်ပြီး အနုပညာလောကမှာ မျက်နှာရစေမယ်ဆိုစိတ်နဲ့ ဖန်တီးခဲ့တာပါ" ဟု အဆိုတော် ရွှေရည်သိန်းတန်က ပြောသည်။

အဆိုပါ တေးစီးရီးခွေတွင် တေးသီချင်း ၁၀ ပုဒ် ပါဝင်ပြီး တေးသီချင်းများကို တေးရေး စန္ဒာရားကွန်းဇော်၊ ဖြိုးသီဟ၊ ရဲထက်အောင်၊ သဟာအောင်၊ မြင့်ထွန်းမင်း၊ စုလတ်နိုင်တို့ ရေးစပ်သီကုံးထားကြသည် ။

"ဒီအခွေလေး ဖန်တီးတဲ့အခါ အခက်အခဲတွေ အများကြီး ကြုံခဲ့ရပါတယ်၊ အချိန်ယူပြီ ဖန်တီးခဲ့ရတာမို့ မရွှေရည်နဲ့ စုလတ်တို့က အနုပညာညီအစ်မတွေ ဖြစ်ကြတာမို့ ဘဝမှာ အမှတ်တရလေးဖြစ်ချင်တာမို့ လုပ်ဖြစ်ခဲ့တာပါ၊ သူလည်း စုလတ်ဖြစ်ချင်တာလေးတွေကို ဖန်တီးပေးခဲ့ပါတယ်၊ ကိုယ်တိုင်လက်စွမ်းပြတီးခတ်ထားတာမို့ သံစဉ်ပိုင်းရှာ တာကအစ ဖန်တီးမှုပိုင်းတေ အခက်အခဲဖြစ်ခဲ့ပေမယ့် တေးရေးဆရာတွေကလည်း သေချာပုံဖော်ပြီး ဂရုစိုက်ပေးကြပါတယ်၊ အခုလိုချောမွေ့စွာ ထွက်လာနိုင်တာ ဒီလိုပုဂ္ဂိုလ်တွေကြောင့်ပါ" ဟု ဆိုင်းပညာရှင် စုလတ်နိုင်က ပြောသည်။

အဆိုပါတေးစီးရီးကို နေလနှင့် မြဝင်းတို့က စီစဉ်ပြီး ဒါရိုက်တာ ထက်အောင်လင်း(လင်း) က ဖန်တီးပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

## အနုပညာသတင်း

# တိုက်တန်းနစ် ဇာတ်ဝင်ခန်းတွေနဲ့ မွေးနေ့ပါတီပြုလုပ်ခဲ့တဲ့ အဒဲလ်



အသံအားကောင်းကောင်းနဲ့ ပရိသတ်တွေကို ဆွဲဆောင်နိုင်တဲ့ အဆိုတော် အဒဲလ်ဟာ မေလ ၅ ရက်နေ့မှာပဲ အသက် ၃၀ ပြည့် သွားပြီဖြစ်ပါတယ်။ အဒဲလ်ဟာသူ့ရဲ့ မွေးနေ့ပွဲကို ထူးထူးခြားခြားလေးဖြစ်အောင် ကျင်းပခဲ့ပါတယ်။ တိုက်တန်းနစ် ဇာတ်ကားထဲက မင်းသမီး ကိတ်ဝင်းစလက်ရဲ့ဇာတ်ကောင်ရုပ်အတိုင်း ဝတ်ဆင်ခဲ့တာပဲဖြစ်တယ်။ အဲဒီနောက်မှာတော့ သူ့ရဲ့ထူးခြားလှတဲ့ မွေးနေ့ပါတီမှာ ရိုက်ကူးထားတဲ့ပုံတွေကို အဒဲလ်ဟာ အင်စတာဂရမ်ပေါ်မှာ မျှဝေခဲ့ပါတယ်။ နောက်ပြီးတော့ အဒဲလ်က သူဟာ တိုက်တန်းနစ်ရုပ်ရှင်ကို နှစ်ခြိုက်လွန်းပြီးတော့ အဲဒီထဲကအတိုင်း ပြင်ဆင်ပေးခဲ့ကြတဲ့ မိသားစုဝင်တွေနဲ့ သူငယ်ချင်းတွေ အားလုံးကို ကျေးဇူးတင်ပါတယ်၊ သူ့ရဲ့အသက် ၃၀ ပြည့်မွေးနေ့ပါတီဟာ သူ့ဘဝအတွက် မမေ့နိုင်တဲ့နေ့လေးတစ်နေ့ပါပဲလို့ ပြောခဲ့ပါတယ်။ ဒါ့အပြင် အဒဲလ်က “ ကျွန်မအခု အသက် ၃၀ ပြည့်ပါပြီ၊ နောက်လာမယ့် အနှစ် ၃၀ အတွင်းမှာ ကျွန်မဘာတွေ ဆက်လုပ်မလဲဆိုတာ ကျွန်မလည်း သေချာမသိပါဘူး” လို့လည်း ပြောခဲ့ပါသေးတယ်။

အဒဲလ်ရဲ့မွေးနေ့ပွဲမှာ တိုက်တန်းနစ်ဇာတ်ကားထဲက နာမည်ကျော်ဇာတ်ဝင်ခန်းတွေအတိုင်း ဓာတ်ပုံရိုက်ကူးခဲ့ပါတယ်။ မွေးနေ့ပွဲကို တက်ရောက်လာကြတဲ့ ပရိသတ်တွေဟာလည်း အသက်ကယ်အင်္ကျီတွေ ဝတ်ဆင်ထားကြပါတယ်။ အသက်ကယ်အင်္ကျီ ဝတ်ဆင်ထားကြတဲ့ အဒဲလ်နဲ့ သူ့သူငယ်ချင်းတွေ ပျော်ရွှင်စွာကခုန်နေကြတာကိုလည်း ဓာတ်ပုံတွေမှာ တွေ့ရပါတယ်။

**ဟယ်လို**

# ချစ်သူဟောင်းဆီက မွေးနေ့ဆုတောင်းလေးတောင်မရလို့ ဝမ်းနည်းနေတဲ့ ခရစ္စဘရောင်း




အဆိုတော်ခရစ္စဘရောင်းဟာ သူ့ရဲ့ ၂၉ နှစ်ပြည့် မွေးနေ့မှာ ချစ်သူဟောင်း ရီဟားနားဆီက မွေးနေ့ဆုတောင်းလေးတစ်ခုတောင် မရခဲ့တဲ့အတွက် စိတ်ပျက်ဝမ်းနည်းလို့နေပါတယ်။ သူ့မွေးနေ့တစ်နေ့လုံးမှာ ချစ်သူဟောင်းရီဟားနားဆီက မွေးနေ့ဆုတောင်းလေးများ လာမလားလို့ တစ်နေကုန်ဖုန်းကို အနားက မခွာကိုင်ထားပေမယ့် စာတိုလေးတစ်စောင်တောင် မလာခဲ့ဘူး။ အဲဒီအတွက် ခရစ္စဘရောင်းဟာ စိတ်ထိခိုက်ရတယ်လို့ သတင်းအရင်းအမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကိုပြောပါတယ်။

သူတို့နှစ်ယောက်ဟာ ခဏခဏလမ်းခွဲကြပေမယ့် ခရစ်ဘရောင်းဟာ ရီဟားနားကို သူ့ဘဝထဲက မေ့မရပါဘူး။ သူတို့လမ်းခွဲ ခဲ့တာကြာပြီဆိုပေမယ့် ခရစ္စဘရောင်းကတော့ ရီဟားနားကို တစ်နေ့မှ မေ့မရခဲ့ပါဘူးလို့ ခရစ္စဘရောင်းနဲ့ ရင်းနှီးသူတစ်ဦးက ပြောပါတယ်။ ယခုနှစ်အစပိုင်း ရီဟားနားရဲ့ မွေးနေ့မှာ ခရစ္စဘရောင်းက မွေးနေ့ဆုတောင်းရေးပြီး လူမှုကွန်ရက်မှာ တင်ခဲ့တဲ့အတွက် သူ့ကိုဝိုင်းပြီးဝေဖန်ကြပေမယ့် သူချစ်နေသေးတာကို ရီဟားနားသိတဲ့အတွက် တန်တယ်လို့ယူဆပါတယ်။

လက်ရှိမှာတော့ ရီဟားနားဟာ ပါရီကို ပြောင်းရွှေ့ဖို့စိတ်ကူးနေပြီး သူနဲ့လက်ထပ်တော့မယ်လို့ ကြေညာထားတဲ့ Hassan Jameel နဲ့ ပိုပြီးနီးနီးကပ်ကပ်နေနိုင်ဖို့အတွက်ပါ။ ဒီသတင်းတွေအားလုံးကတော့ ခရစ္စဘရောင်းအတွက် ဝမ်းနည်းစရာတွေချည်းပါပဲ။

**ဟောလိဝုဒ်လိုက်ဖ်**

ဖြိုး

# ကရင်ပြည်နယ်တွင် ဇာတ်သဘင် ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်

**ဘားအံ မေ ၈**

ကရင်ပြည်နယ်အတွင်း ထူးချွန်ထက်မြက်သည့် ဇာတ်သဘင်ပညာရှင်များ ပေါ်ပေါက်လာစေရန်နှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဇာတ်သဘင်ပညာဖြင့် ထမ်းရွက် သယ်ပိုးနိုင်စေရန်အတွက် ကရင်ပြည်နယ်သဘင်အစည်းအရုံးက ကြီးမှူး၍ ဇာတ်သဘင် ကဏ္ဍအလိုက် ထူးချွန်ဆုများ ချီးမြှင့်ပွဲကို မေ ၅ ရက်က ဘားအံမြို့ချစ်သူမြိုင်အပန်းဖြေဥယျာဉ်၌ ကျင်းပခဲ့သည်။



သဘင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပစဉ်။

သဘင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ပြည်နယ်သဘင်အစည်းအရုံးအတွင်းရေးမှူး စောရှားထူးဝေါက “ဇာတ်သဘင်နဲ့ပတ်သက်လို့ စည်းကမ်းပိုင်းလိုက်နာမှု အားနည်းလာတဲ့အတွက် ကျွန်တော်တို့ အစည်းအဝေးထိုင်ပြီးတော့ ဆုတွေနဲ့ထိန်းချုပ်ရင်ကောင်းမယ်၊ ဆုတွေမှာ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်လိုက်ရင် စည်းကမ်းလည်းရှိသွားမယ်၊ ဆုလိုချင်စိတ်နဲ့ ပိုပြီးတော့ကြိုးစားလာကြမယ်ပေါ့၊ ဆုရွေးချယ်ရေးနဲ့ပတ်သက်ပြီးတော့ ပညာရှင်ဒိုင်တွေကိုခေါ်ပြီးတော့ အမှတ် ၆၀ နဲ့ EC ပိုင်းက အမှတ် ၄၀ ခွဲထားပြီး အမှတ်ပေးတာဖြစ်ပါတယ်၊ သဘင်ကို မြှင့်တင်လိုက်တာဖြစ်ပါတယ်”ဟု ပြောသည်။

သဘင်ထူးချွန်ဆုချီးမြှင့်ပွဲကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး ဗဟိုဥက္ကဋ္ဌ ဦးဖိုးချစ်၊ ကရင်ပြည်နယ် သဘင်အစည်းအရုံးနာယက စောချစ်သူနှင့် ဥက္ကဋ္ဌ ဦးဖိုးထင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် သဘင်အစည်းအရုံး ဗဟိုဥက္ကဋ္ဌတို့က ဂုဏ်ပြုစကားပြောကြားကာ ကရင်ပြည်နယ်သဘင်အစည်းအရုံးနာယက စောချစ်သူအား သဘင်ကဏ္ဍ တိုးတက်မြင့်မားအောင် စွမ်းဆောင်မှုအတွက် သဘင်အစည်းအရုံးဗဟိုမှ ဂုဏ်ထူးဆောင်ဆုတံဆိပ် ပေးအပ်ချီးမြှင့်သည်။

“သဘင်နဲ့ပတ်သက်ပြီး ထူးချွန်ဆုပေးတာ သဘင်သမိုင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျွန်တော်တို့ ကြိုးစားနေကြတာတော့ရှိပါတယ်၊ ဒါပေမယ့် ကရင်ပြည်နယ်သဘင်အစည်းအရုံးက နာယကကြီး ဗိုလ်မှူးကြီးစောချစ်သူက သူတို့ရဲ့ ကြိုးစားမှု စေတနာစိတ်နဲ့ ပထမဆုံးအကြိမ်ဆိုပြီးတော့ လုပ်ဖြစ်သွားတယ်၊ ဒီပွဲလုပ်ဖို့ အကြောင်းကြားတဲ့အခါမှာ သဘင်ထူးချွန်ဆုချီးမြှင့်ဖို့ သမိုင်းမှာ ပထမဆုံးအကြိမ်လည်း ဖြစ်တော့ ကျွန်တော့်အနေနဲ့ မဖြစ်မနေလာရမယ့်တာဝန်ရှိတဲ့အပြင် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုချင်တဲ့အတွက် ရောက်လာတာပါ၊ ဝမ်းလည်းသာတယ်၊ ပထမအကြိမ်ကနေ ဒုတိယအကြိမ်၊ တတိယအကြိမ် ဖြစ်လာဖို့၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သဘင်ထူးချွန် ဆုပေးပွဲတွေဖြစ်လာအောင် စနစ်တကျ လုပ်ဆောင်ဖို့ပြင်ဆင်နေပါတယ်၊ တကယ်ကြိုးစားပြီး တကယ်တတ်တဲ့ အကျိုးပြုတဲ့ သဘင်ပညာရှင်တွေ၊ နာမည် အရမ်းကြီးမရှိပေမယ့် တအားတော်ပြီး တကယ်တတ်တဲ့ ပညာရှင်တွေ ရှိပါတယ်၊ လုပ်သားကောင်းတွေ၊ ဇာတ်ဆရာကောင်းတွေ၊ တည်ထောင်သူကောင်းတွေရှိတယ်၊ ဒါတွေအားလုံးကို ရွေးချယ်ပြီးတော့ ဂုဏ်ပြုရမှာပေါ့နော်၊ ကရင်ပြည်နယ်မှာ အစပြုပြီးတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဖြစ်အောင် ဆက်ကြိုးစားသွားမှာပါ၊ သဘင်ဟာ အရေးအတွက် အင်အားများသလို အနုပညာအစဉ်အလာလည်း ကြီးပါတယ်၊ ပြည်နယ်ကနေပြီးတော့ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဆောင်ရွက်တာကို တွေ့ရတော့ အရမ်းခွန်အားဖြစ်တယ်၊ သဘင်ဟာတိုင်းပြည်ရဲ့ မျက်နှာစာပါ၊ တိုင်းပြည်ရဲ့ အမွေအနှစ်ပါ၊ နိုင်ငံရဲ့ယဉ်ကျေးမှုပါ၊ ကိုယ့်နိုင်ငံအမျိုးသားယဉ်ကျေးမှုဟာ အရေးကြီးပါတယ်၊ အခြားနိုင်ငံကယဉ်ကျေးမှု လွှမ်းမိုးလာတာတွေကို ကာကွယ်ပြီးတော့ ကိုယ့်အစဉ်အလာယဉ်ကျေးမှု ဒီထက်ကို တန်ဖိုးရှိလာအောင် ကြိုးစားကြရပါမယ်”ဟု ထူးချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသော မြန်မာနိုင်ငံသဘင်အစည်းအရုံး ဗဟိုဥက္ကဋ္ဌ ဦးဖိုးချစ်ကပြောသည်။

ကရင်ပြည်နယ်တွင် မြို့နယ်အဆင့် သဘင်အစည်းအရုံးများကို ဖွဲ့စည်းထားရှိပြီး ဇာတ်သဘင်အဖွဲ့ ၁၄ ဖွဲ့ရှိကာ တစ်ခေတ်တစ်ခါက နိုင်ငံကျော်သဘင်ပညာရှင်များအဖြစ် ဆရာကြီးစိန်မာတင်၊ ဆရာကြီးအုန်းမှတ်စိန်နှင့် ကရင်သဘင်ပညာရှင် ဆရာကျော်လိုက်သိန်း၊ ဆရာကျော်လေးတို့ သက်ရှိထင်ရှားရှိစဉ်က ချန်ရစ်ခဲ့သည့် ရိုးရာသဘင် အမွေအနှစ်များကို သားသမီးမြေးမြစ်များက ထိန်းသိမ်း၍ ယခုတိုင် ဆက်လက်ကပြ ဖျော်ဖြေလျက်ရှိကြောင်း သိရသည်။

ဇာတ်သဘင်အဖွဲ့များအနေဖြင့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပြီး သဘင်သည် နိုင်ငံ၏ စီးပွားရေးအပေါ်တွင်လည်း အခြေခံကြောင်း ဗဟိုဥက္ကဋ္ဌ ဦးဖိုးချစ်က ပြောသည်။ “အရင်က ရိုးရာနဲ့ ကခဲ့တဲ့သဘင်ကို နောက်ပိုင်း အနုပညာဆန်ရင်ပြီးရောဆိုပြီး ဖန်တီးခဲ့ကြတယ်၊ အခုကျတော့ အင်တာတိန့်မန့်လို ဖျော်ဖြေရေးသက်သက်ဖြစ်လာတယ်၊ ဖျော်ဖြေရေးကနေ အနုပညာဆန်တာကို ရွေးထုတ်ရမယ်၊ ပြီးရင် အနုပညာရိုးရာတွေကို ပြန်ဖော်ထုတ်ထိန်းသိမ်းတဲ့အစီအစဉ်တွေကို ဆွဲယူရမယ်၊ အရင်တုန်းက သဘင်ဆိုရင် တစ်နှစ်မှာ တစ်ကြိမ်ပဲ လာကမှကြည့်ရတယ်၊ အခုကျတော့ အိမ်ထဲမှာပဲ ခလုတ်လေးတစ်ချက်နှိပ်ရုံနဲ့ ဖျော်ဖြေရေးတွေ အများကြီးကြည့်နေရတဲ့အခါမှာ သဘင်ကိုပိုကြည့်လာအောင် ပိုကြိုးစားရတော့မယ်၊ အရင်တုန်းက သဘင်တစ်ခုတည်းရှိခဲ့ရာကနေ နောက်ပိုင်း ရေဒီယို၊ ရုပ်ရှင်တွေပေါ်လာတယ်၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဖျော်ဖြေရေးတွေကို ကြည့်ရလွယ်လာတယ်၊ အဲလိုလွယ်လာတဲ့အထဲမှာ တန်ဖိုးရှိတဲ့ အနှစ်ရှိတဲ့ မြန်မာတို့ရဲ့ရိုးရာ ကိုယ်ပိုင်သဘင် ဒီထက်ပိုပြီးတော့ တောက်ပြောင်လာအောင်လုပ်ဖို့က စိန်ခေါ်မှုတွေ အများကြီးပါပဲ၊ ကျွန်တော်တို့ဟာ မြန်မာဖြစ်တဲ့အတွက် ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းဖို့တာဝန်ဟာ သဘင်သည်မှမဟုတ်ပါဘူး၊ အားလုံးမှာ တာဝန်ရှိပါတယ်၊ ဘယ်လောက်ပဲခေတ်ဆန်ဆန် ရိုးရာယဉ်ကျေးမှုကိုသိရမယ်၊ ကိုယ့်နိုင်ငံယဉ်ကျေးမှုကို မြှင့်တင်ဖို့ အားလုံးမှာတာဝန်ရှိပါတယ်” ဟု ဗဟိုဥက္ကဋ္ဌက ဆိုသည်။

ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပနိုင်ရန် ချစ်သူမြိုင်အပန်းဖြေဥယျာဉ်က အခမဲ့ကူညီပံ့ပိုးပေးပြီး ဆုချီးမြှင့်ပွဲတွင် ကရင်ပြည်နယ်မှ သဘင်အနုသုခုမပညာရှင်သုံးဦးအား ဂုဏ်ပြုဆုတံဆိပ်များချီးမြှင့်ခဲ့သလို အကောင်းဆုံးသဘင်လုပ်သားထူးချွန်ဆု၊ အကောင်းဆုံးပံ့ပိုးအဆို (ကရင်ဘာသာ/မြန်မာဘာသာ)ထူးချွန်ဆု၊ လူမှုစိတ်ဓာတ်ထူးချွန်ဆု (တည်ထောင်သူ)၊ အကောင်းဆုံး နောက်ပိုင်း မင်းသား မင်းသမီး ထူးချွန်ဆု၊ ပံ့ပိုးအတီး အဖွဲ့လိုက် ထူးချွန်ဆု၊ မင်းသား မင်းသမီး ဇာတ်ပို့ဆု၊ လူရွှင်တော်အဖွဲ့လိုက် ထူးချွန်ဆု၊ ပြဇာတ်မင်းသား မင်းသမီး ထူးချွန်ဆု၊ စတိတ်ပိုင်းဆိုင်ရာ ထူးချွန်ဆု၊ အကောင်းဆုံး မင်းသား မင်းသမီး အကထူးချွန်ဆု၊ စွယ်စုံမင်းသား မင်းသမီး ထူးချွန်ဆု၊ ဒါရိုက်တာထူးချွန်ဆု၊ ဇာတ်အဖွဲ့လိုက် ထူးချွန်ဆုများကို သဘင်ရွှေစင်ရုပ်တုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်၍ ထိုက်တန်စွာချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လုံးကင်းချောင်း ကားကူးတံတားပေါ်၌ ရေအိုင်ကြီးဖြစ်နေ၍ ပြုပြင်ပေးရန်လို

**ဗန်းမောက် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ ဗန်းမောက်-ဝန်းသို မြို့နယ်ချင်းဆက်လမ်းတွင်ရှိသော လုံးကင်းချောင်းကူး သံကူကွန်ကရစ်တံတားပေါ်၌ ရေအိုင်ကြီးဖြစ်နေသည့်အတွက် တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်သွားလာနေကြသည့် ယာဉ်ငယ်များနှင့် ဆိုင်ကယ်များမှာ သတိထားမောင်းနှင်၍ သွားနေကြရပြီး တာဝန်ရှိသူများက ပြုပြင်ပေးရန်လိုအပ်နေကြောင်း ဒေသခံများက ပြောသည်။



“တံတားပေါ်မှာရှိတဲ့ရေတွေက အခု မေ ၃ ရက်၊ ၄ ရက်၊ ၅ ရက်တွေမှာ နေ့ရော ညရော မိုးက ရွာလိုက်ရပ်လိုက်နဲ့ အတော်လေး မိုးများခဲ့တယ်၊ ဆောက်လုပ်ထားတဲ့ တံတားက အခြားတံတားတွေလို ရေထွက်ပေါက်ပိုက်တွေ မတပ်ထားသလို ခင်းကြမ်းကမညီဘဲ အလယ်မှာ ချိုင့်ခွက်တွေဖြစ်နေတော့ မိုးရေတွေက တံတားပေါ်မှာ ရေအိုင်ဖြစ်နေတာ၊ တံတားပေါ်မှာရှိတဲ့ ရေအိုင်ကြီးက ဖြတ်သွားမယ့်သူတွေအတွက် အဆင်မပြေဖြစ်စေပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ လုံးကင်းချောင်း ကားကူးတံတားရှိသောလမ်းမကြီးသည် ဗန်းမောက်မြို့နှင့် ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံပြည်သူများ နေ့စဉ်အသုံးပြုနေကြပြီး နေ့ရောညပါ ကားများ ဆိုင်ကယ်များ အသွားအလာမပြတ်ကြောင်း၊ လမ်းအသုံးပြုသူများသည် တံတားပေါ်ရောက်ချိန်တွင် ရေအိုင်ကြီးကြောင့် အထူးသတိထားပြီး မောင်းနှင်သွားလာနေရသဖြင့် မြင်ကွင်းကို အကျည်းတန်စေသလို သွားလာရေး အဆင်မပြေဖြစ်စေသည့်ရေအိုင်ကြီးမရှိစေရန် သက်ဆိုင်ရာက တံတားကို ပြန်လည်ပြုပြင်ပေးရန် လိုအပ်ကြောင်း ဒေသခံများက ပြောကြားလျက်ရှိသည်။

**သန်းမောင်လေး**

# တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ဆိုင်ရာ အာဆီယံကြေညာချက်

**နှင်းမြတ်သူ (ယဉ်ကျေးမှု)**

မိမိတို့သည် လူသားများအပေါ် သက်ရောက်မှုရှိစေနိုင်သည့် အကြမ်းဖက်မှုများ ပုံစံမျိုးစုံဖြင့် ပေါ်ပေါက်လာနိုင်သည့် ယနေ့ကမ္ဘာကြီးပေါ်တွင် နေထိုင်ကြရလျက်ရှိပါသည်။ အဆိုပါ အကြမ်းဖက်မှုပုံစံမျိုးစုံကို ပြန်လည်တုံ့ပြန်နိုင်သည့် ပိုမိုကောင်းမွန်သော နည်းလမ်းများကို ရှာဖွေကျင့်သုံးကြရန် လိုအပ်လာသည်ဖြစ်ရာ အာဆီယံဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းရန်နှင့်တိုးမြှင့်ဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေးကို အလေးထားမှုအား အားဖြည့်ပေးရန် ရေးဆွဲထားသည့် အာဆီယံပဋိညာဉ်၏ ဦးဆောင်လမ်းပြမှုအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများကို ကိုယ်စားပြုသည့် အာဆီယံနိုင်ငံများ၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသည့် (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်း အဝေး၌ ငြိမ်းချမ်းသော၊ အားလုံးပါဝင်မှုရှိသော၊ ရေရှည်တည်တံ့သော၊ ကျန်းမာကြံ့ခိုင်ပြီး သဟဇာတဖြစ်သော လူမှုအဖွဲ့အစည်း ဖြစ်ပေါ်လာရေးအတွက် တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ဆိုင်ရာ အာဆီယံကြေညာချက် (Asean Declaration on Culture of Prevention for a Peaceful, Inlusive Resilient, Healthy and Harmonious Society) ကို စုပေါင်းအတည်ပြု ထုတ်ပြန်ခဲ့ကြပါသည်။

အဆိုပါ တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ဆိုင်ရာ အာဆီယံကြေညာချက် (Culture of Prevention) ၏ ဦးဆောင်ဦးရွက်ပြုမှုသည် အာဆီယံ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာစေနိုင်သည့် အကြမ်းဖက်မှုပုံစံအမျိုးမျိုးကို မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းရမည်ဟူသော အတွေးအခေါ်မျိုးရရှိလာစေရေး စံနမူနာ လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်ပါသည်။

### လူမှုအဖွဲ့အစည်း၏ သဟဇာတဖြစ်မှု

ယနေ့ခေတ် ကမ္ဘာပေါ်တွင် မိမိတို့တွေ့မြင်ခံစားနေကြရသည့် အကြမ်းဖက်အငြင်းပွားမှုများနှင့် အရေးအခင်းများသည် ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများ၊ ကိုးကွယ်ယုံကြည်ရာဘာသာတရားများ၊ အလေးအမြတ်တန်ဖိုးထားသည့် အရာများနှင့်စပ်လျဉ်း၍ သဘောထား ကွဲလွဲမှုများကြောင့်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည့် အကြမ်းဖက်မှုပုံစံများတွင် ကမ္ဘာ့နယ်ပယ်အသီးသီးနှင့် နေရာဒေသများ၌ ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ လူကုန်ကူးမှု အပါအဝင် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ရောင်းဝယ်ဖောက်ကားမှု၊ လူငယ်များနှင့်သက်ဆိုင်သည့် မြို့ပြရာဇဝတ်မှုများ၊ အမုန်းစကားနှင့် မုန်းတီးမှုတို့ကြောင့် ဖြစ်ပွားသည့်ရာဇဝတ်မှုများနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများအား လွဲမှားစွာနားလည်ယုံကြည်ခြင်းတို့ကြောင့် ပေါ်ပေါက်လာသော အကြမ်းဖက်မှုများ ပါဝင်ပါသည်။ ထို့အပြင် လူသားများ တစ်ဖက်သတ် စည်းရုံးသိမ်းသွင်းခံရခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းတို့အပြင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တိုက်ခိုက်ခံရမှုများ ပေါ်ပေါက်လာကာ လူမှုအဖွဲ့အစည်း၏ သဟဇာတဖြစ်မှုကို ပျက်စီးစေနိုင်ပါသည်။

### ဖြေရှင်းဆောင်ရွက်

ဆင်းရဲနွမ်းပါးခြင်း၊ သာတူညီမျှမှုမရှိခြင်း၊ ကွာဟချက်များပြားခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ အကျင့်ပျက်ခြစားခြင်း၊ လူမှုရေးအရ လုံခြုံမှုမရှိဟု ခံစားရခြင်း၊ ပြည်သူလူထုဆိုင်ရာ အခြားဝန်ဆောင်မှုများအား ခံစားခွင့်မရှိခြင်းနှင့် စီးပွားရေး၊ လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ မရရှိခြင်းတို့ကလည်း အကြမ်းဖက်မှုများ ဖြစ်ပေါ်စေခြင်း၏ အခြေခံအကြောင်းအရင်းများ ဖြစ်ကြပါသည်။ ထို့ကြောင့် အစွန်းရောက်အကြမ်းဖက်မှုများနှင့် အခြားအကြမ်းဖက်မှုများ မဖြစ်ပေါ်လာခင် အဆိုပါ အပြန်အလှန် ဆက်နွယ်နေသည့် အချက်အလက်များကို ဖြေရှင်းဆောင်ရွက်ကြရန် အရေးကြီးပါသည်။

မိမိတို့အားလုံး မျှဝေတာဝန်ခံယူကြမည့် "အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅" သည် "ပူးပေါင်းပါဝင်မှုရှိသော၊ စဉ်ဆက်မပြတ်ဖြစ်သော၊ ကြံ့ခိုင်မှုရှိသော၊ အင်တိုက် အားတိုက်ဖြစ်ပြီး သဟဇာတဖြစ်သော အာဆီယံအသိုက်အဝန်းအတွက် တူညီသော မျှော်မှန်းချက်တစ်ခုရရှိစေရန်ဖြစ်သဖြင့် စိတ်ရှည်သည်းခံမှု၊ အပြန်အလှန် နားလည်ယုံကြည်မှု၊ ဘဝများအား လေးစားတန်ဖိုးထားမှုများအတွက် မိမိတို့၏ အလေးထားမှုကို တိုးမြှင့်ဆောင်ရွက်ရန်အပြင် မိမိတို့ပြည်သူလူထုများ၊ အထူးသဖြင့် ကလေးသူငယ်များနှင့် လူငယ်များတွင် တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ဆိုင်ရာ မျိုးရိုးဗီဇကိုဖြစ်ပေါ်လာစေရန်နှင့် အသိတရားရရှိလာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့သည် အစွန်းရောက်အကြမ်းဖက်မှုနှင့် အခြားသောအကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းမှ စတင်ရမည်ဖြစ်ကြောင်း အသိအမှတ်ပြု လက်ခံထားကြရပေသည်။ အစွန်းရောက်အကြမ်းဖက်မှုနှင့် အခြားသော အကြမ်းဖက်မှုများ၏ အကျိုးဆက်များနှင့် ထိခိုက်နာကျင်မှုများကို ဖြေလျှော့ပေးရန်နှင့် ထိန်းချုပ်ရန်အတွက် စုန်ဆင်းခြင်းနည်းလမ်းများ (ဥပဒေပြဋ္ဌာန်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း) ၏ ဆန့်ကျင်ဘက်ဖြစ်သည့် ဆန်တက်သည့် နည်းလမ်းများ (ကြိုတင်ကာကွယ်ခြင်းနှင့် အရည်အသွေးကိုတန်ဖိုးထားသည့် ပညာရေးကဲ့သို့သော) သည် အဆိုပါ အစွန်းရောက်အကြမ်းဖက်မှုများနှင့် အခြားအကြမ်းဖက်မှုပုံစံများကြောင့် ခံစားရမည့် ထိခိုက်နာကျင်မှုများကို ကာကွယ်နိုင်ရန်အတွက် အကောင်းဆုံး ကြိုတင်ပြင်ဆင်မှုဖြစ်ကြောင်း နားလည်လက်ခံထားရပေမည်။

> **"အာဆီယံ၏ တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့သည် ပြည်သူလူထုကို မှန်ကန်ပြီး တိကျသော သတင်းအချက်အလက်များပေးအပ်ခြင်းမှ စတင်ရမည်ဖြစ်ပါသည်။ တားဆီးကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် အရေးကြီးပြီး မဟာဗျူဟာမြောက်သည့်နည်းလမ်းမှာ ပညာပေးခြင်းမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်ကာ ယင်းကို ဘဝတစ်သက်တာ သင်ကြားရေးတွင် အစိတ်အပိုင်း တစ်ရပ်အဖြစ် ထည့်သွင်းနိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်"**

အဘယ်ကြောင့်ဆိုသော် ကာကွယ်ခြင်းနည်းလမ်းသည် ကုန်ကျစရိတ်နည်းပါပြီး အကျိုးဆက်များကို ဖြစ်ပေါ်ပြီးမှ ဖြေရှင်းဆောင်ရွက်သည့်နည်းလမ်းသည် ကုန်ကျစရိတ်များပြားကာ တစ်ခါတစ်ရံတွင် ယုံကြည်စိတ်ချရမှုနည်းပါးပါသည်။ ဥပမာ- မီးဘေးအန္တရာယ်အား မဖြစ်ပေါ်မီက ကြိုတင်ကာကွယ်ခြင်းသည် ဖြစ်ပွားပြီးမှ မီးငြိမ်းသတ်ခြင်းထက် လိုအပ်သော အရင်းအမြစ် ဆုံးရှုံးမှုများကို ပိုမိုထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

### မဟာဗျူဟာမြောက်သည့်နည်းလမ်း

သို့ဖြစ်ရာ အာဆီယံ၏ တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့သည် ပြည်သူလူထုကို မှန်ကန်ပြီး တိကျသောသတင်းအချက်အလက်များ ပေးအပ်ခြင်းမှ စတင်ရမည်ဖြစ်ပါသည်။ တားဆီးကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် အရေးကြီးပြီး မဟာဗျူဟာမြောက်သည့်နည်းလမ်းမှာ ပညာပေးခြင်းမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်ကာ ယင်းကို ဘဝတစ်သက်တာ သင်ကြားရေးတွင် အစိတ်အပိုင်း တစ်ရပ်အဖြစ် ထည့်သွင်းနိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။ သို့မှသာ လူငယ်များနှင့် ကလေးသူငယ်များ၏ ရင်တွင်း၌ တည်ရှိပြီးဖြစ်သော အရည်အသွေးကို အခြေခံသည့် ပညာရေးကို တိုးမြှင့်နိုင်ပြီး တွန်းအားပေးဆောင်ရွက်နိုင်မည်ဖြစ်ကာ အသက်ရှင်သန်မှု၊ မတူကွဲပြားမှုများနှင့် စိတ်ရှည်သည်းခံခြင်းတို့၏ တန်ဖိုးရှိမှု၊ အကြမ်းမဖက်မှု၊ အစွန်းရောက်အကြမ်းဖက်မှုနှင့် အခြားသော အကြမ်းဖက်မှုများ ပြန့်ပွားခြင်းကို တားဆီးကာကွယ်နိုင်ရေးအတွက် အချင်းချင်းအပြန်အလှန် နားလည်ယုံကြည်မှုတို့ကို အသိအမှတ်ပြု လေးစားလာစေမည် ဖြစ်ပါသည်။

### ကြိုးပမ်းဆောင်ရွက် ပေးရမည်

ထို့အတူ အရေးပါသောအချက်မှာ မီဒီယာများမှတစ်ဆင့် အထူးသဖြင့် လူမှုမီဒီယာ၊ ဆိုရှယ်မီဒီယာများမှတစ်ဆင့် တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ (Culture of Prevention) ကို တိုးမြှင့်ဆောင်ရွက်ရန် ဖြစ်ပါသည်။ အစွန်းရောက်အကြမ်းဖက်မှုနှင့် အခြားသောအကြမ်းဖက်မှုများ၏ မောင်းနှင်အားများအဖြစ် ရှုမြင်နိုင်သည့် အွန်လိုင်းပေါ်တွင် လိင်အကြမ်းဖက်မှု (ကလေးသူငယ်နှင့် အမျိုးသမီးများ ၏ ညစ်ညမ်းဗီဒီယိုများကဲ့သို့သော)နှင့် အလွန်အမင်းအစွန်းရောက်သော ဝါဒများ ပျံ့နှံ့လာခြင်းကို တန်ပြန်ဆောင်ရွက်ရန်အတွက် မိမိတို့သည် ဒေသတွင်းရှိ ပြည်သူလူထုများ အထူးသဖြင့် လူငယ်များအကြား မှန်ကန်တိကျသည့် သတင်းများ ဖြန့်ဝေပေးရန်နှင့် မီဒီယာကို မှန်ကန်စွာအသုံးပြုရန် ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ထို့အပြင် တားဆီးကာကွယ်ခြင်းယဉ်ကျေးမှုဓလေ့ (Cultuer of Prevention, နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ပြည်သူများအားလုံး (အားလုံး) နားလည်မှုရှိစေသည်အထိ ကြိုးစားဆောင်ရွက်ပေးရန် အလွန်ပင်အရေးကြီးလှပါသည်။

### ပူးပေါင်းဆောင်ရွက်ရန် အရေးကြီး

တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ (Culture of Prevention) နှင့် ရင်းနှီးကျွမ်းဝင်စေရေး အသိပညာမျှဝေမှုကို တိုးမြှင့်ဆောင်ရွက်ရာတွင် မည်သည့် အကြမ်းဖက်မှုပုံစံမျိုးကိုမဆို ဆန့်ကျင်သည့် စကားဝိုင်းများတွင် လူမှုအဖွဲ့အစည်းများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင် ဆွေးနွေးနိုင်ရေးအတွက် သင့်မြတ်လျော်ကန်သည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ တားဆီးကာကွယ်ခြင်း ယဉ်ကျေးမှုဓလေ့ (Culture of Prevention) ကို မြှင့်တင်ဆောင်ရွက်ရာတွင် အာဆီယံ၏ အသိုက်အဝန်းကြီးများအပြင် အာဆီယံ၏ စင်တာများနှင့် အဖွဲ့ဝင်များကလည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# JICA မြစ်ရေသန့် ပေးဝေနိုင်မှုကြောင့် ဖျာပုံ၌ သောက်သုံးရေကန်များ ခန်းခြောက်မှုမရှိ

**ဖျာပုံ မေ ၈**

မြစ်ဝကျွန်းပေါ်ဒေသတွင် ပါဝင်သည့် ဖျာပုံမြို့သည် မြေအောက်မှ ရေကောင်း ရေသန့်မရရှိ၍ မိုးတွင်းကာလ မိုးရေ သိုလှောင်ထားသည့် ကန်ရေသောက်သုံးလာခဲ့သည်မှာ မြို့တည်သည့်ရက်မှ ၂၀၁၇ ခုနှစ် ဧပြီလအထိဟုဆိုရမည်ဖြစ်သည်။

နှစ်စဉ် မတ်လနှင့် ဧပြီလတို့တွင် သောက်သုံးရေကန်များ ခန်းခြောက်လျက် ရန်ကုန်မြို့မှ ရေသန့်များ မှာယူသောက်သုံးရသည့်နှစ်များလည်း ရှိခဲ့သည်။



ယခုနှစ်တွင် ဧပြီလကုန်သည်အထိ သောက်သုံးရေကန်များ ရေခန်းခြောက်မှုမရှိဘဲ ရပ်ကွက်များအတွင်း ရေလှည်းဖြင့် လိုက်လံရောင်းချသည့် ဈေးများလည်း ယခုနှစ် ဈေးတက်ခြင်း မရှိကြောင်း သိရသည်။

သောက်သုံးရေခက်ခဲသည့် ဖျာပုံမြို့တွင် တာဝန်ရှိသူများက ဂျပန် JICA မြစ်ရေသန့်စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် မေလတွင်မြစ်ရေသန့်များ ပြည်သူတို့၏ လိုအပ်ချက်နှင့် အညီ ရေမီတာစနစ်ဖြင့် လုံလောက်စွာ ပေးဝေနိုင်ခဲ့သည်။

မြို့မရပ်ကွက်နေ ပြည်သူတစ်ဦးက "နှစ်စဉ် မတ်လ၊ ဧပြီလဆိုရင် သောက်သုံးရေကန်တွေ ရေခန်းခြောက်ပါတယ်၊ မြစ်ရေကလည်း ရေငန်လိုက်လာတယ်၊ သောက်ရေရော သုံးရေပါခက်ခဲပါတယ်၊ မြစ်ရေသန့်ပေးဝေတဲ့ စနစ်ပေါ်လာတော့ ရေအတွက် ဖျာပုံမှာ စိတ်အေးနေရပါပြီ၊ ရေပေးဝေချိန် ရေလခသတ်မှတ်နှုန်းအတွက် သုံးစွဲသူတွေ ကျေနပ်လက်ခံပါတယ်၊ မြစ်ရေသန့်ကို သုံးရေအပြင် ရေသန့်အဆင့်မီတဲ့အတွက် သောက်ရေအဖြစ်ပါ သုံးစွဲနေပါတယ်"ဟု ပြောသည်။

ဖျာပုံမြို့တွင် သောက်သုံးရေ အခက်အခဲကြောင့် မြေသား မိုးရေသိုလှောင်ကန် ၆၀ ကျော် တူးဖော်အသုံးပြုခဲ့ရသည့်အပြင် မြစ်ရေ၊ ချောင်းရေနှင့် မြောင်းရေတို့ကိုလည်း သုံးစွဲခဲ့ရကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ကောလင်း၌ ရထားအန္တရာယ်မဖြစ်စေရေး အသိပညာပေးဟောပြော

**ကောလင်း မေ ၈**

ကောလင်းရထားရဲစခန်း ရထားရဲတပ်ဖွဲ့ အမှတ် ၂ တပ်ခွဲ စခန်းမှူး ရဲအုပ်မျိုးလွင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် မေ ၆ ရက်က ကောလင်းဘူတာတွင် ရထားစီးခရီးသွားမည့် ပြည်သူများအား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးသွားများအား ရထားလမ်းကူး Level-Crossing များတွင် ရထားနှင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးခြင်း မဖြစ်ပေါ်စေရေးအတွက် ခြေကျင်ဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုး မောင်းနှင်သူများ၊ ကျွဲ၊ နွားတိရစ္ဆာန်မွေးမြူသူများ၊ ရထားနှင့် ရထားစီးခရီးသည်များ အန္တရာယ်မဖြစ်စေရေးတို့အတွက် အသိပညာပေးဟောပြောခဲ့ပြီး ရထားခဲပေါက်မှု မဖြစ်စေရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကိုလည်း ရှင်းလင်းပြောကြားကာ တက်ရောက်ကြသူများအား ပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့ကြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်စံမောင်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဂျိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကြည့်ရှုစစ်ဆေး




**ဘားအံ မေ ၈**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၇ ရက် နံနက် ၈ နာရီအချိန်တွင် ဘားအံမြို့နယ်၊ ဂျိုင်းကျေးရွာအုပ်စု ရိုးမဟာကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သော သီးနှံစိုက်စွမ်းအားမြှင့်တင်ရေး နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဒေသခံတောင်သူများအား အထွက်နှုန်းတိုးတက်ရေး၊ တစ်သီးစားမှ သုံးသီးစားသို့ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးကာ တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဂျိုင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ ယခင်ဒီဇယ်အင်ဂျင်ဖြင့် မြစ်ရေတင်ခြင်းမှ လျှပ်စစ်ဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က တည်ဆောက်ပြီးစီးခဲ့ရာ ယခုနှစ်မှစပြီး ဧက ၆၀၀ ရေပေးဝေနိုင်မည့် အခြေအနေများကို ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန (ရေအရင်းအမြစ်)လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ထားသော စိုက်ဧကများ ရရှိစိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများနှင့် တောင်သူများ စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး ဂျိုင်းမြစ်မှ မော်တာများဖြင့် ရေတင်နေမှုကို ကြည့်ရှုခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် ငါးတိုင်ကျေးရွာ၌ ကျင်းပသော မြေဆီလွှာအာဟာရဖြည့်တင်းခြင်းနှင့် သစ်စိမ်းမြေဩဇာ အသုံးပြုခြင်းနည်းပညာပေးသရုပ်ပြပွဲကို လည်းကောင်း၊ ကော့ကရိတ်မြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ပြုလုပ်သော မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲကို လည်းကောင်း တက်ရောက်အားပေးကာ တောင်သူများကိုယ်တိုင် လက်တွေ့လုပ်ဆောင်ကြ၍ အမှန်တကယ် အကျိုးရှိစေရေးနှင့် ဝင်ငွေတိုးတက်စေရေး သီးနှံစိုက်စွမ်းအားမြှင့်တင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးကျော်၏ ညွှန်ကြားမှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့သည် မေ ၅ ရက်က သမိုင်းဝင်မြသိန်းတန် စေတီတော်ကြီး ပရဝုဏ်အတွင်းရှိ အမှိုက်ချုံနွယ် ပိတ်ပေါင်းများအား သန့်ရှင်းရေးလုပ်စဉ်။ ကိုသက် (ဇီးကုန်း)

## ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ထမ်းစင်စွမ်းရည်ပြိုင်ပွဲကျင်းပ

**မန္တလေး မေ ၈**

မေ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးစီးကျင်းပသည့် ထမ်းစင်စွမ်းရည်ပြိုင်ပွဲကို မေ ၆ ရက်က ချမ်းအေးသာစံမြို့နယ် အမှတ် ၁၆ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှကြွယ်၊ ဒုတိယဥက္ကဋ္ဌဦးဖြိုးဝေသက်၊ အတွင်းရေးမှူး ခရိုင်တပ်ဖွဲ့မှူး ဦးဝင်းလွင်ထွန်းနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ် တပ်ဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဦးဖြိုးဝေသက်က ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဦးဝင်းလွင်ထွန်းက ပြိုင်ပွဲအစီအစဉ်များနှင့် စည်းကမ်းချက်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ ကြက်ခြေနီ အမျိုးသားအဖွဲ့သုံးဖွဲ့၊ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ ကြက်ခြေနီ အမျိုးသမီးအဖွဲ့နှစ်ဖွဲ့တို့က ထမ်းစင်စွမ်းရည် ယှဉ်ပြိုင်ခဲ့ရာ တာဝန်ရှိသူများက စစ်ဆေး အကဲဖြတ်အမှတ်ပေးကြသည်။

ယင်းပြိုင်ပွဲ၌ ဆုရရှိကြသူများစာရင်းကို မေ ၈ ရက် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား၌ ကြေညာကာ ဆုများချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**တင်မောင်မန်း (မန်းကိုယ်ပွား)**

## နားဝရေလှောင်တမံ တည်ဆောက်ပြီးစီးပါက သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်တော့မည်

**လားရှိုး မေ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးခရိုင်ရှိ မိုင်းရယ်မြို့သည် တောင်ပေါ်ဒေသဖြစ်ပြီး ရေထွက်နည်းပါးမှုကြောင့် နွေရာသီတွင် သောက်သုံးရေ မလုံလောက်သည့်အတွက် ဒေသခံတောင်သူများမှာ စိုက်ပျိုးရေအတွက် ကိုယ့်အားကိုယ်ကိုး လက်ရိုက်ဆည်များကို နှစ်စဉ် သစ်၊ မျော၊ ဝါးများဖြင့် ပြုပြင်သုံးစွဲနေရကြောင်း သိရသည်။

ယခုနွေရာသီတွင်လည်း သောက်သုံးရေကန်များ ခန်းခြောက်ခြင်း၊ အဝီစိတွင်းရေများ ခန်းခြောက်ခြင်းတို့ကြောင့် ဒေသခံပြည်သူများ သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေအတွက် ရှားပါးမှုဖြင့် ကြုံတွေ့နေကြရသည်။

မိုင်းရယ်မြို့နှင့် အနီးဝန်းကျင် ကျေးရွာများ နှစ်စဉ်ကြုံတွေ့နေရသော စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများမှ ပြေလည်စေရေးအတွက် မိုင်းရယ်မြို့အထက်ဘက်ရှိ နားဝကျေးရွာအနီးတွင် ရေလှောင်တမံတစ်ခု တည်ဆောက်ပေးနိုင်ရန် မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးတို့တွင် တင်ပြခဲ့သည်။

ယင်းကဲ့သို့ တင်ပြမှုကြောင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ညွှန်ကြားချက်များအရ ရှမ်းပြည်နယ် မြောက်ပိုင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အသေးစိတ် မြေပြင်တိုင်းတာစစ်ဆေးခြင်း၊ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ အသေးစိတ် ကွင်းဆင်းစစ်ဆေး၍ ဒီဇိုင်းပုံထုတ်ခြင်း၊ အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းစသည်တို့ကိုအဆင့်ဆင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နားဝရေလှောင်တမံစီမံကိန်းကို ရှမ်းပြည်နယ် မြောက်ပိုင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများ၊ လူအင်အားများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မိုင်းရယ်မြို့နှင့် အနီးဝန်းကျင် ကျေးရွာနှစ်ရွာတို့ကို သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိစေရန်၊ ရေလှောင်တမံများတွင် အပန်းဖြေနေရာများ ပေါ်ပေါက်လာစေရန်၊ ကုန်ထုတ်လမ်း၊ ဆက်သွယ်ရေးလမ်းများ ပိုမိုကောင်းမွန်လာစေရန်နှင့် ဒေသစိမ်းလန်းစိုပြည်ပြီး လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်၍ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၉ ခုနှစ်အတွင်း အမြန်ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**





## တာချီလိတ်မြို့ ယာဉ်ထိန်းများအတွက် ဦးထုပ်နှင့် အင်္ကျီများ လှူဒါန်း

**တာချီလိတ် မေ ၈**

ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်ပေးလျက်ရှိသည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအတွက် ယာဉ်ထိန်းဦးထုပ်နှင့် ရောင်ပြန်အင်္ကျီများ ပေးအပ်လှူဒါန်းခြင်းကို မေ ၇ ရက်က တာချီလိတ်မြို့၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် တာချီလိတ်မြို့ အမှတ် ၁၁၇ ယာဉ်ထိန်းတပ်ဖွဲ့စုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအတွက် သူရိယသက်နှင်းတိုက်မိသားစုမှလှူဒါန်းသော ယာဉ်ထိန်းဦးထုပ် ၂၄ လုံး ၊ CNCMCကော်မတီမှ လှူဒါန်းသည့် ရောင်ပြန်အင်္ကျီ ခုနစ်ထည်တို့ကို CNCMC လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစဝ်စိုးလင်းနှင့် တာဝန်ရှိသူများမှ ပေးအပ်လှူဒါန်းရာအမှတ် ၁၁၇ ယာဉ်ထိန်း တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်မင်းသိန်းနှင့် တပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ယင်းကျားတိုင်းရင်းသားလူမျိုးတို့၏ ပန်လူ့ဖိုင်း(ခေါ်)ရိုးရာမီးရှူးလွှတ်ပြိုင်ပွဲ

**စိုင်းဇော်လတ်(လင်းခေး)**



စာရေးသူသည် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ပုတ်ပျံကျေးရွာတွင် မေ ၅ ရက်က ကျင်းပခဲ့သော ယင်းကျားတိုင်းရင်းသားလူမျိုးတို့၏ ပန်လူ့ဖိုင်း(ခေါ်)ရိုးရာမီးရှူးလွှတ်ပြိုင်ပွဲသို့ သွားရောက်ခဲ့ရာ အဆိုပါ ယင်းကျားတိုင်းရင်းသားတို့၏ မီးရှူးလွှတ်တင်ပြိုင်ပွဲအကြောင်း လေ့လာမှတ်သားမိခဲ့သမျှနှင့် ယင်းကျား၊ ယင်းနက်လူမျိုးစုတို့၏ အခြေခံသမိုင်း၊ လူမျိုးအကြောင်းတို့ကို ရေးသားဖော်ပြလိုက်ပါသည်။

ယင်းကျား၊ ယင်းနက် တိုင်းရင်းသားလူမျိုးစုတို့သည် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်း၌ အများဆုံးနေထိုင်လျက်ရှိကြသည့် လူမျိုးစုတစ်စုဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်း တိုင်းရင်းသားလူမျိုးစုများ အသီးသီးနေထိုင်လျက်ရှိကြသည့်အနက် ယင်းကျားနှင့် ယင်းနက်လူမျိုးများမှာ လူဦးရေနည်းပါးပြီး လူမျိုးစုပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်း ဒေသခံရွာသူကြီးဦးလုံးလွယ်(ပုတ်ပျံရွာသူကြီး) လက်ရှိကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

“ကျွန်တော့်နာမည်က ဦးလုံးလွယ်လို့ ခေါ်ပါတယ်၊ ပုတ်ပျံရွာက ရွာလူကြီးဖြစ်ပါတယ်၊ ကျွန်တော်တို့ ယင်းကျား၊ ယင်းနက် လူမျိုးစုဟာ လူအနည်းစုဖြစ်ပါတယ်၊ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာ ရှားရှားပါးပါးတွေ့မြင်ရခဲတဲ့ တိုင်းရင်းသားလူမျိုးစုတစ်စုလို့လည်း ဆိုရပါမယ်၊ ကျွန်တော်တို့ ယင်းကျား ယင်းနက်လူမျိုးတွေက ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့ရဲ့ အရှေ့တောင်ဘက် ကျေးရွာတွေမှာ ယင်းကျားလူမျိုးတွေ အများဆုံးနေထိုင်ကြပြီး မြို့ရဲ့အနောက်မြောက်ဘက်ခြမ်းမှာတော့ ယင်းနက်လူမျိုးစုတွေ နေထိုင်လျက်ရှိကြပါတယ်”ဟု ပြောသည်။

မီးရှူးလွှတ်ပြိုင်ပွဲနှင့် ပတ်သက်၍လည်း “ယင်းကျားနဲ့ ယင်းနက်လို့ အခေါ်အားဖြင့်တူနေပေမယ့် ကျွန်တော်တို့ ယင်းကျားနဲ့ယင်းနက် လူမျိုးတို့ရဲ့ ဓလေ့ရိုးရာကတော့ တစ်မျိုးစီပါပဲ၊ အနည်းငယ်ကွာခြားပါတယ်၊ ကျွန်တော်တို့ အခုကျင်းပတဲ့ ယင်းကျားရိုးရာ မီးရှူးလွှတ်ပြိုင်ပွဲကတော့ ရှေးနှစ်ပေါင်းများစွာကတည်းကနေ ဒီကနေ့အထိပဲ ဖြစ်ပါတယ်၊ နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့မှာ ကျင်းပလေ့ရှိတဲ့ ယင်းကျားလူမျိုးရိုးရာဓလေ့ မီးရှူးလွှတ်ပြိုင်ပွဲကို ယင်းကျားအခေါ် ပန်လူ့ဖိုင်း(မီးပူဇော်ပွဲ)လို့ ခေါ်ပါတယ်၊ ရှမ်းဘာသာစကားအရ ပန်နူဖိုင်းလို့လည်း ခေါ်ကြပါတယ်”ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ယင်းကျားလူမျိုးတို့၏ရိုးရာ မီးရှူးလွှတ်တင်ပြိုင်ပွဲသည် နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့တွင် ကျင်းပသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ အခါအားလျော်စွာ ကဆုန်လပြည့်နေ့၌ မကျင်းပဖြစ်ခဲ့လျှင်လည်း ကဆုန်လဆုတ် ၄ ရက်၊ ၅ ရက်နေ့တို့တွင် ပြုလုပ်ကျင်းပကြကြောင်း၊ မီးရှူးလွှတ်ပြိုင်ပွဲသည် ယင်းကျားလူမျိုးတို့၏ ဓလေ့ရိုးရာပွဲများ၌ တစ်ပွဲအပါအဝင်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မီးရှူး တာလွှတ်သည့်နေရာနှင့် တာဖမ်းသည့်နေရာ ထားရှိပြီး ကျယ်ပြန့်သော မြေပြင်ကွင်းပြင်၌ ကျင်းပရသည်။ တာဖမ်းနှင့် တာလွှတ်ဒိုင်များ ထားရှိကြရပြီး တာဖမ်းနေရာကို ဂိုးဟု သတ်မှတ်ခေါ်ဆိုကြသည်။

မီးရှူးလွှတ်ပြိုင်ပွဲတွင် တိုင်းရင်းသားတို့သည် အဖွဲ့အလိုက် မီးရှူးများပြုလုပ်၍ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ “အမှတ်စဉ်အလိုက် အလှည့်ကျ မီးရှူးများ လွှတ်တင်ကြပြီးနောက် သတ်မှတ်ထားသည့် မီးရှူးဂိုးဝင်၊ ဂိုးအပြင် စည်းများအတိုင်း ဂိုးနှင့်အနီးဆုံး၊ အဝေးဆုံးရောက်ရှိသည့်အပေါ် အမှတ်ပေးစနစ်ဖြင့် အနိုင်အရှုံးကို သတ်မှတ်ကြသည်။ သတ်မှတ်ထားသော ဂိုးဧရိယာအတွင်းသို့ ပန်းဝင်လာသောမီးရှူး၏ အဝေးဆုံး ရောက်ရှိလာသည့် မီးစံချိန်ကို ဂိုးစောင့်ဒိုင်များက စာရင်းကောက်ယူကာ ပထမ၊ ဒုတိယ၊ တတိယဟု အဆင့်ရယူကြသည်။

ပြိုင်ပွဲကျင်းပသောကွင်းတွင် အလှည့်ကျ မီးရှူးလွှတ်တင်မည့် စင်မြင့်တစ်ခု တည်ဆောက်ပေးထားသည်။ ပြိုင်ပွဲဝင်အဖွဲ့များသည် မိမိတို့မီးရှူးကို မီးရှူးလွှတ်စင်တွင် စနစ်တကျ တင်ပြီးပါက စနက်တံကိုမီးရှို့၍ လွှတ်တင်ကြသည်။ ၎င်းပွဲတော်ရက်တွင် ရိုးရာမီးရှူး အလုံး ၄၀၊ ၅၀ နှင့်အထက် ပြိုင်ပွဲဝင် လွှတ်တင်ကြသည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးရှူးကို ပြင်ဆင်ပြုလုပ်ထားပုံမှာ အကြီး၊ အငယ်၊ အလတ်ဟု အရွယ်အစား သုံးမျိုး ပြုလုပ်ယှဉ်ပြိုင်လေ့ရှိကြောင်း သိရသည်။ မီးရှူးတွင် ယမ်းစိမ်းကိုထောင်းထည့်ကာ သံဘူးဖြင့် ပြုလုပ်ကြောင်း၊ အရှည် ရှစ်လက်မမှ ၁၀ လက်မခန့်ရှိပြီး လုံးပတ်တစ်လက်မခွဲမှ နှစ်လက်မခန့်တုတ်သော လက်လုပ် ရိုးရာမီးရှူးများဖြစ်ကြောင်း၊ စနက်တံအဖြစ် ရှမ်းစက္ကူ(မိုင်းကိုင်စက္ကူ)ကို ကြိုးသဏ္ဌာန်ကျစ်၍ အသုံးပြုထားကြောင်း စာရေးသူ လေ့လာတွေ့ရှိခဲ့ရသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိကြသောအဖွဲ့များအား ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် အနိုင်ရရှိကြသော မီးရှူးအဖွဲ့များအနေဖြင့် အနိုင်ရရှိမှုအတွက် ဂုဏ်ယူဝမ်းမြောက်ဝမ်းသာဖြစ်ကာ ယင်းကျားရိုးရာ တေးသီချင်းများကို အဖွဲ့လိုက် သီဆို၊ ကခုန် ပျော်မြူးလေ့ရှိကြသည်။

နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့တွင် ကျင်းပသည့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်နှင့် ငါးမိုင်ခန့်အကွာတွင် နေထိုင်ကြသော ယင်းကျားလူမျိုးစု တိုင်းရင်းသားတို့၏ ရိုးရာမီးရှူးလွှတ်တင်ပြိုင်ပွဲသို့ စာရေးသူ မေ ၅ ရက်က တစေ့တစောင်း သွားရောက်လေ့လာခဲ့ရသည်များမှ အနည်းငယ် ရေးသားတင်ပြလိုက်ရပါသည်။ ။

**“မီးရှူးလွှတ်ပြိုင်ပွဲတွင် တိုင်းရင်းသားတို့သည် အဖွဲ့အလိုက် မီးရှူးများပြုလုပ်၍ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အမှတ်စဉ်အလိုက် အလှည့်ကျ မီးရှူးများလွှတ်တင်ကြပြီးနောက် သတ်မှတ်ထားသည့် မီးရှူးဂိုးဝင်၊ ဂိုးအပြင်စည်းများအတိုင်း ဂိုးနှင့်အနီးဆုံး၊ အဝေးဆုံး ရောက်ရှိသည့်အပေါ် အမှတ်ပေးစနစ်ဖြင့် အနိုင်အရှုံးကို သတ်မှတ်ကြသည်။ သတ်မှတ်ထားသောဂိုးဧရိယာအတွင်းသို့ ပန်းဝင်လာသောမီးရှူး၏ အဝေးဆုံးရောက်ရှိလာသည့် မီးစံချိန်ကို ဂိုးစောင့်ဒိုင်များက စာရင်းကောက်ယူကာ ပထမ၊ ဒုတိယ၊ တတိယဟု အဆင့်ရယူကြသည်”**

## မြန်အောင်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**မြန်အောင် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မေ ၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အင်္ဂပူမြို့နယ် ညောင်ကျိုးတာတမံနယ်ရှိ မြန်အောင်တာမိုင်(၃၈/၀)မှ(၄၀/၇) အတွင်း တာတမံပြုပြင်ခြင်းလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် တာတမံတစ်လျှောက် ဖြတ်သန်းကြည့်ရှုပြီး မြန်အောင်မြို့နယ်အတွင်းရှိ ကျွဲခေါင်းကြီးတာ မြန်အောင်တာမိုင်(၂၉/၀)မှ(၃၀/၁) အတွင်း အုန်းတိုင်အခြေပြု ရေကာတာတန်းရိုက်ရန် လျာထားနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် သဲဘို့ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အုန်းတိုင်အခြေပြု ရေကာတာတန်း ရိုက်ရန်အတွက် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးရန် ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားပြီး လယ်ယာမြေများတွင် မြေဆီလွှာအာဟာရ ဓာတ်ခွဲစစ်ဆေးပေးခြင်း ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သပြေကုန်းတိုက်နယ်နှင့် ရွှေကျင်တိုက်နယ်တို့မှ ကျေးရွာအုပ်စုများအတွက် မြေဆီလွှာအာဟာရဓာတ် စစ်ဆေးချက် မှတ်တမ်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် သပြေကုန်း-ဒေါင်းကျလမ်းပေါ်ရှိ မဲဇင်းတံတား ပြန်လည်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## တွန်းဇံမြို့နယ်တွင် နယ်စပ်ဈေးများဖွင့်ရေးအတွက် တံတားဆောက်မည့်နေရာကို ကွင်းဆင်းစစ်ဆေး

**တွန်းဇံ မေ ၈**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဒါရ်ခိုင်း(ရွာဟောင်း)ကျေးရွာ၌ အိန္ဒိယ-မြန်မာ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် နှစ်နိုင်ငံကြား တံတားတည်ဆောက်ရမည့်နေရာကို



ဌာနဆိုင်ရာ တာဝန်ရှိသူများအဖွဲ့က မေ ၆ ရက်က ကြိုတင်ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် တံတားလေးစင်းကို တည်ဆောက်ရမည်ဖြစ်ရာ အဆိုပါတံတားလေးစင်းအနက် တစ်ခုအပါအဝင်ဖြစ်သော တွန်းဇံမြို့နယ် ဒါရ်ခိုင်း(ရွာဟောင်း)ကျေးရွာသို့ သက်ဆိုင်သည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းသွားရောက်ပြီး အိန္ဒိယ-မြန်မာ နယ်စပ်ဖြစ်သော သီအိုချောင်းကူးတံတား တည်ဆောက်မည့်နေရာနှင့် ဆက်စပ်လမ်းကြောင်းများကို ကြိုတင်ကွင်းဆင်းတိုင်းတာခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် အသေးစိတ် ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ပြီးစီးပါက ဒါရ်ခိုင်း(ရွာဟောင်း)ကျေးရွာအပါအဝင် ချင်းပြည်နယ်၏ နယ်စပ်နေရာ ငါးခုတွင် နယ်စပ်ဈေးများ ဖွင့်လှစ်ပြီး အိန္ဒိယနိုင်ငံမှ ဒေသထွက်ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ မိမိတို့ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်တွင် မဏ္ဍိုင်သုံးရပ်နှင့် တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးမည်

**ကျောက်တံခါး မေ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ပြည်သူ့စကားဝိုင်းနှင့် ကျေးလက်စကားဝိုင်းများကို အကောင်အထည်ဖော် ပြုလုပ်သွားနိုင်ရေးအတွက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၆ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်သူ့စကားဝိုင်းများကို ကျင်းပရာတွင် အစိုးရဌာနများတွင် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များအား အများပြည်သူ နားလည်လာစေရန် ကဏ္ဍစုံလင်စွာဖြင့် မြို့ပေါ်နှင့် ကျေးလက်များတွင် စဉ်ဆက်မပြတ် ကျင်းပသွားရန်လိုကြောင်း အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြည်သူ့စကားဝိုင်းများကျင်းပခြင်းဖြင့် အစိုးရတာဝန်ရှိသူများ၏ ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းအခက်အခဲများကို ပြည်သူများ သိရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းအတွက် ခေါင်းစဉ်ကို ဆွေးနွေးရွေးချယ်ခဲ့ရာ ယခုလတွင် လူငယ်နှင့် မဏ္ဍိုင်သုံးရပ်နှင့် တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ပြုလုပ်သွားမည်ဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်တရားသူကြီးတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊ မိမိ ရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့်အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန်ဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ပြည်သူ့စကားဝိုင်းနှင့် ကျေးလက်စကားဝိုင်းများကို ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မကွေးမြို့၌ မေ ၉ ရက်မှစ၍ လျှပ်စစ်ဓာတ်အားအပြည့်အဝ ပြန်ရမည်

**မကွေး မေ ၈**

မကွေးမြို့နှင့် ပတ်ဝန်းကျင်ဒေသတွင် ရက်သတ္တတစ်ပတ်ကျော် ပြတ်တောက်နေသည့် လျှပ်စစ်ဓာတ်အား အပြည့်အဝပြန်လည်ဖြန့်ချိရေးလုပ်ငန်းများကို အစောဆုံး မေ ၈ ရက် ညနေပိုင်းသို့မဟုတ် မေ ၉ ရက်တွင် ပြန်လည်စတင်နိုင်တော့မည်ဖြစ်ကြောင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မကွေးပင်မဓာတ်အားခွဲရုံမှူးထံမှ သိရသည်။

"ကြားမှာ အခက်အခဲလေး ဖြစ်မှာစိုးတဲ့အတွက် မေ ၈ ရက်မှာ နေပြည်တော်က လာစစ်မယ်လို့ ပြောထားတာရှိပါတယ်၊ ကျွန်တော်တို့ဘက်က အဆင်ပြေရင် မေ ၇ ရက် ညနေ လာကြမှာပါ၊ မေ ၈ ရက် မလွှတ်ဖြစ်ရင်တောင် ၉ ရက် လွှတ်ဖြစ်မှာကျိန်းသေပါတယ်၊ မေ ၈ ရက်တောင် ဖြစ်သွားနိုင်ပါတယ်"ဟု မကွေးပင်မဓာတ်အားခွဲရုံမှ ခွဲရုံမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဖိုးလှိုင်က မေ ၇ ရက်က ပြောသည်။

မကွေးမြို့ပင်မဓာတ်အားခွဲရုံမှ ၂၀ အမ်ဗွီအေ ထရန်စဖော်မာ သုံးလုံးဖြင့် မကွေး၊ ရေနံချောင်း၊ မြင်ကွန်း၊ မိကျောင်းရဲစသည့် ဒေသများသို့ လျှပ်စစ်ဓာတ်အား ပေးပို့လျက်ရှိရာ ဧပြီ ၃၀ ရက်က ရှဉ့်ပြုတ်ကျမှုဖြစ်စဉ်ကြောင့် ထရန်စဖော်မာများ ထိခိုက်ပျက်စီးကာ ဓာတ်အားပြတ်တောက်ခဲ့ရကြောင်း၊ မေ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံမှ ၁၃ ဒသမ ၃၃ အမ်ဗွီအေ ထရန်စဖော်မာ လေးလုံး သယ်ယူခဲ့ပြီး မေ ၄ ရက်တွင် မကွေးပင်မခွဲရုံ၌ တပ်ဆင်ခဲ့ကြောင်း၊ မေ ၆ ရက်တွင် ထရန်စဖော်မာဆီထည့်၍ ဆီအတွင်း ရေခိုးရေငွေ့ပါဝင်မှုမရှိစေရန် စစ်ဆေးခဲ့ကြောင်း လတ်တလောအခြေအနေကို သိရသည်။

ဆီထည့်ပြီး ၂၄ နာရီစောင့်ဆိုင်း၍ စစ်ဆေးမှုများ အဆင်ပြေပါက မေ ၈ ရက်တွင် နေပြည်တော် ဓာတ်အားပို့လွှတ်မှုစစ်ဆေးရေးဌာနမှ လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း၊ ဓာတ်အားပို့လွှတ်ရန် အဆင်ပြေပါက လျှပ်စစ်ဓာတ်အားလိုင်းပေါ်တွင် ၁၂ နာရီကြာ ပို့လွှတ်ထားပြီးမှ လျှပ်စစ်သုံးစွဲသူ ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ကြောင်းလည်း လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

"အရင်က ၂၀ အမ်ဗွီအေ ထရန်စဖော်မာ သုံးလုံး စုစုပေါင်း ၆၀ အမ်ဗွီအေနဲ့ ဓာတ်အားပို့လွှတ်ခဲ့တာပါ၊ အခုပြန်လည်တပ်ဆင်တာက ၁၃ ဒသမ ၃၃ အမ်ဗွီအေ ထရန်စဖော်မာ သုံးလုံး စုစုပေါင်း၃၉ ဒသမ ၉၉ အမ်ဗွီအေ ဖြစ်ပါတယ်။ ၆၀ အမ်ဗွီအေနဲ့ ဓာတ်အားပို့တုန်းကလည်း သုံးစွဲမှုပမာဏက ၂၁ အမ်ဗွီအေသာ ရှိခဲ့ပါတယ်၊ အခုတပ်ဆင်မှုမှာ အမ်ဗွီအေ နည်းသွားပေမယ့် ယခင်ကလိုပဲ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်မှာပါ၊ အရန်ထရန်စဖော်မာ ၁၃ ဒသမ ၃၃ အမ်ဗွီအေ တစ်လုံးလည်း အရန်သင့်ထားရှိပြီးဖြစ်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ဆိုသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် မကွေးဒေသတွင်း နယ်ပယ်စုံတွင် ထိခိုက်နစ်နာမှုနှင့် အခက်အခဲများစွာကြုံတွေ့ခဲ့ရပြီး လျှပ်စစ်ဝန်ထမ်းများက နေ့ညဆက်တိုက် ပြုပြင်လဲလှယ်တပ်ဆင်မှုများ ဆောင်ရွက်ခဲ့သလို မီးပေးရန် အချိန်ဇယားများရေးဆွဲကာ အလှည့်ကျ ဓာတ်အားဖြန့်ဝေမှုများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ပြည်သူများကလည်း လျှပ်စစ်မီး



ပြန်လည်ရရှိရေး ဆောင်ရွက်နေသော ဝန်ထမ်းများအား အာဟာရဒါနကျွေးမွေး၍ အသိအမှတ်ပြုလျက်ရှိပြီး လုပ်ငန်းစဉ် အခြေအနေများအရ မေ ၉ ရက်တွင် ပုံမှန်လျှပ်စစ်ဓာတ်အား ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **ဇေယျာတု(မကွေး)**

# စေတုတ္တရာမြို့နယ်တွင် ကျေးရွာအရောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စေတုတ္တရာ မေ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် မေ ၆ ရက်က စေတုတ္တရာမြို့နယ် ကျန်စိမ့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြီး ကျန်စိမ့်ကျေးရွာအပါအဝင် တည်စုတ်ကျေးရွာ၊ ရေသောင်ကျေးရွာ၊ အုံးဝါးကျေးရွာ၊ နန်ကြူကျေးရွာ၊ ကန်တိုင်ကျေးရွာနှင့် ကံဇင်းကျေးရွာတို့မှ ဒေသခံပြည်သူများအား အသိပညာပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာအရောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် စေတုတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လွင်က ဒေသခံများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စေတုတ္တရာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးက အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် မိသားစုအပိုဝင်ငွေ ရရှိနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပက်သတ်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက မြို့နယ်အတွင်းမှ ဒေသခံ ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် စေတုတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က ကျေးရွာအရောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်း၍ ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြေစာရင်း



**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းတစ်ဦးက ကျွဲ၊ နွားများအား ကာကွယ်ဆေးများ ထိုးပေးစဉ်**

ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဌာနအလိုက် ပြည်သူ့ဝန်ဆောင်မှုများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြသည်။

ကျေးရွာအရောက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုအဖြစ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးက ဒေသခံကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွား တိရစ္ဆာန်များအား ကာကွယ်ဆေးများ ကုသထိုးနှံပေးခြင်း၊ ကျန်းမာရေးဦးစီးဌာနက အခမဲ့ကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ မြေစာရင်းဦးစီးဌာနက လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကတ်များ ပြုလုပ်ပေးခြင်း၊ ပညာရေးဌာနက ကျောင်းနေအရွယ်ကလေးငယ်များအတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခြင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနက ဒေသခံကျေးလက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# စစ်ကိုင်းမြို့ မဟာနန္ဒာကန်တော်ကြီး ပြန်လည်ပြုပြင်မည်

**စစ်ကိုင်း မေ ၈**

စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် မဟာနန္ဒာကန်တော်ကြီး ပြန်လည်ပြုပြင်ခြင်းနှင့် မြို့အင်္ဂါရပ်နှင့်အညီ မြို့သာယာလှပရေးအတွက် တိုက်ခန်းများဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မဟာနန္ဒာကန်တော်ကြီးမှာ ရှေးဟောင်းကန်ကြီးတစ်ကန်ဖြစ်ပြီး သွေးဆေးကန်ဟုလည်း အမည်တွင်သည်။ ကိုးတောင်ပြည့်စေတီ၊ မြို့လယ်ရှိ သုဓမ္မာ ဓမ္မာရုံနှင့် မဟာနန္ဒာ ကန်တော်ကြီးတို့မှာ ပနံရလှပြီး မဟာနန္ဒာကန်တော်ကြီးကို အများပြည်သူအပန်းဖြေအနားယူစရာနေရာ ဖြစ်လာအောင်နှင့် နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်စားလည်ပတ်လာအောင် လုပ်ဆောင်ပါက ပို၍ ကောင်းမွန်မည်ဖြစ်ကြောင်း စစ်ကိုင်းမြို့ခံအချို့က ပြောသည်။

စစ်ကိုင်းမြို့သာယာလှပရေးအတွက် ပိုးတန်းရပ်ကွက်အတွင်း တိုက်ခန်းများဆောက်လုပ်သွားမည်ဖြစ်ရာ လက်ရှိနေထိုင်သူများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရပြီး လောလောဆယ်တွင် အဆောက်အအုံအဟောင်းများကို ဖြိုဖျက်မည်ဖြစ်၍ ဆိုင်ပိုင်ရှင်များအား ဇွန် ၃၀ ရက် နောက်ဆုံးထား ရွှေ့ပြောင်းပေးရန် ပိုးတန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက အသိပေးအကြောင်းကြားထားကြောင်း သိရသည်။ **ဝဖဖ**

# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**မိုးကောင်း မေ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ မေ ၈ ရက်တွင် ကျရောက်သည့် နှစ်(၇၀)ပြည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကို မေ ၆ ရက်က မိုးကောင်းမြို့အမှတ် - ၂ အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး အသင်းခွဲကော်မတီဝင် ဦးဆိုင်းနော်က ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်များ၊ အသင်း၏လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ စေတနာရှင်ပြည်သူများက မြို့နယ်ကြက်ခြေနီအသင်းခွဲသို့ အလှူငွေ ၁၃၅၅၀၀၀ ကျပ်ကို လှူဒါန်းရာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဒေါ်ဆွေမာသင်းနှင့် အသင်းခွဲကော်မတီဝင်များက လက်ခံရယူခဲ့သည်။ ထို့နောက် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် တပ်ဖွဲ့ဝင်များအား အသင်းခွဲကော်မတီဝင်များနှင့် မြို့မိမြို့ဖများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝင်းနိုင် (ကချင်မြေ)**

# သုံးခွမြို့နယ်တွင် မီးဘေးလုံခြုံရေးဟောပြောပြီး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**သုံးခွ မေ ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် နန်းခလဲကျေးရွာ၌ မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ မေ ၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသွင်ယုနိုင်က မီးဘေးလုံခြုံရေး၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်း၊ လျှပ်စစ်မီး၊ မီးဖိုချောင်မီးကြွင်းမီးကျန်၊ ဂက်စ်မီးနှင့် လောင်စာဆီမီး လောင်ကျွမ်းမှုဖြစ်စဉ်များ၊ သုံးခွမြို့နယ်အတွင်းဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်မှတ်တမ်းများကို ပရိုဂျက်တာဖြင့် ပြသ၍ အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို ကျောင်းဝင်းအတွင်း ပြုလုပ်ပြီး မီးသတ်ဦးစီးမှူးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့် ကျေးရွာနေပြည်သူများက ကြည့်ရှုအားပေးခဲ့သည်။ **ကိုကျော် (သုံးခွ)**



# မြင်းခြံမှ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်

**မြင်းခြံ မေ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မကျီးသမျှားကျေးရွာမှ မီးဘေးသင့် အိမ်ထောင်စုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် မေ ၆ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က မီးဘေးသင့်ပြည်သူများအား နှစ်သိမ့်အားပေးစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးတင့်လွင်၊ ဒုတိယမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်အေးစမ်းမိုးနှင့် ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဇော်ဝင်းတို့က ထောက်ပံ့ပစ္စည်းများကို မီးဘေးသင့်အိမ်ထောင်စု လေးစုထံ ပေးအပ်ခဲ့သည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# မြင်းမူမြို့၌ ကလေးများအတွက် စိတ်ကြိုက်ဆေးရောင်စုံပန်းချီပြိုင်ပွဲ ကျင်းပပေး

**မြင်းမူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော မျိုးဆက်သစ် ပန်းချီအတတ်ပညာသင်တန်းမှ ကလေးငယ်များအား စိတ်ကြိုက်ပန်းချီရေးဆွဲခြင်းနှင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲကို မေ ၆ ရက်က ကျင်းပပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပန်းချီပညာဝါသနာပါသော ကလေးငယ်များကို စုစည်းပြီး ပန်းချီပညာရှင်ဦးစံရွှေက သင်ကြားပေးလျက်ရှိရာ ကလေးငယ်များ၏ ပန်းချီလက်ရာများကို အများပြည်သူ သိရှိလာစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာပေချစ်မြတ်နိုးသူများအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် စေတနာရှင်မိဘများ ပူးပေါင်း၍ စိတ်ကြိုက်ပန်းချီရေးဆွဲခြင်းနှင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးဒေါ်သီတာအောင်က ပြောသည်။

အဆိုပါ စိတ်ကြိုက်ပန်းချီနှင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲကို အငယ်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အကြီးတန်းအဆင့် သုံးဆင့်ခွဲ၍ကျင်းပရာ ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဝါသနာရှင် ကလေးငယ်ပေါင်း ၄၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် အဆင့်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား ရွေးချယ်၍ တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။



**အောင်စိုးဖေ (မြင်းမူ)**

# အင်္ဂပူမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး ပြည်သူများထံ လက်ရောက်ပေးအပ်

**အင်္ဂပူ မေ ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်များမှ ပြည်သူများအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြည်သူများထံသို့ ပေးအပ်ပွဲကို အင်္ဂပူမြို့ မြို့တော်ခန်းမတွင် မေ ၆ ရက်က ကျင်းပခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနိုင်မှုနှင့် ကတ်ပြားများ ပေးအပ်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့မှ ပြည်သူများကိုယ်စား တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် မြန်အောင်မြို့နယ်အတွင်း ကျေးရွာ ၁၇ ရွာမှ ပြည်သူများနှင့် ကျောင်းငါးကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ၃၀၀၀၊ အင်္ဂပူမြို့နယ်ရှိ ကျေးရွာအုပ်စုတစ်စုနှင့် ကျောင်းလေးကျောင်းအတွက် စိစစ်ရေးကတ် ၉၃၉ ခုနှင့် ကြံခင်းမြို့နယ် ကျေးရွာအုပ်စု ၁၀ စုမှ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ၂၂၇ ခု စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ် ၄၁၆၆ ခုကို ပြည်သူများထံ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **မန်းကျော် (ပြန်/ဆက်)**

# တံတားဦးမြို့နယ်တွင် ကျွဲ၊ နွားများကို ခွာနာ၊ လျှာနာ ကာကွယ်ဆေးများ အခမဲ့ထိုးပေး

**တံတားဦး မေ ၈**

နယူးဇီလန်အစိုးရ၏ အထောက်အပံ့ဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)တို့ ပူးပေါင်းပြီး တံတားဦးမြို့နယ်အတွင်းမှ ပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများကို မေ ၄ ရက် နံနက်ပိုင်းမှ စတင်၍ အခမဲ့ထိုးပေးနေကြောင်း သိရသည်။

ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင် ဦးဆောင်၍ ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးသိန်းနိုင်၊ တံတားဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းဇော်နှင့် ဝန်ထမ်းများက ကျေးရွာများအရောက် အခမဲ့လိုက်လံထိုးပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

ကျွဲ၊ နွားများတွင် ခွာနာ၊ လျှာနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး အလွန်ကူးစက်မြန်သော ရောဂါဖြစ်ကြောင်း၊ ခွာနာ၊ လျှာနာရောဂါဖြစ်ခြင်းကြောင့် မွေးမြူရေးလုပ်ကိုင်သူများနှင့် လယ်ယာလုပ်ငန်းလုပ်ကိုင်သူများအတွက် စီးပွားရေးကို ထိခိုက်စေနိုင်ကြောင်း၊ ခွာနာ၊ လျှာနာရောဂါသည် နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး ရာသီအကူးအပြောင်းကာလ အထူးသဖြင့် မိုးဦးဝင်ရောက်စအချိန် မေလနှင့်ဇွန်လတို့တွင် ဖြစ်ပွားတတ်ကြောင်း၊ ယခုလို ရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးပေးခြင်းအားဖြင့် ရောဂါကို ကာကွယ်နိုင်ပြီး ကျွဲ၊ နွား မွေးမြူသူများအား စီးပွားရေးထိခိုက်နစ်နာမှုကို လျော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။

တံတားဦးမြို့နယ်အတွင်း ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ ထိုးပေးရာတွင် ကျေးရွာအုပ်စု ၄၉ အုပ်စုမှ ကျေးရွာပေါင်း ၈၄ ရွာသို့ အဖွဲ့ငါးဖွဲ့ဖြင့် ကွင်းဆင်း၍ အခမဲ့ လိုက်လံထိုးပေးနေပြီး မေ ၄ ရက်မှ ၁၅ ရက်အထိ ၁၂ ရက်ကြာ ကာကွယ်ဆေးများ ထိုးပေးသွားမည်ဖြစ်ကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးထံမှ သိရသည်။ **ရဲတင့်**



# မြစ်ရေတင်ခကို သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံပါက တိုင်ကြားနိုင်

**ပခုက္ကူ မေ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မှ မြို့နယ်များတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စပါးအပါအဝင် မိုးသီးနှံလျာထားဧက ၉၇၀၁ ဧကကို မြစ်ရေတင်ကြီး ၁၄ ခုမှ ရေများဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် မြစ်ရေတင်ခများကို ပိုမိုတောင်းခံပါက တိုင်ကြားနိုင်ကြောင်း သိရသည်။

"၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စပါးအပါအဝင် မိုးသီးနှံ လျာထားဧက ၉၇၀၁ ဧကကို လျာထားစိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်နေပါတယ်၊ စိုက်ပျိုးရေတင်ခကောက်ခံမှုနှုန်းထားများဟာ နိုင်ငံတော်သတ်မှတ်ထားတဲ့ နှုန်းထားများအတိုင်း နွေစပါး ၉၀၀၀ ကျပ်၊ မိုးစပါး ၆၀၀၀ ကျပ်နဲ့ အခြားသီးနှံ ၃၀၀၀ ကျပ်ဖြစ်ပြီး သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံပါက စိုက်ပျိုးတောင်သူများအနေနဲ့ လာရောက်တိုင်ကြားနိုင်ပါတယ်၊ အလားတူ စိုက်ပျိုးတောင်သူများဘက်ကလည်း ရေတင်ခကောက်ခံမှုကို တိတိကျကျ ပေးဆောင်စေလိုပါတယ်၊ လျှပ်စစ်မြစ်ရေတင်များဖြစ်ခြင်းကြောင့် တစ်ခါတလေ လျှပ်စစ်မီးအခက်အခဲဖြစ်တာကိုလည်း စိုက်ပျိုးတောင်သူများအနေဖြင့် နားလည်ပေးစေချင်ပါတယ်၊ ပခုက္ကူခရိုင်အတွင်းမှာ စိုက်ပျိုးမြေယာ စီမံကိန်းဧက ၃၈၀၇၀ ရှိသော်လည်း စိုက်ပျိုးနိုင်တဲ့ စိစစ်ဧကဟာ ၂၁၂၆၀ သာ ရှိပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောသည်။



ပခုက္ကူခရိုင်တွင် မြစ်ရေတင်ကြီး ၁၄ ခု ရှိရာ ရေစကြိုမြို့နယ်တွင် ဧရာဝတီမြစ်ရေတင် လေးခုနှင့် ချင်းတွင်းမြစ်ရေတင် ခုနစ်ခု၊ ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေတင် တစ်ခု၊ ပေါက်မြို့နယ်တွင် ယောချောင်းမြစ်ရေတင် နှစ်ခုတို့ဖြစ်သည်။ အဆိုပါမြစ်ရေတင်ကြီးများမှ ပင်မရေတင်စခန်းများသို့ ရေတင်ပြီး ရေခေါ်မြောင်းမကြီးများမှတစ်ဆင့် တောင်သူများထံ စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။

ပခုက္ကူခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိပြီး မိုးခေါင်ရေရှားဒေသဖြစ်၍ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန်မှာ လက်မ ၂၀ ကျော်သာ ရွာသွန်းကာ ထိုထက်ပင်နည်းသည်လည်း ရှိတတ်ရာ နွေရာသီတွင် သောက်သုံးရေ၊ စိုက်ပျိုးရေရှားပါးလေ့ရှိသည်။ ပခုက္ကူခရိုင်အတွင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်များရှိရာ ထိုဒေသများမှတောင်သူများသည် ယခင်က မိုးကိုမျှော်ပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ခဲ့ကြရာမှ ယခုအခါ မြစ်ရေတင်ကြီးများမှ ရေတင်စနစ်ဖြင့်ပေးသောရေဖြင့် နွေစပါးနှင့် အခြားသီးနှံများကိုလည်း ရာသီမရွေး စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။ **ကျော်ကျော် (မလှိုင်)**

## သတင်းတိုများ

### စေတုတ္တရာမြို့နယ်တွင် မူခင်းကျဆင်းရေး ပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်း မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရေးနှင့် ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းကျဆင်းစေရေး ရည်ရွယ်လျက် စေတုတ္တရာမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မေ ၇ ရက်တွင် စေတုတ္တရာမြို့နယ် ကျန်စိမ့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) သို့ သွားရောက်ပြီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### ကျောက်တလုံးကြီးမြို့၌ မူကြိုကျောင်းဆောင် အဆောက်အအုံသစ်ဖွင့်

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ထီတမောင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း Build a School in Burma (BSB)အဖွဲ့၏ ငွေကြေးထောက်ပံ့မှုဖြင့် ရတနာမြေ လူမှုရေးအသင်းက တာဝန်ယူဆောက်လုပ်ပေးသော မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၆ ရက်က ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်၊ ကျောက်တလုံးကြီးမြို့အုပ်ချုပ်ရေးမှူး ဦးစောချမ်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မျိုးလှိုင်၊ (BSB)အဖွဲ့မှ ဦးနိုင်လင်းဆွေနှင့် ရတနာမြေ လူမှုရေးအသင်းမှ စီမံကိန်းဒါရိုက်တာ ဒေါက်တာနှင်းအေးကိုတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ မူကြိုကျောင်းဆောင် အဆောက်အအုံသစ်သည် အလျား ပေ ၄၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၀ ပေရှိပြီး ကျပ် ၂၃၉ သိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### တာမွေမြို့နယ် ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့အစည်းအဝေးပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ မေ ၆ ရက်က ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးရန်အောင်မျိုးက အမှာစကားပြောကြားကာ အသင်းဝင်များက ကြက်ခြေနီသင်တန်းဖွင့်လှစ်မည့်ကိစ္စ အပါအဝင် အသင်းကဆောင်ရွက်နေသည့် ကိစ္စများနှင့် ဆောင်ရွက်မည့်အချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဓနုဖြူမြို့ပြင်အမှိုက်ပုံတွင် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေးဆောင်ရွက်

ဓနုဖြူမြို့တွင်းရှိ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို လာရောက်စွန့်ပစ်နေသည့် မြို့ပြင်ရှိ အမှိုက်ပုံကြီးမှ အနံ့ဆိုးများမထွက်ရှိစေရန်နှင့် အမှိုက်စွန့်ပစ်သူများအနေဖြင့် စည်းကမ်းတကျ အမှိုက်စွန့်ပစ်ကြစေရန်အတွက် သက်ဆိုင်ရာစည်ပင်ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့်အဖွဲ့ဝင်များက မေ ၆ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း (ပြန်/ဆက်)**

# ရှာသစ်မြို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရှာသစ် မေ ၈**

ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် တာဝန်ရှိသူများသည် မေ ၅ ရက်က ရှာသစ်မြို့နှင့် ဒေသတွင်းကျေးရွာများသို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေး စီမံကိန်းများနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ဝမ်ဗလကျေးရွာ ရေတံခွန်၊ ရှာသစ်-လွယ်ဝိုင်း လမ်းဖောက်လုပ်မှုလုပ်ငန်း၊ သံလွင်မြစ်ကူးတံတား တည်ဆောက်မည့်နေရာ၊ ရှာသစ်တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ဝမ်ဟော် စောလဖော်နတ်နန်းရှိ သဘာဝရေထွက်ပေါက်နှင့် လမ်းအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထို့နောက် ဒေသခံများနှင့် တွေ့ဆုံကာ ရှာသစ်မြို့သည် ရှေးဟောင်းအမွေအနှစ်များ ပေါများသည့်မြို့ဖြစ်သောကြောင့် ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ထားရန် လိုအပ်ကြောင်း၊ ရှာသစ်မြို့၏ စီးပွားဖြစ် ဒေသထွက်ကုန်များဖြစ်သော အုန်းသီး၊ ပိတ်ချင်း၊ နှမ်း လုပ်ငန်းများကို ပိုမိုတိုးပွားအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရှာသစ်အုန်းဆီစစ်စစ်ကို အပြင်အဆင် အဆင့်မြှင့်တင်၍ ပိုမိုထုတ်လုပ်ရောင်းချရန် လိုအပ်ကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့သည်။

**နန်းဆွေဆွေအေး (ပြန်/ဆက်)**

# တွံတေးတူးမြောင်း ရေရှည်တည်တံ့စေရန် ကမ်းထိန်းခြင်းနှင့် ရေလမ်းကြောင်းကောင်းမွန်ရေး အထူးလိုအပ်

**သော်တာနမ့်စန်**

ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သည့် ရန်ကုန်မြို့မှ တွံတေးတူးမြောင်းသည် ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသအကြား ဆက်သွယ်သွားလာရေးနှင့် ကုန်သွယ်ရေးတွင် ကုန်ကျစရိတ်သက်သာစေသည့် ရေကြောင်းကုန်သွယ်ရေး တံခါးပေါက်ကြီးတစ်ခုအဖြစ် အရေးပါသော ကုန်သွယ်ရေကြောင်းတူးမြောင်းကြီးဖြစ်ပြီး ယနေ့တိုင် အသုံးပြုလျက်ရှိသည်။ တွံတေးတူးမြောင်းသည် အထူးသဖြင့် ရန်ကုန်မြို့ကြီးကို ကဏ္ဍအသီးသီးဖြင့် အထောက်အကူ ပြုလျက်ရှိနေသည်။

တွံတေးတူးမြောင်းသည် ကိုလိုနီခေတ်ကပင် ဖောက်လုပ်ခဲ့သော တူးမြောင်းကြီးဖြစ်ပြီး စီးပွားရေးနှင့် စစ်ရေးအရ အရေးပါသောတူးမြောင်းအဖြစ် အထင်ကရ ရှိခဲ့ပြီးဖြစ်သည်။ တွံတေးတူးမြောင်း မဖောက်လုပ်မီက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အထက်အညာဒေသမှ ဧရာဝတီမြစ်အတိုင်း စီးဆင်းလာသော ကုန်စည်များမှာ ရန်ကုန်မြို့သို့ အချိန်အခါ မရွေးရောက်ရှိရန် ရေလမ်းခရီး ကောင်းမွန်ခြင်း မရှိခဲ့ပေ။

တွံတေးတူးမြောင်း မရှိမီက မြစ်ဝကျွန်းပေါ်မှ ကုန်ပစ္စည်းများကို ရန်ကုန်မြို့သို့ပို့ဆောင်ရာတွင် လမ်းနှစ်သွယ်ဖြင့် ပို့ဆောင်ခဲ့ရသည်။ ပထမလမ်းမှာ တွံတေးဝမှ တိုးမြစ်အတိုင်းစုန်ဆင်း၍ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်အပိုင် ဝါးဘလောက်သောက်ချောင်းမှ ရန်ကုန်မြစ်အတွင်း ရေလမ်းမိုင် ၇၉ မိုင်ခန့် ခုတ်မောင်းရသော ရေလမ်းခရီး ဖြစ်သည်။ ဝါးဘလောက်သောက်ချောင်းမှာလည်း ရာသီမရွေးသွားလာ၍ မရဘဲရေထရက်များ၌သာ ရေချိန်နှင့်ကိုက်ညှိ၍ ခုတ်မောင်းရခြင်းဖြစ်သည်။

ဒုတိယလမ်းမှာ မြစ်ဝကျွန်းပေါ်မှရေယာဉ်များက တိုးမြစ်အတိုင်း ညောင်တုန်းမြို့အထိ ဆန်တက်၍ ညောင်တုန်းမြစ်မှ ပန်းလှိုင်မြစ်အတိုင်း ရေမိုင် ၈၄ မိုင်ခန့်ခုတ်မောင်းရသော ရေလမ်းခရီးဖြစ်သည်။ ပန်းလှိုင်မြစ်မှာလည်း မိုးရာသီ၌သာ အချိန်မရွေးသွားလာနိုင်ပြီး နွေရာသီတွင် ရေပါးသည့်အတွက် သွားလာ၍မရသော ရေလမ်းခရီး ဖြစ်ခဲ့သည်။

**တွံတေးတူးမြောင်း စတင်ဖောက်လုပ်ခြင်း**

ထို့ကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အညာဒေသမှ ရေလမ်းဖြင့် ရန်ကုန်မြို့သို့ အချိန်အခါမရွေး သွားလာနိုင်ရန် အတိုဆုံးရေလမ်းကြောင်းအဖြစ် ရန်ကုန်မြစ်အတွင်း စီးဝင်သော ပသီချောင်းတို့ ဆက်သွယ်ထားသည့် တွံတေးတူးမြောင်းကို ၁၈၇၃ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၁၈၈၀ ခုနှစ်တွင် အကျဉ်းသားများ၏လုပ်အားဖြင့် တူးမြောင်းမိုင်တိုင် ၃ ဒသမ ၅ မိုင် မှ ၁၁ မိုင်အထိ အရှည် ၇ ဒသမ ၅ မိုင်တွင် အကျယ် ၂၅ ပေ တူးဖော်ခဲ့သည်။ မူလရေကြောင်းသည် ၃ ဒသမ ၅ မိုင်တွင် ခနောင်တိုချောင်းအတိုင်း ရန်ကုန်မြို့သို့ ချိတ်ဆက်ထားခြင်းဖြစ်ပြီး ဦးစွာ ဖောက်လုပ်ရာတွင် တွံတေးမြို့အနောက်ဘက် ပသီချောင်းဖျားနှင့် အရှေ့ဘက် ခနောင်တိုချောင်းဖျားကို မူလရှိသော ငွေပန်းစု ရိုးငယ်နှင့် ချိတ်ဆက်၍ အကျယ်ပေ ၃၀၀၊ ရေအနက်ကိုးပေ ရရှိစေရန် ၁၉၁၃ ခုနှစ်က ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဖောက်လုပ်ရာတွင် ၃ ဒသမ ၅ မိုင် လက်ပံကုန်းအကောက်စခန်းမှ သုညမိုင်အထိ တူးမြောင်းဖြတ်မြောင်းကိုပါ တစ်ပါတည်း ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဖြတ်မြောင်းဖောက်လုပ်ရာတွင် ခနောင်တိုချောင်း တိမ်ကောနိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေး အင်ဂျင်နီယာအဖွဲ့က ကန့်ကွက်ခဲ့သောကြောင့် ခနောင်တိုချောင်းတွင်လည်း ရေမျှတစွာစီးဆင်းနိုင်စေရန် မူလလျာထားသော အကျယ် ၃၀၀ ပေအစား ပေ ၁၈၀ သတ်မှတ်၍ ဖောက်လုပ်ခဲ့ရာ ၁၉၁၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ သို့ရာတွင် ဖြတ်မြောင်း၏ကမ်းပါးနှင့် အောက်ခြေ ရေတိုက်စားခြင်းကြောင့် တွံတေးတူးမြောင်းသည် မူလထက် ပေ ၅၀ ခန့် ကျယ်လာသည့်အတွက် လက်ပံကုန်း ရေလမ်းခွဲနေရာနှင့် သုညမိုင်နေရာတို့တွင် ကမ်းပါးကို ဂဝံကျောက်များစီခင်း၍ ၁၉၂၃ ခုနှစ်တွင် သုညမိုင်နှင့် ၁ မိုင် ကြား၌ ရေကာတာအတိုလေးခု တည်ဆောက်ပြီး တူးမြောင်းရေကြောင်းကို ထိန်းချုပ်နိုင်ခဲ့သည်။

ခနောင်တိုချောင်း ရေစီးရေလာမထိခိုက်စေရန် ၃ ဒသမ ၅ မိုင် အဝင်ဝကို ထိန်းချုပ်ထားသဖြင့် ရေကျချိန်တွင် ရေစီးနှုန်းများကာ ရေဝဲများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ရေကျချိန်တွင် ရေယာဉ်များ အန္တရာယ်မဖြစ်စေရန် တစ်ရက်လျှင် လေးနာရီ နှစ်ကြိမ်ဖြင့် စုစုပေါင်း ရှစ်နာရီကြာ ရေယာဉ်သွားလာမှုကို ပိတ်ခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် တွံတေးတူးမြောင်း ဖွင့်လှစ်ခဲ့သော်လည်း ပေ ၁၆၀ အရှည်ရှိသည့် သင်္ဘောများသာ သွားလာနိုင်သောကြောင့် ၁၉၃၃ ခုနှစ်မှစတင်၍ အကျယ်ပေ ၃၃၀ သို့ ချဲ့ထွင်ခဲ့ရာ ၁၉၃၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။

တွံတေးတူးမြောင်းအတွင်း ဝင်ထွက်သွားလာနေသည့် လှေသင်္ဘောများမှ အခွန်ငွေများ ကောက်ခံနိုင်ရန်အတွက် တူးမြောင်း၏ ၃ ဒသမ ၅ မိုင် လက်ပံကုန်းတွင် အကောက်စခန်းတစ်ခုနှင့် တွံတေးဝ ၂၁ မိုင်တွင် အကောက်စခန်းတစ်ခု တို့ကို ဖွင့်လှစ်ကောက်ခံခဲ့သည်။ တွံတေးတူးမြောင်း၏ လုပ်ငန်းဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍတို့ကို ဆည်မြောင်းဦးစီးဌာနက ၁၉၉၅ ခုနှစ် မတ် ၃၁ ရက်တွင် လွှဲပြောင်းရယူခဲ့သည်။

ခနောင်တိုချောင်း မတိမ်ကောစေရန် ဖြတ်မြောင်းအဝင်အဝရှိ လက်ပံကုန်းအကောက်စခန်းတစ်ဝိုက်တွင် ဖြတ်မြောင်းအောက်ခြေနှင့် ကမ်းပါးကို ကျောက်ပြားများစီ၍ ထိန်းသိမ်းမှုများ လုပ်ဆောင်ခဲ့ပြီး နှစ်စဉ်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့သည်။ သို့သော် တိုးမြစ်အတွင်းမှရေများ တွံတေးတူးမြောင်းအတွင်းသို့ အထိန်းအကွပ်မရှိ စီးဝင်မှုကြောင့် တူးမြောင်းကမ်းပါးများ တိုက်စားခံရ၍ တစ်နှစ်ထက်တစ်နှစ် စီးဝင်သည့်ရေပမာဏ ပိုမိုများပြားလာခဲ့သည်။ ရေစီးနှုန်း ထုထည်များသဖြင့် ရေဝဲလှည့်မှု ပိုမိုဖြစ်ပေါ်လာကာ မြစ်ကမ်းပါးပြိုကျမှုဖြစ်သဖြင့် ၃ ဒသမ ၅မိုင်ဖြတ်မြောင်းကို အကျယ် ပေ ၁၀၀၊ အလျား ပေ ၆၅၀ အဖြစ် ၂၀၀၉ ခုနှစ်တွင် ချဲ့ထွင်ဖောက်လုပ်ခဲ့သည်။ ထိုအချိန်မှစ၍ ရေယာဉ်များ အချိန်အခါမရွေး ၂၄ နာရီ ဖြတ်သန်းသွားလာနိုင်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။

**တွံတေးတူးမြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ**

ယခု ပြည်သူ့အစိုးရလက်ထက်တွင်လည်း တွံတေးတူးမြောင်း ရေရှည်တည်တံ့၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်စေရန်၊ မြစ်ကမ်းများ ကမ်းပြိုကမ်းလျှော မဖြစ်စေရန် ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်လျက်ရှိသည်။ တွံတေးတူးမြောင်းနှင့် တိုးမြစ်ဆုံရာ ရွှေလှေချောင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ တွံတေးမြို့ရှေ့ Jetty ရေကာလုပ်ငန်း၊ တွံတေးတူးမြောင်း ၁၄မိုင်နှင့် ၁၅ မိုင်ကြား အောင်စေတီကျေးရွာတွင် အောင်စေတီဘုရား ကမ်းပြိုကာကွယ်ရေး ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများဖြင့် တွံတေးတူးမြောင်း ရေရှည်တည်တံ့စေရန် လုပ်ဆောင်လျက် ရှိသည်။

တွံတေးတူးမြောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး(၁)ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက လက်ရှိဆောင်ရွက်နေမှုအပိုင်းကို ယခုလို ရှင်းပြသည်။

"တွံတေးတူးမြောင်း သုညမိုင် ကနေ ၂၁ မိုင်အထိမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြို၊ ကမ်းထိန်းလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်၊ ၃ မိုင်ခွဲလက်ပံဝနဲ့ ၂၁ မိုင်မှာ အကောက်စခန်းနှစ်ခုရှိပါတယ်၊ သုညမိုင် တူးမြောင်းဝမှာ ကွန်ကရစ်ပိုင်တိုင်နဲ့ ရေကာတိုင် ၂၃ ချောင်း (ကမ်းနှစ်ဘက်)နဲ့ ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းတွေ လုပ်ကိုင်နေပါတယ်၊ ဖေဖော်ဝါရီလက စတင်တာဆိုတော့ ဇွန်လမှာပြီးဆုံးဖို့ သတ်မှတ်ထားပေမယ့် ဇွန်လမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်နေပါတယ်၊ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပါပြီ၊ တွံတေးမြို့ရှေ့က ရေကာပိုင်တိုင် ၁၀ ချောင်း၊ တစ်ဖက်ကမ်းမှာ ၁၀ ချောင်းဆိုတော့ ပိုင်တိုင်အချောင်း ၂၀ လုပ်ငန်းလည်း လုပ်ကိုင်နေပါတယ်၊ ပြီးတော့ အဲဒီအနီးက အောင်စေတီဘုရားရှေ့မှာလည်း ကမ်းထိန်းလုပ်ငန်းဖြစ်တဲ့ ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံလုပ်ငန်းကိုလည်း တစ်ပြိုင်တည်းလုပ်ဆောင်နေတာပါ"ဟု ပြောသည်။

ဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍လည်း "ရန်ကုန်တိုင်းဒေသကြီးမှာ ပင်လယ်ဝ၊ မော်ဝန်းချောင်း၊ ငမိုးရိပ်ချောင်းနဲ့ ပဲခူးမြစ်တို့မှာလည်း ဌာနက တိုက်ရိုက်ဆောင်ရွက်တာရှိသလို နည်းပညာပေးတာတွေလည်း ဆောင်ရွက်ပါတယ်၊ ပြည်ထောင်စုဘတ်ဂျက်နဲ့ တိုင်းဒေသကြီးဘတ်ဂျက်အတိုင်း ဆောင်ရွက်တာပါ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြစ် ၁၀ မြစ်မှာ လက်လှမ်းမီသမျှ ဆောင်ရွက်နေပါတယ်၊ ဘုရင့်နောင်မြစ်ကူးတံတား မြစ်ကမ်းကျတော့ ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်တာပါ၊ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပြည်သူတွေ တောင်းဆိုတဲ့ကဏ္ဍကို အထက်ကိုတင်ပြပြီး ကွင်းဆင်းဆောင်ရွက်လျက်ပါ"ဟု ဒုတိယညွှန်ကြားရေးမှူးက ဆက်ရှင်းပြသည်။

**ကမ်းထိန်းလုပ်ငန်းနှင့် ရေလမ်းကောင်းမွန်ရေး**

လုပ်ငန်းသုံးပစ္စည်းအတွက် တင်ဒါခေါ်ယူသော်လည်း လုပ်ငန်းပိုင်းဆိုင်ရာကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ဆောင်လျက်ရှိပြီး တွံတေးတူးမြောင်းတွင် နေရာသုံးနေရာ၌ ကမ်းထိန်းလုပ်ငန်းနှင့် ရေလမ်းကောင်းမွန်ရေး လုပ်ငန်းများကို တစ်ပြိုင်တည်း လုပ်ဆောင်လျက်ရှိကြောင်း၊ ငါးနှစ်တွင် နှစ်နှစ်ပြီးစီး၍ ကျန်သုံးနှစ်ဖြစ်သော ၂၀၁၉ မှ ၂၀၂၁ ခုနှစ်အထိတွင်လည်း တွံတေးတူးမြောင်းအတွင်း ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းကို ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

တူးမြောင်း၏ အရေးကြီးသော အပိုင်းအလိုက် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် ရေကြောင်းသွားလာရေးသည် ကုန်စည်ပို့ဆောင်ရေးအတွက် အထူးအရေးပါသောကဏ္ဍအဖြစ် ရပ်တည်လျက်ရှိပြီး ကုန်းလမ်းထက် ကုန်ကျစရိတ်သက်သာသော ပို့ဆောင်ရေးကဏ္ဍလည်းဖြစ်၍ တွံတေးတူးမြောင်းသည် တိုင်းဒေသကြီးနှစ်ခုအတွက် အရေးပါသော တူးမြောင်းတစ်ခုလည်း ဖြစ်နေကြောင်း ဒုတိယညွှန်ကြားရေးမှူးက ဖြည့်စွက်ပြောကြားသည်။

တွံတေးတူးမြောင်းအတွင်း ဖြတ်သန်းသွားလာကြသည့် ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် ငါးဖမ်းပိုက်ချခြင်း၊ တူးမြောင်းဝ၌ သဲ၊ ကျောက်တင်သင်္ဘောများဖြင့် ရေလမ်းကြောင်း ပိတ်နေခြင်းတို့ကို ရှောင်ကြဉ်ရန်လည်း လိုအပ်မည်ဖြစ်ပြီး ရေယာဉ်များအနေဖြင့်လည်း DMAမှထုတ်ပြန်ထားသော စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ပါက တူးမြောင်းအတွင်း ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်မည်ဖြစ်သည်။ တူးမြောင်းကမ်းပါးတစ်လျှောက်တွင် အိမ်ရာများ ကျူးကျော်ဆောက်လုပ် နေထိုင်ခြင်းသည် ကမ်းပြို၊ ကမ်းလျှောဖြစ်ပွားနိုင်သောကြောင့် ပြည်သူများကလည်း တွံတေးတူးမြောင်း ရေရှည်တည်တံ့လှပစေရန် ဝိုင်းဝန်းထိန်းသိမ်းဖို့ လိုအပ်မည်ဖြစ်သည်။

စက်မှုကဏ္ဍနှင့်စီးပွားရေးကဏ္ဍများ အရှိန်အဟုန်ဖြင့် တိုးတက်လာသော ရန်ကုန်မြို့အတွက် ရေထွက်ကုန်နှင့် ဆန်စပါးများ အဓိကဝင်ရောက်ရာ အဓိက ရေလမ်းကြောင်းဖြစ်သည့် တွံတေးတူးမြောင်းကို ၁၉၇၃ ခုနှစ်တွင် တွံတေးမြို့အနောက်ဘက် ပသီချောင်းဖျားနှင့် အရှေ့ဘက် ခနောင်တိုချောင်းဖျားတို့ကို မူလရှိပြီးဖြစ်သော ငွေပန်းစုရိုးငယ်နှင့် ချိတ်ဆက်ဖောက်လုပ်ခဲ့ခြင်းဖြစ်ရာ အောက်မြန်မာပြည်၏ ကုန်စည်ကူးသန်းရေးအတွက် အထူးအရေးပါသော တွံတေးတူးမြောင်းကြီး ပေါ်ပေါက်လာခဲ့ပြီးနောက်တွင် တူးမြောင်းကြီး ရေရှည်တည်တံ့ ကြံ့ခိုင်လှပရေးအတွက် ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းသည် ခေတ်အဆက်ဆက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည့် အရေးကြီးသောကဏ္ဍဖြစ်နေပြီး မြန်မာနိုင်ငံအတွက် အရေးပါသော တွံတေးတူးမြောင်းကြီး ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။ ။



တွံတေးတူးမြောင်း၏မြေပုံ ဓာတ်ပုံ-ငြိမ်းချမ်း



တွံတေးတူးမြောင်းအတွင်း သွားလာနေသော ရေယာဉ်တစ်စင်း။ ဓာတ်ပုံ-ရန်ကုန်တောင်ပိုင်းခရိုင်(ပြန်/ဆက်)

"ရေယာဉ်များအနေဖြင့် DMA မှ ထုတ်ပြန်ထားသော စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ပါက တူးမြောင်းအတွင်း ရေယာဉ်များအန္တရာယ်ကင်းစွာ သွားလာနိုင်မည်ဖြစ်သည်။ တူးမြောင်းကမ်းပါးတစ်လျှောက်တွင် အိမ်ရာများ ကျူးကျော်ဆောက်လုပ်နေထိုင်ခြင်းသည် ကမ်းပြို၊ ကမ်းလျှောဖြစ်ပွားနိုင်သောကြောင့် ပြည်သူများကလည်း တွံတေးတူးမြောင်း ရေရှည်တည်တံ့လှပစေရန် ဝိုင်းဝန်းထိန်းသိမ်းဖို့ လိုအပ်မည်ဖြစ်သည်"



# ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ထားဝယ် မေ ၈**

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ဖက်ဒရယ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို မေ ၇ ရက် နံနက် ၉ နာရီ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ဟိုတယ်ဇေယျာထက်စံခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် Salween Institute for Public Policy မှ ဒုတိယညွှန်ကြားရေးမှူး ယိုင်းလောဝ်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ အချင်းချင်း အပြန်အလှန်မိတ်ဆက်ကြကာ အလုပ်ရုံဆွေးနွေးပွဲ မှ မျှော်မှန်းထားချက်များကို မျှဝေဖလှယ်ကြသည်။

ထို့နောက် Program Manager အောင်စိုးမင်းက လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အကြောင်းနှင့် နှိုင်းယှဉ်သုံးသပ်ခြင်းလေ့ကျင့်ခန်း-အဓိကပါဝင်နေသည့် အစုအဖွဲ့များအကြောင်းများကို အပြန်အလှန်ဆွေးနွေးကြပြီး ဒုတိယညွှန်ကြားရေးမှူး ယိုင်းလောဝ်က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍအကြောင်း၊ ဖက်ဒရယ်အခြေခံမူများနှင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆွေးနွေးနေကြသည့် ဖက်ဒရယ်ဆိုင်ရာ အခင်းအကျင်းများအကြောင်းကို ဆွေးနွေးကာ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ Salween Institute for Public Policy မှ ဒုတိယညွှန်ကြားရေးမှူး ယိုင်းလောဝ်၊ Program Manager အောင်စိုးမင်း၊ ထားဝယ်အမျိုးသမီးသမဂ္ဂအဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲကို မေ ၉ ရက်အထိ ဥပဒေပြု အာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ အချင်းချင်းအပြန်အလှန် ထိန်းညှိခြင်းအကြောင်း၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရတို့အကြား လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေကျင့်သုံးခြင်းအကြောင်း၊ အစိုးရအဆင့်ဆင့်တို့အတွက် လုပ်ပိုင်ခွင့်အာဏာများ အပြည့်အဝကျင့်သုံးနိုင်ရန်လိုအပ်သည့် ဘဏ္ဍာငွေများ ခွဲဝေကြခြင်းအကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံကျင်းပခြင်းအကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ်လုံးနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်အခင်း အကျင်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရေးအကြောင်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ခရိုင် (ပြန်/ဆက်)**

# နွေစပါးရိတ်သိမ်းပြီးစီးသွားသည့်လယ်ကွက်များ ရွှေ့ပြောင်းဘဲမွေးမြူသူများအတွက် အဆင်ပြေနေ

**ရေတာရှည် မေ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နွေစပါးများ ရိတ်သိမ်းလျက်ရှိရာ ရိတ်သိမ်းပြီး လယ်ကွက်များ၌ စပါးနှံများ၊ စပါးစေ့များ လေလွင့်မှုများရှိနေရာ မုံရွာနယ်မှ ရွှေ့ပြောင်းဘဲမွေးမြူသူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က ဥစားဘဲကောင်ရေ တစ်သောင်းကျော်မွေးထားတာ၊ ဒီဘက်မှာကနွေစပါးရိတ်သိမ်းချိန်ဆိုတော့ ဘဲတွေအတွက် အစာရေစာ ပေါလို့ ကားနဲ့ လေးခေါက် သယ်ပြီးပြောင်းလာတာ၊ မိုးစပါးမရိတ်ခင် အချိန်ထားရမှာ၊ ဘဲတွေအတွက် ဆန်ကွဲနဲ့ ဖွဲနုပို့င့်ရောရာ ကျွေးရတာ အကုန်အကျများတယ်၊ ဒါကြောင့် ကျွန်တော်တို့ မုံရွာနယ်က ဥစားဘဲမွေးမြူသူတွေ အတော်များများ ခုလိုဆည်ရေသောက် နွေစပါးစိုက်တဲ့ဒေသတွေကို ရွှေ့ပြောင်းမွေးတယ်၊ ဒါပေမယ့် နေ့စဉ်ဥတဲ့ ဘဲဥတွေကျတော့ ဒီနားဝန်းကျင်က မြို့တွေအနေနဲ့ မဖြုန်းနိုင်ဘူး၊ မန္တလေးကို ပြန်တင်ရတယ်" ဟု မုံရွာနယ်မှ ရွှေ့ပြောင်းဘဲမွေးမြူရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။ လက်ရှိ ငါးလသားအရွယ်ဥစားဘဲများအနေဖြင့် အစာရေစာနိုင်နင်းစွာကျွေးမွေးနိုင်ပါက အကောင်ရေ တစ်ရာလျှင်ဘဲဥ ၈၀ ခန့်အထိရရှိကြောင်း သိရသည်။

ဥစားဘဲမွေးမြူသူများအနေဖြင့် ရေမြောင်း၊ ရေအိုင်များနှင့်နီးစပ်သည့် လယ်ကွက်များတွင် နေ့စဉ် နံနက်ပိုင်းမှညနေပိုင်းအထိ လွှတ်ကျောင်းရသည့်အတွက် ဘဲကျောင်းသူတစ်ဦးလျှင် တစ်လလျှင် ငွေကျပ်တစ်သိန်းပေးရသည်ဟုသိရပြီး ဘဲမွေးမြူသူများအနေဖြင့် နေ့စဉ်ထွက်ရှိသည့်ဘဲဥများအား ဒေသတွင်းရှိမြို့များသို့ တစ်လုံးလျှင် ငွေကျပ် ၁၁၀ ၊ ၁၂၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး များသောအားဖြင့် မန္တလေးမြို့သို့ ကားဖြင့်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခုဈေးနှုန်းအရဆိုရင် ဘဲအကောင်ရေ တစ်ထောင်ဆိုရင် အစာဖိုး၊ အလုပ်သမားခ၊ ထမင်းစရိတ်နုတ်ပြီး တစ်ရက်ကို သုံးသောင်းခွဲနဲ့ လေးသောင်း လောက်ကျန်ပါတယ်၊ ဒီဘက်က တောင်သူတွေကို အကြံပေးချင်တာ၊ အခုလိုရာသီမှာ မိုးရွာလိုက်၊ လေတိုက်လိုက်နဲ့ စပါးခင်းတွေအလေအလွင့်များတယ်၊ အကယ်၍သာ တစ်ပိုင်တစ်နိုင် ဥစားဘဲသာ မွေးထားရင် အများကြီး အဆင်ပြေမှာပါ၊ လေလွင့်သွားတဲ့စပါးအတွက် အစားထိုးဝင်ငွေရရှိ နိုင်တာပေါ့" ဟု ဘဲမွေးမြူသူတစ်ဦးက အကြံပြုပြောကြားသည်။ **ကိုလွင် (ဆွာ)**



## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

၁။ တိရစ္ဆာန်များအား အပူချိန်မြင့်သောအချိန်တွင် အရိပ်ရရှိသောနေရာများ၌ ထားရှိရန်နှင့် နံနက်၊ ညနေမှသာ လွှတ်ကွင်းသို့လွှတ်ရန်၊
၂။ မိမိမွေးမြူထားသောတိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊
၃။ ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊
၄။ တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊
၅။ ကျေးလက်ဒေသအတွင်း ကျွဲ၊ နွားများအတွက် အစာဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုစသည့် တိရစ္ဆာန်အစာများအား အပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် စနစ်တကျ ကြိုတင်သိမ်းဆည်းထားရန်၊
၆။ တိရစ္ဆာန်များအား ကူးစက်ရောဂါမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်ဆေးများ ထိုးနှံထားရန်၊
၇။ ယခုအချိန်တွင် ဒေသအလိုက် ထွက်ရှိသော တိရစ္ဆာန်အစာအဖြစ် အသုံးပြု၍ရသည့် ပစ္စည်းများအား စုဆောင်းသိုလှောင်ထားကြရန် (ဥပမာ-ထန်းသီးခွံ၊ ကြံသကာ၊ ကြိတ်ဖတ်များ၊ ထန်းလျက်၊ ကြံရည်ချက်ရာမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများ)၊
၈။ တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသော နေရာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊
၉။ ထူးခြားသောဖြစ်စဉ်များရှိပါက သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အရက်သောက်သုံးခြင်းကြောင့်ဖြစ်တတ်သော ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ

အရက်သောက်သုံးခြင်းကြောင့် -
- အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်း
- သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း
- နှလုံးရောဂါဖြစ်ခြင်း
- ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း
- ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်းတို့ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အရက်သောက်သုံးမှုကို ရှောင်ကြဉ်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ မုံရွာမြို့**
**ကျောင်း/ရုံး အဆောက်အအုံများ ဆောက်လုပ်ရန်အတွက်**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း/ရုံးများ အသစ်ဆောက်လုပ်ခြင်းအတွက် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအားတင်ဒါပေးသွင်းနိုင်ရန် ဖိတ်ကြားအပ်ပါသည်။
၂။ တင်သွင်းရမည့်-
(က) **အခြေခံပညာကျောင်း/ရုံးများ** - ၅၉၄ ကျောင်း
(ခ) အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၉-၅-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)
(ဂ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၈-၆-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီ
(ဃ) **နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
၃။ တင်ဒါပုံစံများကို ၉-၅-၂၀၁၈ရက်မှစ၍ ဝယ်ယူရရှိနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၉၄၈၊၀၉-၄၀၀၄၆၅၅၃၂၊**
**၀၉-၄၅၄၆၁၇၇၀၀၊၀၉-၄၅၉၆၁၂၂၄၄**

(၇)ရက်သားသမီးများ အောင်မြင်ကြီးပွားတိုးတက်ဖို့ အတွက် တစ်နှစ်တာဆောင်ထားသင့်သည့်စာအုပ် -
မြန်မာသက္ကရာဇ် ၁၃၈၀ – ပြည့်နှစ်
ဝံ-ကဏ်ဘိ
မြန်မာ့ရိုးရာအဋ္ဌဟောကိန်း
City Mart, Ocean, Capital, Orange, Sein Gay Har ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
တာခ်ငလ္ဘေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်-၂၈၆(မြေညီထပ်)၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း -၀၁ ၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း -၀၂ ၃၉၇၁၇၊ ၆၀၁၃၆

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဘူမိဗေဒသုံး Drill Accessories(1)Lot, (8)Items ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၅-၂၀၁၈ ရက်မှ ၄-၆-၂၀၁၈ ရက်(ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၄-၆-၂၀၁၈ ရက် မွန်းတည့် ၁၂း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၄-၆-၂၀၁၈ ရက် မွန်းလွဲ၁၃း၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၃)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

**အမည်ပြောင်း**
နေပြည်တော်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ပထမနှစ်) ရေဆင်းမှ မောင်အောင်မြတ်သူ၏ဖခင် ဦးမောင်ညွှန့်နှင့် ဦးခင်မောင်ညွှန့် ၅/ရဥန(နိုင်)၀၂၂၈၉၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မေလ ၂၆၊ ၂၇ (၉၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

မေလ ၁၉ ရက်တွင် စတင်လက်ခံ၍ မေလ ၂၆၊ ၂၇ ရက်များတွင် ၉၁-ကြိမ်မြောက် ဦးရေ (၁၁၃၁၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မောင်တောခရိုင်၊ မောင်တောမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက်လိုအပ်သော ပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါများကို အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မောင်တောခရိုင်၊ မောင်တောမြို့တွင် ၁၁-၅-၂၀၁၈ရက်မှ ၂၀-၅-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၆-၂၀၁၈ရက် နံနက် ၉နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၆-၂၀၁၈ရက် မွန်းလွဲ ၁နာရီ

၃။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - မောင်တောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မောင်တောမြို့

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါကရုံးချိန်အတွင်း ဖုန်း-၀၉-၂၆၂၆၁၆၅၅၀၊ ၀၉-၂၆၁၆၆၁၀၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်တွေခရိုင်၊ စစ်တွေမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါများကို အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စစ်တွေခရိုင်၊ စစ်တွေမြို့တွင် ၁၁-၅-၂၀၁၈ ရက်မှ ၂၀-၅-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၆-၂၀၁၈ ရက် နံနက် ၉ နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၆-၂၀၁၈ရက် မွန်းလွဲ ၁ နာရီ

၃။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၀၂၅၃၁

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၄၃-၂၀၂၅၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၄)၊ ပဥ္စမတန်းမှ မအိကပ် ပေါင်း၏ ဖခင်အမည်မှန်မှာ ဦးညီကပ် ၁၃/လရန(နိုင်)၁၅၃၆၀၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဗိုလ်မှူးအေးဝင်း၏သား စစ်တွေမြို့၊ ရွှေပျိုးခင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ တတိယတန်းမှ မောင်ကောင်းဆက်ဟိန်းအား မောင်ကောင်းစစ်ဟိန်း ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းစစ်ဟိန်း**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(သိမ်ဆိပ်)၊ နဝမတန်းမှ မဖူးပွင့်ဇော်၊အဋ္ဌမတန်းမှ မောင်ထွန်းထွန်းဝင်းနှင့်မူလွန်(ငါးကြီးအင်း) အဋ္ဌမတန်းမှ မစမ်းစမ်းမော်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထွန်း ၁၀/သထန(နိုင်)၁၀၇၁၃၅ ဖြစ်ပါကြောင်း။**ဦးသန်းဇော်ထွန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက်လိုအပ်သော ပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်း နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါများကို အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့တွင် ၁၁-၅-၂၀၁၈ရက်မှ ၂၀-၅-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၆-၂၀၁၈ရက် နံနက် ၉နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၆-၂၀၁၈ရက် မွန်းလွဲ ၁နာရီ

၃။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာနဝန်း၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၂၁၇၂၂၂၄၊ ၀၉-၄၂၁၇၃၃၄၉၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါများကို အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြောက်ဦးခရိုင်၊မြောက်ဦးမြို့တွင် ၁၁-၅-၂၀၁၈ရက်မှ ၂၀-၅-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၆-၂၀၁၈ ရက် နံနက် ၉ နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၆-၂၀၁၈ရက် မွန်းလွဲ ၁ နာရီ

၃။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန မြောက်ဦးခရိုင်၊ မြောက်ဦးမြို့

၄။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၅၀၅၄၂၂၀၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(သိမ်ဆိပ်)၊ နဝမတန်းမှ စောစိုးထက်ဦး၏ ဖခင်အမည်မှန်မှာ စောမောင်ဌမ်း ၁၀/သထန(နိုင်)၁၃၆၅၁၃ ဖြစ်ပါကြောင်း။

**စောမောင်ဌမ်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိုက်ချမ်း ၁၀/မဒန(နိုင်)၁၄၆၉၁၄၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲမင်းအောင် ၁၀/သထန(နိုင်)၁၈၇၃၁၉၏ Passport No(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/9402 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1518 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ် A-350၊ မြေကွက်အမျိုးအစား (၁၀၀×၁၀၀)၊ ဧရိယာ (၀ဒသမ၂၂၉)ဧက၊ မြေကွက်တည်နေရာ အမှတ်A-350 ၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်ရှိ ဒေါက်တာ ညီညီကျော် အမည်ပေါက်ပါမစ်မြေအား ဒေါက်တာညီညီကျော် ၁၂/လမတ(နိုင်)၀၂၁၇၈၄ (ဘ)ဦးကျော်ဒင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး နှစ်(၃၀) မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၉-၅-၂၀၁၈ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း

၂၁-၅-၂၀၁၆ရက်တွင် စွန့်လွှတ်ထားသည့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄/ရပ်ကွက်၊ ခေမာ ၅ လမ်း၊ အမှတ်(၉၁) နေ ဦးချိုကြီး(ခ) ဦးအောင်ကျော်ဦး-ဒေါ်ဥမ္မာကြူတို့၏သမီး မသီတာဦး(ခ)မသဲစုမွန် ၁၂/ဥကမ(နိုင်)၁၈၂၉၉၃အား အမွေပြတ်စွန့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**ဦးချိုကြီး(ခ)ဦးအောင်ကျော်ဦး-ဒေါ်ဥမ္မာကြူ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၄၈၃၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/6418 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် ဗ-၉၊ ဦးပိုင်အမှတ် ၆၄၊ ၅၈×၅၉လမ်းကြား၊ မြဝတီမင်းကြီး×ပျူစောထီးလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီထွေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၁၇၈/၂၀၁၇)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းလှိုင်းဆိုင် ၁၃/မဆတ(နိုင်)၀၃၇၇၆၃မှ တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


ကုမ္ပဏီတည်ထောင်ခြင်း။ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ။ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးအသုံးအနှုန်းများ။ မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ။ L/C, TT, သဘော်တင်ခြင်း။ အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့် . . .

**ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း**

အပတ်စဉ် - ၇၅

သင်တန်းစရက် - ၁၂ - ၅ - ၂၀၁၈

သင်တန်းကာလ - ၇ပတ် (စနေ၊ တနင်္ဂနွေ-နံနက် ၇ မှ ၉:၁၅ နာရီ)

**အလင်းသစ်စာပေ**

အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အလင်းသစ် စာပေ

ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-၈၇-၀၃၈၄၈



**မြေတူးစက်(Backhoe)ရောင်းမည်**

**လက်ရှိအသုံးပြုနေဆဲ**

**အကောင်း/အကောင်း**

**20 Ton (Kobelco) = 260 သိန်း**

**4.5 Ton (Komatsu) = 160 သိန်း**

**Ph: 09-785084831**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1608 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6862 SKAT LFJ 3048G1 D/T(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဦး ၉/စကတ(နိုင်)၀၇၂၇၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ၂၆-၄-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဒေါ်လှမြတ်ကျော် (LL.B) (စဉ်-၁၀၆၈၈)၏ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမော်(ခ)ဒေါ်စန်း ၁၂/ဥကမ(နိုင်)၁၀၇၁၅၈ ဆိုင်အမှတ် ၆၊ မေခါဝီလမ်း၊(ဈ)ရပ်ကွက်၊ (ဈ)ဈေးရှေ့ (**ကမ္ဘာကျော်သင်္ကန်းပရိက္ခရာဆိုင်**)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်အေးအေးမော်(ခ)ဒေါ်စန်းသည် သင်္ကန်းပရိက္ခရာ အရောင်းဆိုင်ကို (**ကမ္ဘာကျော်**)အမည်ဖြင့် ၁၉၉၄ ခုနှစ်မှစ၍ ယနေ့တိုင် ဖွင့်လှစ်ရောင်းချနေခဲ့သူဖြစ်ပါသည်။

**ကမ္ဘာကျော် အမည်နာမ**သည် မည်သူတစ်ဦးတစ်ယောက်၏ အမည်နာမကိုမှ တုပခြင်းမရှိဘဲ အခွန်ဦးစီးဌာနတွင်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြောက်ဥက္ကလာပမြို့နယ်ရုံး)တွင်လည်းကောင်း လုပ်ငန်းလိုင်စင်များရယူလျက် တရားဝင် ရောင်းချနေသူဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးမော်(ခ)ဒေါ်စန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းပွင့်လှိုင် LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)**

**ဦးညွန့်လှိုင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၀၆)**

**ဒေါ်လှလှနွယ် LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၂၉၈၄၀)**

**အမှတ် ၆၇၀၊ ဘုမ္မာ ၃လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၂၈၇၊ ၀၉-၄၂၁၁၈၁၅၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ အီး³၊ မြေကွက်အမှတ် V Class ၁၈၉၊ မြေကွက်တည်နေရာအမှတ် ၈၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ဒေါ်လှငွေ ၁၂/အလန (နိုင်)၀၄၅၇၅၄၊ ဒေါ်နုနုရီ ၁၂/အလန(နိုင်)၀၂၅၇၈၆၊ ဦးညွန့်လွင် ၁၂/အလန(နိုင်)၀၂၅၇၈၈၊ ဒေါ်ညွန့်ရီ ၁၂/အလန(နိုင်)၀၃၅၄၆၅ အမည်ပေါက် နှစ် ၉၀ ဂရန်မြေ(သက်ကုန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှငွေကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၃၈၃၈/၁၁-၁၂-၂၀၁၇ဖြင့် ဒေါ်နုနုရီ၊ ဦးညွန့်လွင်တို့မှ ပိုင်ဆိုင်ပြီး ၄င်းမှ ဦးညွန့်လွင် ၁၂/အလန(နိုင်)၀၂၅၇၈၈ သည် ၁-၃-၂၀၁၈ ရက်တွင်လည်းကောင်း၊ (ဇနီး)ဖြစ်သူ ဒေါ်မင်းစိန် ၁၂/အလန(နိုင်)၀၂၅၇၈၉သည် ၁၄-၂-၂၀၁၈ရက်တွင်လည်းကောင်း၊ သားသမီးထွန်းကားခဲ့ခြင်းမရှိဘဲ အသီးသီးကွယ်လွန်သွားခဲ့ပါသဖြင့် ဒေါ်နုနုရီ ၁၂/အလန(နိုင်)၀၂၅၇၈၆မှ အစ်မအရင်းတော်စပ်၍ တရားဝင်အမွေ ဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၃၈၃၈/၁၁-၁၂-၂၀၁၇၊ ဂရန်မူရင်းတို့တင်ပြ၍ ပူးတွဲ အမည်ပေါက် ဒေါ်ညွန့်ရီ ၁၂/အလန(နိုင်)၀၃၅၄၆၅နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အရောင်းကိုယ်စားလှယ်များနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် 92(A1) နေ ကျွန်ုပ်၏မိတ်ဆွေ(ဘ)ဦးပွား၏သမီး ဒေါ်တင်လှိုင်ရယ်ထွန်း ၁၂/သဃက (နိုင်)၁၆၇၄၈၆၏ လွှဲအပ်ညွှန်ကြားချက်အရ အရောင်းကိုယ်စားလှယ်များနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ နေရပ်လိပ်စာတွင် Loyal Thitsar Co.,Ltd. အား တည်ထောင်၍ Loyal Thitsar ကုန်အမှတ်အသားတံဆိပ်များ ES Coffee Plus ကုန်အမှတ်တံဆိပ်များအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်များပြုလုပ်ထားပြီး ကော်ဖီမှုန့်နှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို မိမိတို့ကုန်အမှတ်တံဆိပ်များဖြင့်ထုတ်လုပ်ပြီး အရောင်းကိုယ်စားလှယ်များထံ ကုမ္ပဏီ၏ သတ်မှတ်ဈေးနှုန်းအမှန်များကိုပေးထား၍ ယနေ့တိုင် မြန်မာပြည်အနှံ့ ပစ္စည်းအမှန်၊ ပုံသေဈေးနှုန်းအမှန်များဖြင့် Loyal Thitsar Co.,Ltd. ၏ ES Coffee Plus ကုန်အမှတ်တံဆိပ်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

အချို့သော အရောင်းကိုယ်စားလှယ်များသည် Loyal Thitsar Co.,Ltd ၏ ES Coffee Plus ကုန်အမှတ်တံဆိပ်ပါ ကုန်များအား အတုအပပြုလုပ်၍လည်းကောင်း၊ သဘောရိုးဖြင့်မဟုတ်ဘဲ Loyal Thitsar Co.,Ltd. ၏ ဂုဏ်သိက္ခာကို ထိပါးညှိုးနွမ်းစေလိုသော သဘောဆန္ဒများဖြင့် ကုမ္ပဏီမှ လက်လီလက်ကားသတ်မှတ်ပေးထားသော ဈေးနှုန်းအမှန်ထက် လျှော့ချ၍ ဖြန့်ဖြူးရောင်းချခြင်းများကို ပြုလုပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့ပါ၍ ထိုသို့ပြုလုပ်နေမှုများကို Loyal Thitsar Co.,Ltd အနေဖြင့် အရောင်းကိုယ်စားလှယ်များအနေဖြင့် မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ကြောင်း ကြား၊ သိ၊ မြင်၊ တွေ့ရှိရပါက တည်ဆဲတရားဥပဒေများနှင့်အညီ ရာဇဝတ်မှုနှင့် တရားမကြောင်းဆိုင်ရာဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရောင်းကိုယ်စားလှယ်များနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်လှိုင်ရယ်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ကြီး**

**B.A Eco, DA, RL,DBL, DML, DIL, DIPL, MA(Business Law $P_1$), $DL_{101}$, WIPO(Switzerland)**

**အထက်တန်းရှေ့နေ(၃၇၀၂၉)**

**အမှတ် ၄၈၇၊ ဒူးယား ၄ လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နှင့် ဘယ်လ်ဂျီယံ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော်   မေ   ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Peter Lysholt Hansen အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ငြိမ်းချမ်းရေးကိစ္စရပ်များ**

ထိုသို့တွေ့ဆုံစဉ် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသောဥပဒေများ ပြုပြင်ပြဋ္ဌာန်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေး၊ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် ပတ်သက်၍ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး H. E. Mr. Philippe Kridelka အား မွန်းလွဲ ၂ နာရီတွင် လက်ခံတွေ့ဆုံသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေပြင်ဆင်ပြဋ္ဌာန်းရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Peter Lysholt Hansen အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# မြန်မာတစ်နိုင်ငံလုံး အရည်အသွေးမီပညာရေး တိုးချဲ့နိုင်ရန် ယူရို ၂၂၁ သန်း ထောက်ပံ့ပေးရန် အီးယူအဖွဲ့ဝင်နိုင်ငံများ သဘောတူ

**နေပြည်တော်   မေ   ၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Kempimski ဟိုတယ်၌ ကျင်းပသည့် ဥရောပနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဥရောပသမဂ္ဂ အမျိုးသားသီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Kristian Schmidt က မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အရည်အသွေးမီပညာရေး တိုးချဲ့နိုင်ရန် ယူရို ၂၂၁ သန်း ထောက်ပံ့ပေးရန် အီးယူအဖွဲ့ဝင်နိုင်ငံများက သဘောတူခွင့်ပြုရန် ဆုံးဖြတ်လိုက်ပြီဖြစ်ပါကြောင်း၊ အဆိုပါ ပံ့ပိုးထောက်ပံ့ငွေများကို ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်ထည့်သွင်းပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ထောက်ပံ့မှုသည် မိတ်ဖက်ပူးပေါင်းမှုနှင့် ယုံကြည်မှုကို ပြသသည့် လက္ခဏာတစ်ရပ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ပညာရေးရလဒ်များ သိသိသာသာ တိုးတက်ကောင်းမွန်လာစေရေးဆိုသည့် မြန်မာအစိုးရ၏ မြင့်မားသည့်ရည်မှန်းချက်နှင့် မိမိတို့ ရည်မှန်းချက် တူညီသည်ဆိုသည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ပမာဏသည် မြန်မာနိုင်ငံကဲ့သို့ပင် ထပ်တူညီမျှသော၊ ပြင်းပြသော ရည်မှန်းချက်ပင်ဖြစ်ပါကြောင်း၊ ယူရို ၂၂၁ သန်းသည် မြန်မာငွေကျပ် ၃၅၆ ဘီလီယံ ဖြစ်ပါကြောင်း၊ အဆွေတော်တို့နိုင်ငံ၏ ဒီမိုကရေစီအနာဂတ်အတွက် ပညာရေးသည် စာမျက်နှာ ၅ ကော်လံ ၃ ●

# ခြေစမ်းပွဲများကစားမည့် လိဒ်စ်ယူနိုက်တက်အသင်း ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန်   မေ   ၈**

မြန်မာနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ရန် အင်္ဂလန်ကလပ် လိဒ်စ်ယူနိုက်တက် အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့် အမှုဆောင်များ၊ ရောဝတီဘဏ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။ ဘောလုံးအင်အားကြီး အင်္ဂလန်နိုင်ငံမှ ကလပ်အသင်းတစ်သင်း လာရောက်ခြင်းဖြစ်သောကြောင့် မြန်မာ့ဘောလုံးလောကအတွက် အပေါင်းလက္ခဏာဆောင်သည့် ရလဒ်ဖြစ်ပြီး မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက် စာမျက်နှာ ၇ ကော်လံ ၃ ☀



လိဒ်စ်ယူနိုက်တက်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ ဓာတ်ပုံ-စိုးညွန့်

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

**ပလန်ဘမ်(အင်ဒိုနီးရှား)   မေ   ၈**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲအုပ်စု နောက်ဆုံးပွဲများကို မေ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲအဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မြန်မာနှင့်ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု စတုတ္ထပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်တက်ရန် ခုနစ်မှတ်စီ ရထားသည့် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ အခွင့်အရေးအကောင်းဆုံးဖြစ်နေပြီး လေးမှတ်ရထားသည့် မလေးရှားအသင်းမှာလည်း နောက်ဆုံးပွဲတွင် ဗီယက်နမ်ကို ဂိုးပြတ်အနိုင်ရပါက မျှော်လင့်ချက်ရှိမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပထမနေရာအတွက် ဖိလစ်ပိုင်ကို အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန် လိုအပ်နေသည်။ အုပ်စု(ခ)တွင် ထိုင်းအသင်းက အုပ်စု ပထမ၊ လာအိုအသင်းက အုပ်စု ဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ထားပြီဖြစ်ရာ မြန်မာအသင်းအနေဖြင့် ထိုင်းအသင်းကို ရှောင်လွှဲနိုင်ရန် အုပ်စုပထမရရန် လိုအပ်နေသည်။

ရဲရင့်ရှိန်း


စေတုတ္တရာမြို့နယ်တွင် လေပြင်းတိုက်၊ နေအိမ်များပျက်စီး

စာ » ၁၁

အာရှနဂါး လှေလျော်ပြိုင်ပွဲ နောက်ဆုံးနေ့ မြန်မာအသင်း ရွှေတစ်ခု၊ ငွေနှစ်ခု ထပ်မံဆွတ်ခူး

စာ » ၁၂



"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KGမှ တက္ကသိုလ်ဝင်တန်းအထိ)
ယခုနှစ်မှ စ၍ နှစ်ဆတိုး ပညာရေးမြှင့်တင်ချက် အထူးအစီအစဉ်
ကျောင်းသားရော မိဘပါ အလွန် နှစ်ခြိုက် အားတက်နေကြသည်။
ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး
■ နံနက် ၇း၃၀ နာရီ မှ ၁၂း၁၅ နာရီအထိ ကျောင်းတက်ချိန်။
■ ၁၂း၁၅ မှ ၁း၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
■ နေ့လယ် ၁း၀၀ နာရီ မှ ၅း၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ(၆)ဦးနှင့် GUIDE အချိန်။
■ ညနေ ၆း၀၀ နာရီ မှ ၇း၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ဖွဲ့နှင့် ထပ်မံ GUIDE လုပ်ပြီး၊ တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
■ ည ၈း၃၀ မှ ၁၀း၃၀ နာရီအထိ စာ အရကျက်ချိန်။
(၃.၅.၁၈)မှ စတင်၍ အရှိန်အဟုန်နှင့် စတင်နေပြီဖြစ်ကြောင်း လက်တွေ့လာရောက် လေ့လာပြီးမှ အပ်နှံပါ။
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
မြေအမှတ် ၂၈(A)+၂၈(B)၊ ဝေဇယန္တာလမ်းမကြီး၊ ဗွဲ့စိုက်အိမ်ရာ၊ (ORANGE SUPER MART ညာဘက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၆၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၁၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final) ကိုယ်တိုင် ကြီးကြပ်သည်။
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ဂုဏ်ထူးဦးသိန်းနိုင်
◆ဆရာ နေအုပ်(စိန်ပေါ်လ်)
◆ဂုဏ်ထူးဦးအောင်ခိုင်
◆ဒေါက်တာညီညီ(Ph.D)
◆ပါမောက္ခ ဒေါက်တာထွန်းခင်
◆ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ဆရာ ဇော်လင်းအောင်
◆ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆စိုင်းစိန်မြင့်အောင်
ရှေ့ပင်နားမှ ရှေ့ကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
ဇွန် (၁)ရက်နေ့ တန်းခွဲသစ် တစ်ခွဲ ထပ်ဖွင့်မည်။

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
၂၀၁၈ ခုနှစ်၊ မေ ၉ ရက်၊ ဗုဒ္ဓဟူးနေ့



# ဖွံ့ဖြိုးမှုအနာဂတ် တောက်ပလာမယ့် မြို့ပြရန်ကုန်

● ဝေယံဦး




**လာမယ့်ဆယ်စုနှစ် နှစ်စုအတွင်းမှာ လူဦးရေ ၁၀ သန်းကျော် ရှိလာတော့မယ့် ရန်ကုန်မြို့ဟာ လူနေသိပ်သည်းမှု များပြားလာမှာဖြစ်လို့ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံက ကြိုတင်ပြင်ဆင်ပြီး စီမံကိန်းတွေ ရေးဆွဲထားပြီဖြစ်တယ်လို့ ဆိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ရရှိဖို့အတွက် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်တွေကတော့ ကျယ်ကျယ်ပြန့်ပြန့် ရှိနေတာတော့ အမှန်ပါပဲ။**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းတွေ၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေး စီမံကိန်းတွေ၊ စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းတွေ ပါဝင်တဲ့ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာ(၂၀၁၈-၂၀၂၁)ကို မေ ၃ ရက်က ပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးမှာ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က တင်ပြခဲ့ပါတယ်။

ဒီလို စီမံကိန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ ရင်းနှီးမြှုပ်နှံမှု အတတ်ပညာနဲ့ ခေတ်မီနည်းပညာတွေ အသုံးပြုနိုင်မှုအပြင် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်အောင် စီမံကိန်းတစ်ခုတိုင်း တစ်ခုတိုင်းကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက် သွားဖို့ တော့ လိုအပ်နေပါတယ်။ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းတွေကို အဲဒီလို စနစ်တကျ အကောင်အထည်ဖော်နိုင်မယ်ဆိုရင်တော့ ပြည်သူတွေအတွက် အကျိုးကျေးဇူးတွေ ရရှိစေမှာ ဖြစ်ပါတယ်။

**မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းတွေကို ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုနဲ့ စနစ်တကျ အကောင်အထည်ဖော်နိုင်ခဲ့မယ် ဆိုရင်တော့ ရန်ကုန်မြို့မှာ အိမ်ရာမလုံလောက်မှု၊ မြို့ပြဆင်းရဲနွမ်းပါးမှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ မြို့ပြအခြေခံအဆောက်အအုံ လျော့နည်းပြတ်လပ်မှုတွေကို ဖြေရှင်းပေးနိုင်**

## မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း

ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးကို မဖြစ်မနေ အကောင်အထည်ဖော်ရမှာဖြစ်ပြီး မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး ပင်မစီမံကိန်းပုံစံ (Greater Yangon 2040 Master Plan) နဲ့အညီ ဆောင်ရွက်မှာဖြစ်တာကြောင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွေကို ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုနဲ့ စနစ်တကျ အကောင်အထည်ဖော်နိုင်ခဲ့မယ်ဆိုရင်တော့ ရန်ကုန်မြို့မှာ အိမ်ရာမလုံလောက်မှု၊ မြို့ပြဆင်းရဲနွမ်းပါးမှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ မြို့ပြအခြေခံ အဆောက်အအုံ လျော့နည်းပြတ်လပ်မှုတွေကို ဖြေရှင်းပေးနိုင်မယ်လို့ ဆိုပါတယ်။

ဒီလို ဆောင်ရွက်တဲ့အခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေ၊ လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ၊ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်တွေပါဝင်တဲ့ ကောင်းမွန်တဲ့ မြို့ပြပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်နိုင်မှာဖြစ်တယ်လို့ ဝန်ကြီး ဒေါ်နီလာကျော်က ပြောထားပါတယ်။ အချိန်ယူပြီး ဆောင်ရွက်ရမယ့် စီမံကိန်းလုပ်ငန်းတွေဖြစ်ပေမယ့် ရေရှည်မှာ ပြည်သူတွေ ခံစားရမှုများပြားတဲ့အနေအထားတစ်ရပ်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆိုပြုထားတဲ့ သယ်ယူပို့ဆောင်ရေး စီမံကိန်းမှာ လှိုင်သာယာမြို့နယ် နွေပင်လယ်ကုန်းတွင်းဆိပ်ကမ်းနဲ့ ကုန်သေတ္တာလွင်ပြင် အကောင်အထည်ဖော်ရေး၊ မင်္ဂလာဒုံမြို့နယ်မှာ ဆောင်ရွက်မယ့် စမ်းကြီးဝပို့ဆောင်ရေးဗဟိုဆောင်ရွက်ရေး စီမံကိန်းတွေ ပါဝင်နေပါတယ်။ ဒီစီမံကိန်းတွေဟာ ရန်ကုန်မြို့ရဲ့သယ်ယူပို့ဆောင်ရေး အသွင်အပြင်ကို ထိရောက်တဲ့ ပြောင်းလဲဖြစ်ထွန်းမှု ထွက်ပေါ် လာနိုင်တယ်လို့ သုံးသပ်နေကြပါတယ်။

## တည်ဆောက်ပြီးသား အိမ်ရာတွေကို ပြန်လည်ပြုပြင်

နောက်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းတွေ အဖြစ် နိုင်ငံ့ဝန်ထမ်းနဲ့ ပြည်သူတွေအတွက် တန်ဖိုးနည်းအိမ်ရာတွေ၊ တန်ဖိုးသင့် အရောင်းအိမ်ရာစီမံကိန်းတွေ၊ အငှားအိမ်ရာနဲ့ ကြို့ကုန်း၊ ရန်ကင်း၊ ဝေဠုဝန်အိမ်ရာ ပြန်လည် ဖွံ့ဖြိုးရေးစီမံကိန်းတွေကိုလည်း ဆောင်ရွက်ဖို့ အစီအစဉ်တွေ ရှိနေပါတယ်။ အိမ်ရာစီမံကိန်းအသစ်တွေကို တည်ဆောက်ဖို့ ရှိနေသလို ကာလအတန်ကြာရှိနေပြီ ဖြစ်တဲ့ တည်ဆောက်ပြီးသား အိမ်ရာတွေကိုလည်း ပြန်လည်ပြုပြင်ဖို့ လိုအပ်နေတာမို့ စီမံကိန်းထဲမှာ ထည့်သွင်းထားတာ ဖြစ်ပါတယ်။



စက်မှုဖွံ့ဖြိုးရေးစီမံကိန်းတွေအဖြစ် ရန်ကုန်တိုင်းဒေသကြီးမှာ Smart & Eco City စီမံကိန်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း ခေတ်မီစက်မှုဇုန်စီမံကိန်းတွေနဲ့ စီးပွားရေး အဆောက်အအုံဖွံ့ဖြိုးမှု စီမံကိန်းတွေအနေနဲ့ မရမ်းကုန်းဗီလာ အဆင့်မြင့်

*အချပ်ပို (ဃ) သို့*

# အင်းလျားကန်ကြီးကို ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့

တင်ဝင်းလေး(ကြည့်မြင်တိုင်)



**တက္ကသိုလ်ကျောင်းသူတစ်ဦး ... လှပုံထူးသမျှ တွေ့ရဖူးသည်မှာ ... ကြည်စွာဘဝင်နှလုံး ရွှင်ပြုံးမိတာ ... ယနေ့တာတိုင် ... မေ့ပါနိုင်ခဲ အသက်သက်စိတ်ထဲမှာ ... မျှော်ကာတွေး ... ငေးမိအခါခါ ...**

**အင်းလျားကန်အပါး ... လျှောက်ကာသွားလို့ အနားယူသော တစ်နေ့မှာ ...၊ ယဉ်စွာ ယဉ်စွာ ဆင်ကာထုံးဖွဲ့ပြုံးနဲ့လဲ ချစ်စရာ ပွင့်သစ်လာသည့်ပန်း ... လန်းတဲ့ ပုံပမာ တက္ကသိုလ်ကျောင်းသူတစ်ဦး ... ချစ်ကြည်နူးစရာ လှပကြော့ယဉ်စွာ...။**

ယခုတလော ဘာရယ်မဟုတ် ဘဘ ဘိုကလေးတင့်အောင် ရေးသားပြီး အဆိုတော်ကြီး (ဦး)မင်းနောင် သီဆိုခဲ့သည့် "တက္ကသိုလ်ကျောင်းသူတစ်ဦး" သီချင်းကို မကြာခဏဆိုသလို ညည်းတွားနေမိသည်။ တက္ကသိုလ်နှင့် အင်းလျားကန်၏ အတိတ်က အရိပ်တို့ကိုပါ ပြန်လည်မြင်ယောင်၍ ကြည်နူးစိတ်များဖြစ်ခဲ့သည်။

သို့သော် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့က ကျင်းပသည့် အစည်းအဝေးတွင် လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးက "အင်းလျားကန်ကြီးကို စနစ်တကျထိန်းသိမ်းဆောင်ရွက်ပြီး ရန်ကုန်မြို့တွင်း ပြည်သူများသာမက နိုင်ငံတကာခရီးသွားများပါ အပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိလိုကြောင်း" မေးမြန်းမှုနှင့် မေ ၅ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး၌ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက အင်းလျားကန်ပေါင် (မြန်မာပလာဇာ)ရှေ့တွင် ကြွက်တွင်းများရာချီ၍ ဖြစ်ပေါ်ခြင်းကို မည်သို့တားဆီးမည်နှင့် ကန်ပေါင်ဝန်းကျင်တွင် အစားအသောက်များ စည်းကမ်းမဲ့ရောင်းချခြင်းများကို တားမြစ်ရန် အစီအစဉ် ရှိ မရှိ မေးမြန်းမှုတို့ကို ကြားသိလိုက်ရသည်။

## ချစ်သက်သေပုံပြင် များစွာရှိ

ရန်ကုန်မြို့တွင် အထင်ကရရှိပြီး ကျယ်ဝန်း၍ သာယာလှပသော ကန်ကြီးနှစ်ကန်ရှိသည်။ ကန်တော်ကြီးနှင့် အင်းလျားကန်ကြီးတို့ ဖြစ်သည်။ ထိုနှစ်ကန်အနက် သမိုင်းကြောင်းများစွာနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့၏ ချစ်သက်သေပုံပြင်များစွာ ရှိနေသော ကန်ကြီးမှာ အင်းလျားကန်ကြီးသာဖြစ်သည်။

တက္ကသိုလ်များ စည်ကားစဉ်က ယခုမျှလောက်ပင် ထိန်းသိမ်းပြုပြင်ရခြင်းများ မရှိခဲ့သေးပေ။ မြေလမ်းလေးများပေါ်တွင် လျှောက်ခဲ့ကြရသည်။ စားသောက်ဆိုင်များ ယခုလောက်အများကြီးမရှိခဲ့ပေ။ ကန်ဘေးမှ အကြော်ဆိုင်လေးကသာ ကျောင်းသား ကျောင်းသူတို့၏ ဝိုင်းဖွဲ့ဆုံစည်းရာ နေရာလေးတစ်ခု ဖြစ်ခဲ့သည်။

ယခုတော့ ထိုသို့မဟုတ်ပြီ။ စိမ်းလန်းစိုပြည်သော အပင်များ၊ ရောင်စုံပွင့်နေသော ပန်းများကြောင့် လှပ၍ အများ သူငါ အပန်းဖြေအနားယူစရာကောင်းသည့် နေရာလေးတစ်ခု အဖြစ် ထင်လင်းစွာ ရှိလာခဲ့သည်။ နံနက်မိုးလင်းသည်မှပင် ညချမ်းအချိန်အခါအထိ လာရောက်အပန်းဖြေသူတို့ဖြင့် နေ့ည စည်ကားနေသကဲ့သို့ အကြော်ဆိုင်လေးတစ်ဆိုင်မျှလောက် မဟုတ်တော့ပေ။ အင်းလျားလမ်းဘက်အခြမ်းတွင် စားသောက်ဆိုင်တန်းများက အစီအရီရှိလာကြပြီဖြစ်သည်။

## အင်းလျားကန်သာယာလှပရေး

အထက်ကဆိုသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းမှုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားခဲ့သည့် ဖြေကြားမှုတွင် ရန်ကုန်မြို့တွင် ပြည်သူများသာမက နိုင်ငံတကာ ခရီးသွားများပါ အပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ လုပ်ဆောင်နေသည့် အပိုင်းတွင် အင်းလျားကန်သာယာလှပရေးအတွက် ဒိုက်ဆယ်စက်ဖြင့် ကန်အတွင်း အမှိုက်များကို ဆယ်ယူရှင်းလင်းရကြောင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ လျော့နည်းစေရန်လိုပါကြောင်း၊ နုန်းများကိုလည်း နုန်းစုပ်စက်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် ရေမြင့်တက်လာပါက ရေလွှဲပေါက်များထားရှိကြောင်း၊ ကုက္ကိုင်းရေဝင်ပေါက်နှင့် အင်းလျားမြိုင်ရေဝင်ပေါက်တို့တွင် နုန်းများဆယ်ယူကာ ကန်ရေအား ပိုမိုသိုလှောင်နိုင်ရန် ရေလွှဲ များကို ၄၇ ပေမှ ၄၈ ပေအထိ တိုးမြှင့်ထားပြီး ရေထိန်းတံခါး ၁၂ ပေါက် တပ်ဆင်ထားကြောင်း ဆိုခဲ့သည်။

ပြည်လမ်းဘက် ကန်ပေါင်ကို ကြံ့ခိုင်စေရေး၊ ကန်သာယာသန့်ရှင်းစေရေးအတွက် ကွန်ကရစ်အုတ်ပေါင်တန်းအရှည် ၂၃၅၀ ကိုလည်း ကာရံခဲ့ပြီး ၂၀၁၅ ခုနှစ်က အင်းလျားမြိုင်နှင့် ကုက္ကိုင်းရေဝင်ပေါက်တို့တွင် နုန်းစစ်ကန်နှင့် ရေဆိုးတားတမံ အရှည်ပေ ၁၇၀ ကို တည်ဆောက်ပြီးခဲ့သည်ဟု သိရသည်။

## အင်းလျားရေပြင် အရည်အသွေးကောင်းစေရန်

၂၀၁၇ ခုနှစ်တွင် ပြည်လမ်းဘက်ကန်ပေါင်အား ပိုမိုကြံ့ခိုင်နိုင်စေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပညာရှင်များဖြင့် စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ အင်းလျားရေပြင် အရည်အသွေးကောင်းစေရန်အတွက် ကန်ပတ်ဝန်းကျင်တွင် ရှိနေသော ရေဆိုး၊ စွန့်ပစ်ထိပ် ငါးပေပတ်လည်ကို သဲဖို့ခြင်း၊ ရေစစ်ယူခြင်း၊ ကန်ပေါင်ရှိ စားသောက်ဆိုင်များမှ စွန့်ထုတ်ရေဆိုးများကိုလည်း သန့်စင်ရေအဖြစ် ပြောင်းလဲစေခဲ့ပြီး ဘွဲ့နှင်းသဘင်အနောက်ဘက် အင်းလျားလမ်း မြောင်းမကြီးဆီသို့ စွန့်ထုတ်မှုများ ပြုစေခဲ့သည်ဟု ဆိုသည်။

- **ကန်ပေါင်လာသူများက စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့် ကြွက်တွင်းပေါက်များစွာကို နေရာအနှံ့တွေ့မြင်နေရ**
- **၂၀၁၆ ခုနှစ် တစ်နှစ်လုံးတွင် ကြွက်ကောင်ရေ သုံးသိန်းကျော် ဖမ်းဆီးရရှိခဲ့သည်ဟု သိရ**

လှေလှော်ရှက်တိုက်အသင်းဘက်အခြမ်း၊ ရေဆိုးစွန့်ထုတ်မှုအပေါက်တွင် ရေမျက်နှာပြင် ၁၀ ပေ အကွာမှ စွန့်ထုတ်စေခြင်း၊ မြကျွန်းသာဘက်ရှိ စားသောက်ဆိုင်တို့မှ ရေဆိုးစွန့်ပစ်ရာတွင်လည်း ဆိုခဲ့သည့်အတိုင်း သန့်စင်စွန့်ထုတ်ခြင်းဖြင့် အင်းလျားကန်၏ ရေအရည်အသွေးသန့်စင်မှုကို ထိန်းသိမ်းလာခဲ့သည်ဟု သိရသည်။

လက်ရှိမြင်ကွင်းနှင့်ပတ်သက်၍ အင်းလျားကန်ပေါင်တာဝန်ခံ ဦးဇော်ဝင်းထွန်းနှင့် တွေ့ဆုံခိုက်တွင် ၎င်းက "ကျွန်တော်တို့ အင်းလျားကန်ကြီးက ပြည်လမ်းဘက်မှာ မြို့နယ်နှစ်မြို့နယ်နဲ့ ဆက်စပ်နေပါတယ်၊ တံတားဖြူကို အလယ်ထားပြီး တစ်ဖက်ခြမ်းက ကမာရွတ်မြို့နယ်အတွင်းမှာ ဖြစ်သလို တစ်ဖက်ခြမ်းက လှိုင်မြို့နယ်အတွင်းမှာပါ" ဟု ဆိုခဲ့သည်။

ကန်ပေါင်မြက်ခင်းပြင်၌ ကြွက်တွင်းများ အများအပြားတွေ့ရှိမှုအပေါ် မေးမြန်းခဲ့ရာ "အဓိကကတော့ လာရောက်အနားယူ တဲ့သူတွေရဲ့စားကြွင်းစားကျန်တွေကို စားသောက်တဲ့ကြွက်တွေရဲ့ ဖျက်ဆီးမှုပါ၊ အဲဒါတွေလည်း နေ့စဉ် သဲ၊ မြေ၊ အုတ်ကျိုးဖို့ခြင်းတွေနဲ့ ဆောင်ရွက်နေပါတယ်၊ နောက် စားသောက်ဆိုင်တွေက အမှိုက်စနစ်တကျ စွန့်ပစ်မှုရှိ မရှိ၊ ရေဆိုးတွေ ကန်ရေပြင်ထဲကို လုံးဝမစွန့်ပစ်ဖို့နဲ့ လက်ရှိသုံးရေများကို ရေဆိုးစွန့်ပစ်ကန်ကတစ်ဆင့် ရေမြောင်းထဲကိုသာ စီးဆင်းစေခဲ့ပါတယ်၊ မိုးရေကိုလည်း ကန်ပေါင်မြောင်းတွေကတစ်ဆင့် တံတားဖြူချောင်းထဲကို စီးဆင်းစေပါတယ်" ဟု ရှင်းပြခဲ့သည်။

## နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်

လာရောက်အပန်းဖြေသူများမှ အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် ပြည်လမ်းဘက်တွင် အမှိုက်ပုံး ၁၀၈ ခု၊ ကမ္ဘာအေးဘက်တွင် အမှိုက်ပုံး ၁၁၁ ခု ထားရှိသော်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများကြောင့် နေ့စဉ်သန့်ရှင်းရေးဝန်ထမ်း ၆၀ ကျော်ဖြင့် နံနက်တိုင်းဆောင်ရွက် လှည်းကျင်းနေရကြောင်း သိရသည်။

ပြည်လမ်းဘက်ခြမ်းကန်ပေါင်မှာ ရှည်လျားပြီး သာယာလှပသကဲ့သို့ အင်းလျားလမ်းဘက်အခြမ်းရှိ ပန်းခြံမှာလည်း ပြုပြင် ထိန်းသိမ်းမှုများဖြင့် သန့်ရှင်းလှပနေပေသည်။ ကန်စပ်တွင် အကာအရံမရှိသော်လည်း အရိပ်အာဝါသ ကောင်းမွန်သည့်အတွက် ကမ်းစပ်တွင် လာရောက်အပန်းဖြေသူတို့ ရှိနေသည်။

လာရောက်အပန်းဖြေသူများ၏ လုံခြုံရေးအတွက် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ပြည်လမ်းဘက်တွင် CCTV ၃၄ လုံး၊ ကမ္ဘာအေးဘက်အခြမ်းတွင် CCTV ၃၉လုံး ထားရှိသည်။ ကန်ပေါင်ဧရိယာအတွင်း ဖြစ်ပေါ်မှုမှန်သမျှကို မှတ်တမ်းထား ရှိခြင်းဖြစ်သည်။ အင်းလျားကန်၏ ပုံရိပ်များကို ကောင်းသည်ထက် ကောင်းစေရန် ဆောင်ရွက်လျက်ရှိနေသည်။

ကာလအတန်ကြာအထိ ရှိနေသော ကုမ္ပဏီများမှ လာရောက်ပြုလုပ်ပေးထားသည့် ထိုင်ခုံများ (အတွဲခုံများ) ကိုလည်း သွားလာမှုမလွတ်ကင်းသည့်အတွက် ပြန်လည်ဖြုတ်ထားပြီးဖြစ်သည်ကို တွေ့ရသည်။ ရန်ကုန်မြို့တွင်း ပြည်သူများသာမက နိုင်ငံတကာခရီးသွားများပါ စိတ်ချမ်းသာစွာဖြင့် အပန်းဖြေနိုင်ကြစေရန် စီစဉ်ဆောင်ရွက်လျက်ရှိနေသည်။

ပြည်လမ်းဘက်ဆီမှ ကန်ပေါင်နှင့် စားသောက်ဆိုင်များဆီသို့သွားရာ လမ်းကလေးကိုလည်း သစ်ပင်အရိပ်များအောက်မှ သဘာဝအတိုင်း ဖန်တီးထားသည်ကို တွေ့မြင်ရသည်။ ကျောက်တုံးများကို လမ်းဘေးတစ်ချက်စီ၌ သဘာဝအတိုင်း ပုံဖော်၍ အစီအရီ ခင်းထားသည်။

## စည်းကမ်းမဲ့အမှိုက်စွန့်ပစ်

သတ်မှတ်စည်းကမ်းများကို ကန်ပေါင်တစ်ခွင်၌ စိုက်ထူထားသည်။ လာရောက်အပန်းဖြေသူများ လိုက်နာရန် အထူးလိုအပ်လှပေသည်။ အထူးသဖြင့် ကန်ပေါင်လာသူများက စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့် ကြွက်တွင်းပေါက်များစွာကို နေရာအနှံ့တွေ့မြင်နေရသည်။ လှပသော မျက်နှာပြင်ထက်၌ ကျောက်ပေါက်ရာများရှိနေသည့်ပမာ အကျည်းတန် အရုပ်ဆိုးလှပေသည်။ နိုင်ငံခြားဧည့်သည်များ တွေ့မြင်သွားပါက ရှက်ဖွယ်လိလိပင်ဖြစ်သည်။

**အချပ်ပို (၈) သို့**



အင်းလျားကန်ပေါင်ရှိ ကြွက်တွင်းပေါက်များ။

# ဒေသဖွံ့ဖြိုးရေးအတွက် ရန်ကုန်–ဒလ မြစ်ကူးတံတားပြီးစီးပါက မြန်မာပြည်၏ ဂုဏ်ယူဖွယ်တံတားကြီးအဖြစ် သမိုင်းမှတ်တိုင်ကျန်ရစ်စေမည်

**သတင်း-မောင်သင်းပျံ့၊ ဓာတ်ပုံ-ငြိမ်းချမ်း**

ရန်ကုန်မြို့ဘုန်းကြီးလမ်းဆိပ်ကမ်းတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်တင်ဆောင်လာသည့် သင်္ဘောများ ဝင်ရောက်လျက်ရှိရာ ကုန်တင်ကုန်ချ လုပ်သားတို့ဖြင့် စည်ကားလျက်ရှိသည်။ ဒလဆိပ်ကမ်းသို့ ယာဉ်များတင်ဆောင်၍ ပို့ဆောင်နေသော ဇက်ရေယာဉ်မှာ မြစ်ပြင်တွင် တငြိမ့်ငြိမ့်ဖြင့် သွားလာလျက်ရှိသည်။ ရန်ကုန်ဘက်ကမ်းရှိ ဘုန်းကြီးလမ်းနှင့် ဒလဘက်ကမ်းရှိ ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းအတိုင်း မြစ်ကူးတံတားကြီးကို တည်ဆောက်တော့မည်ဖြစ်ရာ အဆိုပါမြစ်ကူးတံတားကြီး ပြီးစီးသွားပါက ရန်ကုန်မြို့တွင်းနှင့် ကြည့်မြင်တိုင် ငါးဈေး၊ ဟင်းသီးဟင်းရွက်ဈေးနှင့် သန်လျင်သို့ သွားလာရာတွင် မြန်ဆန်စွာသွားလာနိုင်ပြီ ဖြစ်သည့်အပြင် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးနှင့် ရေထွက်ကုန်များ၊ ကော့မှူးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ တွံတေး၊ ဒလတို့မှ သား၊ ငါးနှင့် သီးနှံထွက် ကုန်များ ရန်ကုန်မြို့သို့ ကုန်စည်စီးဆင်းမှု မြန်ဆန်စေမည်ဖြစ်သည်။ လှိုင်သာယာ ရန်ကုန်-ပုသိမ် ကားလမ်းမှ ကွေ့ပတ်၍ ရန်ကုန်မြို့သို့အချိန်ပေး၍ သွားလာနေရမှု ကင်းဝေးသွားစေမည်ဖြစ်သည်။ အထူးသဖြင့် ရန်ကုန်တစ်ဖက်ကမ်းရှိ ပြည်သူတို့၏ လူမှုစီးပွားများ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာတော့မည်ကို အဆိုပါမြစ်ကူးတံတားကြီး ပြီးစီးချိန်တွင် တွေ့မြင်ရတော့မည်ဖြစ်သည်။



ဒလမြို့ ကမာကဆစ် သမဝါယမအသင်းကူးတို့ဆိပ်မှ ရန်ကုန်တစ်ဖက်ကမ်း ဘုန်းကြီးလမ်းသို့ မြစ်ကူးတံတားတည်ဆောက်မည့် လမ်းကြောင်း။

ရန်ကုန်ဆိပ်ကမ်း၏ တစ်ဖက်ကမ်းတွင်ရှိသော ဆန်စပါးနှင့် ရေချို၊ ရေငန်၊ ရေထွက်ပစ္စည်း အများဆုံး ထွက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးနှင့် တိုက်ရိုက် ကူးလူးဆက်သွယ်နိုင်တော့မည့် ရန်ကုန်-ဒလ မြစ်ကူးတံတားကြီးကို ပြည်သူ့အစိုးရ လက်ထက်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာပြည်၏ သမိုင်းဝင်ပုံရိပ် တစ်ခု အဖြစ် ကျန်ရစ်တော့မည်ဖြစ်သည်။

မြစ်ကူးတံတားကြီးကို ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မကြာမီ တည်ဆောက်ရေးကဏ္ဍကို ဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်သည်။ ထိုသို့ တည်ဆောက်ရန် ကန်ထရိုက်တာကို စိစစ်ရွေးချယ်လျက်ရှိပြီး ထိုလုပ်ငန်းပြီးစီးပါက တည်ဆောက်ရေးလုပ်ငန်းကို စတင်နိုင်ပြီဖြစ်သည်။ အဆိုပါမြစ်ကူးတံတား တည်ဆောက်မှုနှင့် ပတ်သက်၍ တံတားဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဤသို့ပြော ကြားသည်။

### အသေးစိတ်ညှိနှိုင်းဆောင်ရွက်

"ကျွန်တော်တို့ အခုကန်ထရိုက်တာ ရွေးချယ်ရေးကို ဆောင်ရွက်နေပါတယ်၊ ကိုရီးယားက တည်ဆောက်မယ့် ကန်ထရိုက်တာကို ရွေးချယ်ဆဲပါ၊ အမြန်ဆုံး တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နဲ့ ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါတယ်၊ ကျွန်တော်တို့ကို ချေးငွေချေးတဲ့ ကိုရီးယား EDCF အဖွဲ့နဲ့ နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်းနဲ့အညီ တည်ဆောက်မယ့် ကန်ထရိုက်တာကို ကျွန်တော်တို့က ရွေးချယ်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်၊ လုပ်ငန်းအတွက် စက်ပစ္စည်းတွေ သယ်ယူထားရှိဖို့ တစ်လ၊ နှစ်လ အချိန်ယူရမှာပါ၊ တစ်ဖက်ကလည်း အသေးစိတ်ညှိနှိုင်းဆောင်ရွက်တာ လုပ်မှာဖြစ်တဲ့ အတွက် မြန်ဆန်စွာဆောင်ရွက်သွားမှာပါ။

### တိုင်းဒေသကြီးနှစ်ခုရဲ့ ကုန်စည်စီးဆင်းမှု

"တံတားရဲ့ စုစုပေါင်း အရှည်က ၆၁၄၄ ပေ ရှိပါတယ်၊ ချဉ်းကပ်တံတားအပါပေါ့၊ ယာဉ်တစ်စီးချင်းစီ ၇၅ တန်သွားနိုင်ပြီးတော့ လေးလမ်းသွား တံတားပါ၊ တစ်ဖက်ကို နှစ်လမ်းသွားစီ ဆောင်ရွက်ထားပါတယ်၊ လက်ရှိ တည်ဆောက်ရေးအပိုင်းမှာတော့ အခက်အခဲမရှိပါဘူး၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ မြန်မာ့စက်မှုဆိပ်ကမ်း(MIP)နဲ့လည်း ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါတယ်၊ ကိုရီးယား ဆောက်လုပ်ရေးက ဆောက်မှာပါ၊ တံတားကြီးရဲ့ အကျိုးကျေးဇူးက ဒလမြို့တင် မဟုတ်ပါဘူး၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းကနေ လက်ခုပ်ကုန်းထိ၊ ပြီးတော့ ဧရာဝတီတိုင်းဒေသကြီးရဲ့ နောက်ထပ်ထွက်ပေါက်တံခါးတစ်ခုလည်း ဖြစ်လာမှာပါ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနဲ့ စီးပွားရေး ပါမကျန် တိုးတက်လာမယ့်အပြင် တိုင်းဒေသကြီး နှစ်ခုရဲ့ ကုန်စည်စီးဆင်းမှုလည်း မြန်သွားမှာပါ၊ ဒီတံတားကြီးဟာ ရန်ကုန်မြို့ရဲ့ အလှတစ်ပါး အဖြစ် တွေ့မြင်ရမှာပါ၊ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့နည်းပညာတွေနဲ့ တည်ဆောက်သွားမှာပါ၊ တည်ဆောက်မှုကာလကို ၃၉ လ မှန်းထားပေမယ့် နည်းနည်းနောက်ကျသွားတော့ အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားကြမှာပါ"ဟု ပြောကြားသည်။

ရန်ကုန်တစ်ဖက်ကမ်း ဒလဘက်ကမ်းရှိ ကမ်းနားလမ်းတွင် သဲ၊ ကျောက်လုပ်ငန်း၊ ဈေးဆိုင်များ၊ ဝပ်ရှော့၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် သမ္ဗန်ဆိပ်များဖြင့် မြစ်ဘက်ခြမ်း ကျူးကျော်မြေနေရာတွင် ပြည့်လျက်ရှိပြီး တံတားတည်ဆောက်မှုအပိုင်းတွင် ပါဝင်သော ဂရန်အိမ်ရာများနှင့် ကျူးကျော်တဲများကိုလည်း ကရုဏာကြေးများပေးထားပြီးဖြစ်၍ ဖယ်ရှားပေးပြီးဖြစ်ရာ တံတားတည်ဆောက်မည့် ဗိုလ်မင်းရောင် လမ်းဝဲ၊ ယာကို ရှင်းလင်းဆောင်ရွက်ထားပြီ ဖြစ်သည်။ စာသင်ကျောင်းနှင့် ကမာကဆစ်ဈေးရှေ့လမ်းဖြစ်၍ နာရီစင်နှင့် တစ်တန်းတည်းဖြစ်သောကြောင့် မြစ်ကူးတံတားကြီး အဆင်းလမ်းပေါ်မှ ဒလနာရီစင်ကြီးကို လှပခံ့ညားစွာ တွေ့မြင်ရမည်ဖြစ်သည်။ ထိုလမ်းမှ ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်လက်သွားလာနိုင်မည်ဖြစ်သည်။ ဒလဘက်ကမ်းရှိ ကမာကဆစ် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်ကလည်း မြစ်ကူးတံတားကြီး တည်ဆောက်မှုနှင့် ပတ်သက်၍ ဤသို့ ပြောကြားသည်။

"တံတားတည်ဆောက်ရေးမှာ ဆောက်လုပ်ရေးဝင်းယူတဲ့အခါမှာ တရားဝင်မြေကွက်မှာနေတဲ့ အိမ်တွေလည်း ပါသွားတယ်၊ ဖယ်ပေး ဖျက်ပေးရတယ်၊ တည်ဆောက်မယ့် တံတားနေရာ ဗိုလ်မင်းရောင်လမ်းမကြီး ဝဲယာနှစ်ဖက် ပေ ၁၃၀ ယူတယ်၊ ပေ ၃၀က တစ်ဖက် ၁၅ ပေစီကို ဆောက်လုပ်ရေးကာလအတွက် ခုနစ်ပေကိုဝယ်ပြီးတော့ ရှစ်ပေကို ငှားတယ်၊ ကျသင့်ငွေကိုလည်း ပေးချေတယ်၊ ပေ ၁၀၀ မှာရှိတဲ့ အိမ်တွေအတွက်လည်း လက်ရှိ ပေါက်ဈေးအတိုင်း ပေးချေတယ်၊ မြစ်ဘေးက ပတ်လမ်းကြီးရဲ့ အတွင်းပိုင်းက ရပ်ကွက်က စီမံခွင့်ရှိတဲ့ မြေ၊ အပြင်ဘက်မြစ်ဘက်ခြမ်းတဲတွေ အဆောက်အအုံတွေက လုပ်ငန်းငှားရမ်းခွင့် အနည်းငယ်နဲ့ ကျူးကျော်တဲတွေ များတယ်၊ သူတို့ကိုလည်း ကရုဏာကြေး ကာလပေါက်ဈေးအတိုင်း ပေးပြီးသားပါ၊ ဂရန်မြေကွက် ၆၈ ကွက်မှာ တစ်အိမ်ပဲညှိနှိုင်းလျက်ရှိပါတယ်၊ ကျူးတဲပေါင်း ၁၂၀ကျော်ထဲမှာ သမ္ဗန်ဆိပ် (ကမာကဆစ် ကူးတို့ဆိပ်၊ ငြိမ်းချမ်းရေးကူးတို့ဆိပ်)၊ ဈေးဆိုင်၊ သဲ၊ ကျောက်လုပ်ငန်းတွေကို မတ် ၂၃ ရက်မှာ ကရုဏာကြေးထုတ်ပေးတယ်၊ မတ် ၃၀ ရက်မှာ ဖျက်သိမ်းပေးဖို့ လက်မှတ်ထိုးတယ်၊ တံတားဆောက်လုပ်ရေးကလည်း လုပ်ငန်းအစီအစဉ် မချသေးတော့ အားလုံးပုံမှန်အတိုင်းပါပဲ။ **အချပ်ပို (ဃ) သို့**

**အချပ်ပို (ခ) မှ**

အင်းလျားကန်ပေါင်မှ မြေကြွက်များကို မြို့တော်စည်ပင်၊ တိရစ္ဆာန်နှင့် သားသတ်ရုံဌာန အကူအညီဖြင့် အပတ်စဉ် ရှင်းလင်းဆောင်ရွက်လျက်ရှိနေသည်ဟု ကန်ပေါင်တာဝန်ခံ ဦးဇော်ဝင်းထွန်းက ဆိုထားသည်။

ရှင်းလင်းရာတွင် ထိုဌာနမှ ဝန်ထမ်းများက ကြွက်ကြွက်ချင်းမျှား၍ လောက်လေးခွဖြင့် ပစ်ခတ်ဖမ်းဆီးခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် တစ်နှစ်လုံးတွင် ကြွက်ကောင်ရေ သုံးသိန်းကျော် ဖမ်းဆီးရရှိခဲ့သည်ဟု သိရသည်။ ၂၀၁၇ ခုနှစ်၌ ယခုထက်ပိုမိုသည်ဟု သိရ သည်။

အင်းလျားကန်ကြီးမှာ ပြည်လမ်းဘက်အခြမ်းတွင် အလျားပေ ၁၈၀၀ ကျော်ရှိပြီး ကန်အတွင်း၌ ရေဂါလန် သန်း ၄၀၀၀ ကျော် စုစည်းထားနိုင်သည်ဟု ပညာရှင်တစ်ဦး၏ ပြောပြမှုအရ သိရသည်။ ပြည်လမ်းကန်ပေါင်ကို မေးတင်ထားပြီး လမ်း၏ အထက်အမြင့်ပေ ၂၀ တွင် တည်ရှိနေသည်။ "အကယ်၍သာ" မြေကြွက်များရန်ကြောင့် ကန်ပေါင်ကြံ့ခိုင်မှု အားနည်းလာပြီး ကန်ရေယိုစိမ့်မှုဖြစ်ပေါ်လာပါက စိုးရိမ်စရာဖြစ်ကြောင်း ဆရာမောင်မြတ်မွန်(ဆူးလေ)က ဆိုခဲ့ဖူးသည်။

သို့အတွက် ခေတ်အဆက်ဆက် သမိုင်းဝင် သမိုင်းတင်နိုင်ခဲ့သော ရန်ကုန်မြို့ပြ၏ ပသာဒအလှအပတစ်ခုဖြစ်သည့် အင်းလျားကန်ကြီးအား သားစဉ်မြေးဆက် ရည်ရှည်တည်တံ့နိုင်ရေးအတွက် လာရောက်အပန်းဖြေသူအပေါင်းက အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းဖြင့် ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



အင်းလျားလမ်းဘက်ခြမ်းမှ အင်းလျားကန်ကို တွေ့ရစဉ်။

# တစ်ပတ်အတွင်း အရောင်းသွက်လာတဲ့ရန်ကုန်ကားဈေးကွက်

● မင်းသော်

သက်ကြန်ပြီးကာလ ပထမဆုံးအနေဖြင့် ယခုသီတင်းပတ်သည် အရောင်းအဝယ် အားကောင်းလာသည့် အခြေအနေကို မြင်တွေ့ရသည်။ ကားဈေးကွက်အတွင်း ကားရောင်းချလိုသူနှင့် ဝယ်ယူသူများဖြင့် စည်ကားနေပြီး အများစုမှာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"အခုလို ကျောင်းဖွင့်ရာသီ နီးလာရင် အရောင်းအဝယ်ပြန်ဖြစ်လာတတ်တယ်၊ ရန်ကုန်ဝယ်လက်ရော၊ နယ်ဝယ်လက်ရော ဒီကာလမှာ ကားဝယ်လိုအား တက်လာတယ်၊ အရောင်းအဝယ်ဖြစ်နိုင်မယ့်ဈေးအခြေအနေကလည်း ကောင်းတယ်၊ ဈေးတွေကတော့ ပုံမှန်ပါပဲ၊ ဝယ်လိုအားမြင့်လာလို့ ကားဈေးတက်လာတာမျိုးတော့ မရှိပါဘူး၊ အများစုက ကြိုက်ရောင်းကြိုက်ဝယ်နဲ့ အဆင်ပြေနေကြတယ်၊ မေလကို စဝင်ကတည်းက အရောင်းအဝယ်တက်လာခဲ့တယ်၊ အခုဆိုရင် တစ်ပတ်ရှိလာပြီ၊ အရောင်းအဝယ်က ဒီအတိုင်းဆက်တိုက် အားကောင်းလာမယ်ဆိုရင် ကားဈေးလည်း နည်းနည်းတော့ တက်လာမလားစောင့်ကြည့်ရဖို့ ရှိပါတယ်၊ အဓိကကတော့ အင်ဂျင်ပါဝါ ၁၃၀၀စီစီ ကားလေးတွေပေါ့၊ အရောင်းဖြစ်တဲ့နေရာမှာ ရန်ကုန်လိုင်စင်ကလည်း လတ်တလောမှာ ထုတ်ပေးဖို့က ငြိမ်နေသေးတဲ့အတွက် စတီကားတွေထက် နံပါတ်ထွက်ပြီး ကားလေးတွေလည်း အရောင်းဖြစ်နေတာကိုတွေ့ရတယ်" ဟု ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

သို့သော် ၁၃၀၀ စီစီများသာ အလုပ်ဖြစ်နေကြသည့်အတွက် ကားဈေးကွက်တစ်ခုလုံး ပြန်လည်လှုပ်ရှားရန် အချိန်လိုဦးမည်ဖြစ်သည်။ နယ်ဝယ်လက်များအပါအဝင် ရန်ကုန်ဝယ်လက်များအားလုံးသည် ကားဝယ်ရောင်းလုပ်ငန်းများလုပ်ကိုင်ရာတွင် ရန်ကုန်လိုင်စင်ကားများသာ လက်ရှိဈေးကွက်အတွင်း ဦးဆောင်နေပြီး နယ်လိုင်စင်များ မျက်နှာငယ်နေဆဲအခြေအနေကို မြင်တွေ့ရသည်။

"လိုင်စင်က နယ်လိုင်စင်ဝယ်လည်း ရနေပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ပြန်ရောင်းတဲ့အခါမှာ ရန်ကုန်လိုင်စင်လိုမျိုး လွယ်ကူမှုမရှိပါဘူး၊ နယ်လိုင်စင်သမား ကားပိုင်ရှင်တွေက ပြန်လည်ရောင်းချတဲ့အခါ မျက်နှာငယ်ရတယ်၊ အကြောင်းကတော့ ရန်ကုန်ကသာ ကားဈေးကွက်မှာ အဓိကဦးဆောင်နေတာဖြစ်တဲ့အတွက်ပါ၊ အရောင်းအဝယ် ပြန်လုပ်ချင်ရင် နယ်လိုင်စင်တွေဟာ ကားဈေးမြင့်တက်နေချိန်မှာတောင် မျက်နှာပန်း မလှဘူး"ဟု ကားပွဲစားတစ်ဦးက ပြောပြသည်။




## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Vanguard | 2011 | ရန်ကုန် | 4600cc | အပြင်ဈေး | ၆၅၀ |
| Mark X | 2011 | ရန်ကုန် | 2500cc | အပြင်ဈေး | ၆၂၈ |
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၆၅ |
| Fit | 2011 | နယ် | 1300cc | အပြင်ဈေး | ၂၁၅ |
| Swift | 2011 | နယ် | 1300cc | အပြင်ဈေး | ၁၈၀ |
| Insight Hybrid | 2012 | ရန်ကုန် | 3000cc | အပြင်ဈေး | ၂၇၀ |
| CR-V | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၉၇ |
| Belta | 2011 | နယ် | 1300cc | အပြင်ဈေး | ၂၁၅ |
| Noah | 2009 | ရန်ကုန် | 2000cc | အပြင်ဈေး | ၃၄၀ |
| Civic | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၂၀ |

ထို့ပြင် ရန်ကုန်လိုင်စင်များ ချထားပေးရန် မျှော်လင့်နေကြသူတို့များပြားသဖြင့် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများတွင်တော့ ငြိမ်သက်နေပြီး ယခုကဲ့သို့ လဆန်းရက်များ၌ အခြားလများထက် နည်းပါးနေသည်ကိုလည်း မြင်တွေ့ရသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ လက်ရှိတွင် တစ်ဦးချင်း ကနဦး မှတ်ပုံတင်ရာတွင် နံပါတ်မှာ 6P - 9600 နံပါတ်ကျော်သွားခဲ့သည်ကို သိရှိရသည်။ ယာဉ်နံပါတ်အလှများ ဝယ်ယူသူများလည်း ယခုကာလအတွင်း စံချိန်တင်ရောင်းချပေးလျက်ရှိကြောင်းသိရှိရပြီး လက်ရှိတွင် 7P နံပါတ်အလှများ ရောင်းချလျက်ရှိရာ အမြင့်ဆုံးဈေးနှုန်း ငွေကျပ် ၁၇ သိန်းဖြင့် ရောင်းချထားကြောင်း သိရှိရသည်။

အင်ဂျင်ပါဝါ ၁၃၀၀ စီစီကားများတွင် ထုံးစံအတိုင်း Honda Fit မျိုးကွဲများကသာ ဦးဆောင်လျက်ရှိပြီး ယင်းအတွက် စလစ်ဈေးနှုန်းများလည်း အနည်းငယ်ပြန်လည်လှုပ်ခတ်လာသည်ကိုလည်း မြင်တွေ့ရသည်။ "စလစ်အရောင်းအဝယ်က ရပ်တန့်နေတာ တစ်လကျော်သွားပြီး အရောင်းအဝယ်တန့်သလို ပေါက်ဈေးကလည်း တန့်နေခဲ့တာ၊ ဒါပေမယ့် အခုမေလဆန်းမှာတော့ လေးသိန်းလောက်တက်လာပြီး သက်တမ်း နှစ်နှစ်ဆယ် စလစ်ဈေးနှုန်းက ၁၂၅သိန်းဝန်းကျင်အထိ မြင့်တက်လာခဲ့ပါတယ်၊ ဝယ်သူလည်း အထိုက်အလျောက်ရှိပြီး အရောင်းအဝယ်ပုံမှန်နီးပါးဖြစ်လာတယ်"ဟု ကားပွဲစားတစ်ဦးက ပြောကြားသည်။ ။

---

### ဖွံ့ဖြိုးမှုအနာဂတ် တောက်ပလာမယ့် မြို့ပြ ရန်ကုန်...မှ

စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း၊ ပါရမီအဆင့်မြင့် စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း၊ ပြည်သူ့ဘဝမြှင့်တင်ရေး မြို့သစ်စီမံကိန်းတွေလည်း ပါဝင်နေတာမို့ ရန်ကုန်မြို့ပြကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကနေပြီး တိုးတက်ဖွံ့ဖြိုးလာအောင်၊ နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိလာအောင် ဆောင်ရွက်မယ့် အစီအမံတွေ ဖြစ်ပါတယ်။

အဲဒီစီမံကိန်းတွေကို ဂျပန်၊ တရုတ်၊ စင်ကာပူအပြင် နိုင်ငံတကာစီးပွားရေးကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံဆောင်ရွက်မယ့်အပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေကလည်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဖို့ရှိနေတာမို့ အနာဂတ်ရန်ကုန်မြို့ပြဟာ ဖွံ့ဖြိုးရေးစီမံကိန်းတွေနဲ့အတူ စည်ဝေနေတာတော့ အမှန်ပါပဲ။

ရန်ကုန်တိုင်းဒေသကြီးမှာ ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၈၅၄ ခု ဝင်ရောက်လုပ်ကိုင်နေပြီး အဲဒီလုပ်ငန်းတွေရဲ့ရင်းနှီးမြှုပ်နှံမှု ပမာဏဟာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၇၆ ဘီလီယံခန့်ရှိတယ်လို့ ဆိုပါတယ်။ ရန်ကုန်မြို့ကို အာရှမှာ ရင်းနှီးမြှုပ်နှံမှု အဓိကမြို့အဖြစ် ရောက်ရှိလာအောင် မျှော်မှန်းကြိုးစားမယ်လို့ ဆိုထားတာမို့ ရန်ကုန်ရဲ့အနာဂတ် ဝေဖြာတောက်ပမှုကို စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။ ။

*အချုပ်ပိုဂ (ဂ) မှ*

"ဒလဘက်ကမ်းမှာ ဆိပ်ကမ်းသာယာလှပရေး အစီအစဉ်ရှိတဲ့အတွက် ကျူးကျော်တဲတွေ ကင်းသွားမှာပါ၊ ဒလမှာ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၂၃ အုပ်စုရှိတယ်၊ ကျူးကျော်တဲပေါင်း တစ်သောင်းကျော် ရှိပါတယ်၊ တံတားမြေပြင်လုပ်ငန်းက ၁၅ ပေကီစ္စကို စတင်ဆောင်ရွက်ပြီးတော့ ပေ ၁၀၀ လမ်းရဲ့ ရေမြောင်းအတွက် မြေနိမ့်ပိုင်းကိုမြေဖို့ သဲအုပ်တာတွေလုပ်တယ်၊ တတိယအဆင့်မှာ တံတားတည်ဆောက်မယ့်တစ်လျှောက်ကို အကာအရံတွေ ဆောင်ရွက်တယ်၊ သူတို့အခက်အခဲက ဗိုလ်မင်းရောင်လမ်းမကြီးက အိမ်တွေထဲက အိမ်တစ်လုံးကို ညှိနှိုင်းနေပါတယ်၊ ကမ်းနားဘက်ကျူးတဲသုံးလုံးက ကရုဏာကြေးလက်မခံလို့ နိုင်ငံတော်က စီမံချက်ဆောင်ရွက်နေတာကို နားလည်အောင် ရှင်းပြနေရတယ်၊ ဒီတံတားကြီးပြီးရင် လက်ခုပ်ကုန်းထိ ကား၊ ဆိုင်ကယ်သွားလို့ရပါပြီ၊ နောက်ဆိုရင် တွံတေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲကနေ ဧရာဝတီတိုင်းဒေသကြီးက မြို့တွေကို သွားလို့ရပါပြီ၊ တံတားပြီးရင် ၁၀ မိနစ်နဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ရောက်ပြီ၊ သမ္မန်ဆိပ်ရွှေ့ပြောင်းဖို့ ရေဆင်းတံတား ဆောက်ပေးနေပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်ဘက်ကမ်းမှ ဒလဘက်ကမ်းသို့ ကုန်စည်ပို့ဆောင်သော ယာဉ်များလည်း ဖြတ်သန်းလျက်ရှိရာ ထိုသို့ဖြတ်သန်းရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ဇက်ရေယာဉ် တစ်စင်းဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိ၍ နေ့စဉ်သွားလာနေသော ကုန်သည်တစ်ဦးကလည်း တံတားကြီး တည်ဆောက်မည့်အပေါ် ၎င်း၏အမြင်ကို ဤသို့ ပြောကြားသည်။

#### အချိန်မရွေး သွားလာလို့ရ

"ကျွန်တော်လက်ခုပ်ကုန်းကနေ ကြည့်မြင်တိုင် ငါးဈေးကို ငါးပို့တာ ငါးနှစ်ကျော်ပြီ၊ မနက် ၆ နာရီ ဒလဘက်ကမ်းမှာ ရန်ကုန်ဘက်ကိုသွားဖို့ တန်းစီစောင့်ရတယ်၊ ငါးဈေးအမီရောင်းနိုင်ဖို့ အချိန်ကြည့်ပြီး သွားရတယ်၊ တစ်နာရီကျော်ကြာ ဇက်ရေယာဉ်ကို စောင့်ရတယ်၊ လိုက်ထရပ်ယာဉ်တစ်စီးကို အသွား၊ အပြန် တစ်သောင်းပေးရတယ်၊ ငါးဈေးကအပြန်မှာ ရေခဲပြန်ပြီး တင်လာရတော့ တစ်နာရီကြာ ဇက်စောင့်နေရင် ရေခဲပျော်ကုန်မှာ ဆိုးလို့ အချိန်ကိုကြည့်ပြီး ဝါးတန်းဇက်ဆိပ်ကို လာရတယ်၊ တံတားကြီးပြီးသွားရင်တော့ လက်ခုပ်ကုန်းက အချိန်မရွေး ငါးသယ်လို့ရပြီ၊ စိုးရိမ်စရာမရှိတော့ဘူး၊ အချိန်လည်း ပေးစရာမလိုတော့ဘူး၊ တံတားသာရှိရင် အချိန်မရွေး သွားလာလို့ရပြီ၊ ကျန်းမာရေးကအစ အချိန်မရွေးသွားလို့ရပြီ၊ တံတားမြန်မြန်ဆောက်ပါစေလို့ ဆုတောင်းနေပါတယ်"ဟု ဦးအုန်းသန်းက ဆိုသည်။


ကမာကဆစ်ကမ်းနားမှ တံတားတည်ဆောက်ရာ လမ်းကြောင်း၌ရှိသော ဒလမြို့နာရီစင်ကို တွေ့ရစဉ်။

#### နိုင်ငံတကာအဆင့်မီ တည်ဆောက်တော့မည်

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအခန်းကဏ္ဍမှ ရပ်တည်နေသောကြောင့် အဆိုပါမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့ပြ၏ အလှကို ရေကန်တွင် ကြာပွင့်သည့်ပမာ လှပခံ့ညားစွာ တွေ့မြင်ရမည့်နည်းတူ ဒလ၊ တွံတေးမြို့နယ်၏ ဒေသဖွံ့ဖြိုးမှုမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်သွားမည်မှာ အမှန်ပင်ဖြစ်သည်။ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲမှု တည်ဆောက်ရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသော မြန်မာနိုင်ငံတွင် ရန်ကုန်မြစ်ကူးတံတားကြီးတစ်စင်းကို နိုင်ငံတကာအဆင့်မီ တည်ဆောက်တော့မည်ဖြစ်ရာ အမိနိုင်ငံမှ ဆောက်လုပ်ရေးပညာရှင်မျိုးဆက်သစ်များအတွက်လည်း ပြည်ပနည်းပညာအတွေ့အကြုံများကို လက်တွေ့ကျကျ ရရှိစေမည်ဖြစ်သည်။

#### သမိုင်းဝင်မှတ်တိုင် ကျန်ရစ်စေမည်

ရန်ကုန် - ဒလ မြစ်ကူးတံတားကြီး တည်ဆောက်မှုပြီးစီးပါက မြန်မာပြည်၏ ဆိပ်ကမ်းမြို့ကြီးဖြစ်သော ရန်ကုန်မြို့အတွက် ဂုဏ်ယူဖွယ်တံတားကြီးတစ်စင်းအဖြစ် သမိုင်းဝင်မှတ်တိုင် ကျန်ရစ်စေမည်ဖြစ်ပါကြောင်းနှင့် ပြည်သူတို့ သောင်းသောင်းဖြဖြ ကြိုဆိုလျက်ရှိသော ရန်ကုန်မြစ်ကူးတံတားကြီးတစ်စင်း အမြန်ဆုံးတည်ဆောက်နိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။